# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်တစ်ဖက်ကမ်းသို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၀၇၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေး တန်ဖိုးကြီးသည့် လေယာဉ်၊ ရဟတ်ယာဉ်များ ဝယ်ယူဖြည့်တင်းပေးခဲ့ လေယာဉ်၊ ရဟတ်ယာဉ်များ ခေတ်မီလာသကဲ့သို့ ပျံသန်းမောင်းနှင်မည့် လေသူရဲ၊ လေယာဉ်သား၊ စက်မှုလက်မှုအရာရှိ၊ စစ်သည်များ၏ အရည်အချင်း၊ အရည်အသွေးတိုးတက်လာရန်လို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်များအား လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ တပ်မတော်(လေ)၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်နှင့်တပ်မတော်၏ လေကြောင်းစွမ်းပကား မြင့်မားစေရန်အတွက် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်း ဌာနချုပ်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(လေ)များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❐



ယနေ့ **ဖတ်စရာ**

နိုင်ငံအတွက် ရေထွက်ကုန်အများဆုံးဖြည့်တင်းပေးနေသည့် ဂုဏ်ယူဖွယ်ရာ ရခိုင်ပြည်နယ် — ဆောင်းပါး စာ - ၁၆

နယ်စပ်ဒေသရှိ ကျေးရွာများသို့ ပေးဝေသည့် မေတ္တာရေစင် — ဆောင်းပါး စာ - ၂၀

မြန်မာပို့ကုန်လုပ်ငန်းရှင်များ တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)တွင် မှတ်ပုံတင်နိုင်ရေး အသိပေးနှိုးဆော်ချက် — ပြည်တွင်းသတင်း စာ - ၂၃

# ဆေးလိပ်၊ ကွမ်းယာဖြတ်ကြဖို့ ဆုံးဖြတ်လိုက်ကြစို့

ဆေးလိပ်သောက်ခြင်းက ကျန်းမာရေးအပေါ်ဆိုးရွားစွာ ထိခိုက်စေနိုင်စေကြောင်းကို ဆေးလိပ်သောက်သူအားလုံးလိုလိုက သိကြသည်။ သို့ရာတွင် ချက်ချင်းလက်ငင်း ကျန်းမာရေးထိခိုက်မှုကို မတွေ့ရခြင်းနှင့် ကျန်းမာရေးထိခိုက်သူများကို တွေ့ရသည့်တိုင် ဆေးလိပ်ကြောင့်ဟူ၍ ပေါ်လွင်ထင်ရှားစွာ မတွေ့ရခြင်းတို့ကြောင့် အလေးအနက်မရှိကြ။ တစ်ဖက်တွင်လည်း ဆေးလိပ်ထုတ်လုပ်သည့် လုပ်ငန်းသည် အကျိုးအမြတ်ကြီးမားစွာ ရရှိသည့်လုပ်ငန်းဖြစ်ခြင်းကြောင့် ဈေးကွက်တွင် ဆက်လက်ရပ်တည်နေနိုင်ရေးအတွက် ဆေးလိပ်ကုမ္ပဏီကြီးများက နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းနေခြင်းကြောင့်လည်း ဆေးလိပ်သောက်သူများ အသစ်အသစ်ပေါ်ပေါက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အထိ ၁၅ နှစ်တာကာလအတွင်း ဆေးလိပ် (စီးကရက်) သောက်သုံးမှု ၅ ဆကျော် မြင့်တက်ခဲ့ရာ အိမ်နီးချင်း၊ ဒေသတွင်းနိုင်ငံတို့ထက် မြင့်မားခဲ့သည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေကို ၂၀၀၆ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ရာ ဥပဒေနှင့်အညီ ထိန်းချုပ်နိုင်ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှု ကျဆင်းသွားရမည့်အစား မြင့်တက်လာခြင်းက ဥပဒေမရှင်သန်ခြင်းကို ပြဆိုနေသည်။ ဆိုင်ရာအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်တို့၏ အားနည်းချက် သို့မဟုတ် ဥပဒေ၏ အားနည်းချက် စသည်ဖြင့် ဆန်းစစ်လေ့လာကာ ဥပဒေ၏ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်စေရန်၊ ဥပဒေ ရှင်သန်နေစေရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

ကမ္ဘာ့ချမ်းသာသော နိုင်ငံများတွင်ပင် လူသေဆုံးမှုများ၏ ၁၈ ဒသမ ၅ ရာခိုင်နှုန်းသည် ဆေးလိပ်သောက်ခြင်းနှင့်ဆက်နွယ်၍ သေဆုံးရခြင်းဖြစ်သည်ဟု ဆိုထားရာ ဓနအင်အားနည်းပါး၍ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသည့်နိုင်ငံအဖို့ မည်မျှများပြားနိုင်သည်ကို ခန့်မှန်းကြည့်နိုင်သည်။ ကမ္ဘာပေါ်တွင် ဆေးလိပ်သောက်ခြင်းနှင့် ဆက်နွယ်၍ နှစ်စဉ်လူငါးသန်း သေဆုံးနေကြောင်း၊ မြန်မာနိုင်ငံတွင်မူ တစ်နှစ်လျှင် လူ ၆၄၀၀၀ ဆေးလိပ်ကြောင့် သေဆုံးနေကြောင်း သတင်းများတွင် တွေ့ရှိရာ ဆေးလိပ်သောက်သူ၊ ကွမ်းယာတွင် ဆေးရွက်ကြီး (နှပ်ဆေး)တို့ ထည့်စားသူ၊ ဆေးငုံသူတို့ ဆင်ခြင်ကြဖို့လိုသည်။ ဖခင်၊ မိခင်တို့နှင့် မိသားစုအတွင်း ဆေးလိပ်သောက်ခြင်း၊ ကွမ်းစား ဆေးငုံခြင်း အလေ့အထတို့က သားသမီးတို့ကိုပါ အလိုအလျောက်ကူးစက်သွားစေပြီး လူငယ်များအတွင်း ကျန်းမာရေးနှင့် အပြုအမူဆိုင်ရာ ပြဿနာများဖြစ်ပေါ်လာစေသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသားအရွယ် အသက် ၁၃ နှစ်မှ ၁၇ နှစ်ကြား ဆယ်ကျော်သက်များအတွင်း အာဟာရချို့တဲ့မှု ၁၈ ရာခိုင်နှုန်း၊ အဝလွန်သူ ၁၀ ရာခိုင်နှုန်း၊ သံဓာတ်ချို့တဲ့ သွေးအားနည်းသူ ၅၀ ရာခိုင်နှုန်းရှိနေပြီး ဆေးလိပ်၊ ကွမ်းအပြင် အရက်သုံးစွဲမှုများပါ မြင့်တက်နေခြင်းမှာ သတိပြုစရာဖြစ်သည်။

ဆေးလိပ်၊ ကွမ်းယာနှင့် ဆေးရွက်ကြီးကို တစ်နည်းနည်း သုံးစွဲခြင်းတို့မှာ ယင်းတို့၏ အန္တရာယ်ကို မသိ၍မဟုတ်ဘဲ သိပင်သိလျက် အစွန့်ခံက်နေကြခြင်းဖြစ်သည်။ ဤကဲ့သို့သောသူများကို အသိပညာပေးမှုများ မည်မျှပင်ပြုလုပ်စေကာမူ အောင်မြင်နိုင်မည်မဟုတ်။ တရားဥပဒေနည်းလမ်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ နည်းလမ်းများကို တိတိကျကျကျင့်သုံးပြီး စဉ်ဆက်မပြတ် ထိထိရောက်ရောက် ပြုလုပ်နိုင်မှသာ ဆေးလိပ်၊ ကွမ်းယာ၊ ဆေးရွက်ကြီးသုံးစွဲမှု သိသိသာသာ လျော့ကျလာမှာဖြစ်သည်။ ဥပဒေဖြင့် ထိန်းချုပ်ထားပြီး ပြည်သူများကလည်း လိုက်နာသည့်အတွက် ဆေးလိပ်ကင်းစင်သည့် နိုင်ငံများ ကမ္ဘာပေါ်တွင်ရှိနေသည်ကို သတိပြုကြရမှာဖြစ်သည်။

ဆေးလိပ်၊ ကွမ်းယာကို စွဲမြဲစွာ စားသုံးခြင်းကြောင့် ကနဦးထိခိုက်သူမှာ ကာယကံရှင်ကိုယ်တိုင်ဖြစ်သည်။ နှလုံးသွေးကြောကျဉ်း၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်း၊ ခံတွင်းနှင့် လည်ချောင်းဆိုင်ရာ ရောဂါများ ကင်ဆာအမျိုးမျိုး စသည်ဖြင့် ကြောက်မက်ဖွယ်ရောဂါများသည် ဆေးလိပ်၊ ကွမ်းယာတို့ကို အကြောင်းပြု၍ ခံစားရသောရောဂါများဖြစ်ကြောင်းကို ဆေးရုံများတွင် သွားကြည့်၍ သံဝေဂယူသင့်ကြသည်။ အိမ်တွင် ဆေးလိပ်သောက်သူတစ်ဦးရှိပါက ကာယကံရှင်အပြင် ဘေးလူများကိုပါ ထိခိုက်စေသည်။ ကျန်းမာရေးအပြင် မလိုလားအပ်သော အသုံးစရိတ်ကို သုံးစွဲရခြင်းကလည်း မိသားစုအပေါ် ထိခိုက်စေမှုပင်ဖြစ်သည်။ ကောင်းကျိုးမပေးသည့် ဆေးလိပ်နှင့် ကွမ်းယာကို ဖြတ်ရန်မှာ ယခုချက်ချင်း၊ လက်ငင်းနှင့်လက်တွေ့လိုအပ်သည်ဟူ၍ တိုက်တွန်းအပ်ပါကြောင်း။ ။

# အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၃) ကြိမ်မြောက်အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် အကြိမ် (၂၀) မြောက် အထွေထွေညီလာခံကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅

အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့၏ (၃၃)ကြိမ်မြောက် အလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးနှင့် အကြိမ် (၂၀) မြောက် အထွေထွေညီလာခံတို့ကို ယနေ့ နံနက်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ဦးစီး၍ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (ငြိမ်း) ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ လေးဦး တက်ရောက်ကြသည်။ **(အောက်ပုံ)**




(၃၃) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို နံနက် ၈ နာရီတွင် ကျင်းပရာ သဘာပတိအဖြစ် ဗီယက်နမ်နိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ ဒုတိယဥက္ကဋ္ဌ Lieutenant General (Ret) Nguyen Song Phi က ဆောင်ရွက်သည်။ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် အကြိမ် (၂၀) မြောက် အထွေထွေ ညီလာခံသို့တင်သွင်းမည့် အဆိုပြုတင်ပြထားသော ဆုံးဖြတ်ချက် (၁၀) ချက်ကို ပြန်လည် သုံးသပ်ခြင်းနှင့် အတည်ပြု ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အကြိမ် (၂၀) မြောက် အထွေထွေညီလာခံကို မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ သဘာပတိအဖြစ် ဗီယက်နမ်နိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ Senior Lieutenant General (Ret) Nguyen Van Duoc က ဆောင်ရွက်ခဲ့သည်။ ညီလာခံတွင် (၃၃) ကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို အတည်ပြုကာ အလှည့်ကျဥက္ကဋ္ဌ တာဝန်အား ထိုင်းနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ သုံးခု၊ ယာဉ်စီးရေ ၁၃ စီးဖြင့် အောက်ဆီဂျင် (အိုးခွံ) ၅၂၃၈ ခု၊ PPE ဝတ်စုံ ၃၀၀၊ လက်အိတ် ရှစ်တန်နှင့် နှာခေါင်းစည်း (Mask) ၉၅ တန် တို့ကို တင်သွင်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၅-၁၂-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti–inflammatory | | | | |
| 2 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 3 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 4 | Injection– Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 5 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 6 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 7 | Injection Enoxaprim 40 mg | 1 Pre– Filled Syringe | 7000 | Nyi Lay Naing |
| 8 | Injection Enoxaprim 60 mg | 1 Pre– Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 9 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 10 | P.O Dextromethophan | 10X10's | 1450 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330 252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(လေ)၏ ဖွဲ့စည်းတည်ထောင်မှု (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားနှင့် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❐ *ရွှေဖုံးမှ*

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းနှင့် ပတ်သက်၍ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် အမိမြန်မာနိုင်ငံတော်၏ မြေပြင်၊ ရေပြင်၊ ဝေဟင်ပိုင်နက်နှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်တစ်ရပ်ဖြစ်အောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို တည်ဆောက်သွားနိုင်မည်ဖြစ်ကြောင်း။

**အန္တရာယ်များကို တားဆီးကာကွယ်**

မိမိတို့တပ်မတော်သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်ပြီး နိုင်ငံတော်အပေါ်ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပအန္တရာယ်များကို တားဆီးကာကွယ်ရန် အဓိကတာဝန်ရှိသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များသည် ပြည်သူများနှင့် လက်တွဲပြီး အသက်၊ သွေး၊ ချွေးပေါင်းများစွာ ပေးဆပ်၍ ဆောင်ရွက်ခဲ့ကြကြောင်း။

ယနေ့မျက်မှောက်ခေတ်စစ်ပွဲများကို ကြည့်ပါက လေကြောင်းစွမ်းအား၏အရေးပါမှုကို တွေ့ရမည်ဖြစ်ကြောင်း၊ လေကြောင်းနှင့် အာကာသစွမ်းအားသည် ကမ္ဘာပေါ်တွင် မည်သည့်အချိန်အခါ နေရာဒေသမရွေး ပစ်မှတ်ကိုတိုက်ခိုက်နိုင်သည်ကို ခေတ်သစ်စစ်ပွဲများတွင် လက်တွေ့ပြသနိုင်သည့်အတွက် ယနေ့ခေတ်တွင် လေကြောင်းနှင့် အာကာသစွမ်းအားအယူအဆသည် ခိုင်မာလျက်ရှိကြောင်း၊ မြေပြင်၊ ဝေဟင်နှင့် ပင်လယ်ပြင်များတွင် စိုးမိုးနိုင်သလို အာကာသကိုလည်း စိုးမိုးနိုင်ရေး ဆက်လက်ကြိုးစားသွားရမည်ဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်(လေ)အတွက် ဘက်စုံသုံးတိုက်ခိုက်ရေးလေယာဉ်များကို အဆင့်မြှင့်တင်ခြင်းနှင့် ထပ်မံဝယ်ယူ ဖြည့်တင်းခြင်းများ ဆောင်ရွက်ပေးသည့်အပြင် သယ်ယူပို့ဆောင်ရေးလေယာဉ်၊ ရဟတ်ယာဉ်များနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များလည်း ဝယ်ယူဖြည့်တင်းနိုင်ခဲ့သည့်အတွက် မြန်မာ့ဝေဟင်ပိုင်နက်စိုးမိုးရေးကို အဆင့်မြှင့်တင်နိုင်ခဲ့ကြောင်း၊ လေယာဉ်၊ ရဟတ်ယာဉ်များကို အဆင့်မြှင့်တင်သည့်နေရာတွင် စတုတ္ထမျိုးဆက်၊ ပဉ္စမမျိုးဆက်ကဲ့သို့ အဆင့်မြင့်တိုက်လေယာဉ်များအထိ မဟုတ်သော်လည်း ဒုတိယမျိုးဆက်၊ တတိယမျိုးဆက် တိုက်လေယာဉ်အဆင့်မျိုးအထိ ရရှိအောင် အဆင့်မြှင့်တင်ခြင်းများ၊ သုတေသနပြုဆောင်ရွက်ခြင်းများ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်စဉ်။



ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းနှင့် ပတ်သက်၍ နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

❐ **လေကြောင်းနှင့် အာကာသစွမ်းအားသည် ကမ္ဘာပေါ်တွင် မည်သည့်အချိန်အခါ နေရာဒေသမရွေး ပစ်မှတ်ကို တိုက်ခိုက်နိုင်သည်ကို ခေတ်သစ်စစ်ပွဲများတွင် လက်တွေ့ပြသနိုင်သည့်အတွက် ယနေ့ခေတ်တွင် လေကြောင်းနှင့် အာကာသစွမ်းအားအယူအဆသည် ခိုင်မာလျက်ရှိ၊ မြေပြင်၊ ဝေဟင်နှင့်ပင်လယ်ပြင်များတွင် စိုးမိုးနိုင်သလို အာကာသကိုလည်း စိုးမိုးနိုင်ရေး ဆက်လက်ကြိုးစားသွားရမည်**

*စာမျက်နှာ ၃ မှ*

ခေတ်မီတပ်မတော်(လေ)ဖြစ်စေရေး တည်ဆောက်ရာတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ထို့ကြောင့် လေသူရဲများ၊ စက်မှုလက်မှုစစ်သည်များ၏ လေ့ကျင့်ရေးစွမ်းရည် မြင့်မားလာစေရန်အတွက် လေယာဉ်အမျိုးအစားအလိုက် Simulator များ တပ်ဆင်ပေးခြင်း၊ လေ့ကျင့်ရေးကျောင်းများကို အဆင့်မြှင့်တင်ခြင်းနှင့် လေကြောင်းစစ်ဆင်ရေးသင်တန်းကျောင်း ဖွင့်လှစ်ခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

**အချိန်နှင့်တစ်ပြေးညီ ရယူပေးနိုင်**

လေယာဉ်၊ ရဟတ်ယာဉ်များ ပြင်ဆင်ထုတ်လုပ်ရန်အတွက်လည်း လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်တွင် ရဟတ်ယာဉ်များအား အကြီးစားပြင်ဆင်ခြင်းနှင့် တိုက်လေယာဉ်များ အဆင့်မြှင့်တင်နိုင်ရန် လိုအပ်သည့် စက်မှုလက်မှုဆိုင်ရာအဆောက်အဦများ၊ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ အဆောက်အဦများ၊ အလုပ်ရုံများကို တည်ဆောက်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော်(လေ)တွင် လိုအပ်သော မြေပြင်အထောက်အကူပစ္စည်းများဖြစ်သည့် လေကြောင်းလမ်းညွှန်စက်များနှင့် စစ်ဆင်ရေး အထောက်အကူပြု ရေဒါများကို တပ်ဆင်ပေးနိုင်ခဲ့သည့်အတွက် မြန်မာ့ဝေဟင်ကို စောင့်ကြည့်ကာကွယ်နိုင်ခဲ့ကြောင်း၊ ခေတ်မီ မိုးလေဝသရေဒါများကိုလည်း ဝယ်ယူဖြည့်တင်းပေးနိုင်ခဲ့သည့်အတွက် လေကြောင်းမိုးလေဝသဌာနခွဲများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကာ ပျံသန်းရေးအတွက် အရေးကြီးသည့် ရာသီဥတုအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ရယူပေးနိုင်ခဲ့ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်များအား လှည့်လည်ကြည့်ရှုစဉ်။

တပ်မတော်(လေ)အနေဖြင့် စွမ်းရည်မြင့်မားစွာ လှုပ်ရှားစစ်ဆင်နိုင်ပြီး နိုင်ငံတော်၏ ဝေဟင်ပိုင်နက်ကို စိုးမိုးထားနိုင်ရန်အတွက် ခေတ်မီလေယာဉ်၊ ရဟတ်ယာဉ်များ၊ ပျံသန်းစစ်ကစားနိုင်သည့် လေသူရဲများပိုင်ဆိုင်ရုံဖြင့် မပြည့်စုံနိုင်သည်ကို သိရှိထားရမည်ဖြစ်ကြောင်း၊ စက်မှုလက်မှု၊ လေကြောင်းထိန်း၊ ရေဒါနှင့်မိုးလေဝသစသည့် ကဏ္ဍအသီးသီးမှ အရာရှိ၊ စစ်သည်အားလုံး စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်မှသာ စစ်ဆင်ရေးများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် တပ်တွင်းစည်းလုံးညီညွတ်ရေး၏ အင်အားတစ်ရပ်ဖြစ်သည်ကို ပြသနေခြင်းပင်ဖြစ်ကြောင်း။

**အထူးသတိပြုဆောင်ရွက်**

လက်ရှိ မြန်မာနိုင်ငံ၏အခြေအနေကို ပြောရမည်ဆိုပါက နိုင်ငံတည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများသည် စာသင်ကျောင်းများနှင့် အစိုးရပိုင်အဆောက်အဦများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ အပြစ်မဲ့ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများကို အန္တရာယ်ပေးခြင်းများ ဆောင်ရွက်နေသည့်အပြင် တပ်မတော်ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် တပ်မတော်နှင့် ပြည်သူသွေးကွဲစေရန် လူမှုကွန်ရက်များ၊ ပြည်ဖျက်မီဒီယာများမှတစ်ဆင့် မဟုတ်မမှန်သတင်းများနှင့် ဝါဒဖြန့်လျက်ရှိကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအနေနှင့်လည်း လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေမှန်များကို သိရှိအောင်လေ့လာသွားကြရန်နှင့် စစ်သတင်းနှင့်စာရွက်စာတမ်းလုံခြုံရေး၊ စစ်ပစ္စည်းလုံခြုံရေး၊ စစ်မှုထမ်းလုံခြုံရေး၊ စစ်ဆင်မှုနှင့်လေ့ကျင့်ခြင်း လုံခြုံရေးဆိုသည့် လုံ(၄)လုံကို အထူးသတိပြုဆောင်ရွက်ရန်လိုကြောင်း။

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဇီဝိတဒါန ငှက်လွှတ်ကြစဉ်။

*စာမျက်နှာ ၄ မှ*

တပ်တွင်းစည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ရာတွင် တပ်မတော်သားတိုင်း လိုက်နာကျင့်ကြံရမည့် စစ်သည်တော်ကျင့်ဝတ်များကို တိတိကျကျ လိုက်နာကျင့်ကြံကြရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်အသီးသီးတို့သည်လည်း ခေါင်းဆောင်မှုအင်္ဂါရပ်(၁၆)ရပ်ကို သေချာနားလည်အောင်လုပ်ဆောင်ပြီး အဆင့်နှင့်လျော်ညီသည့် ခေါင်းဆောင်မှုပေးနိုင်ပါက တပ်တွင်းစည်းလုံးညီညွတ်မှုကို အမှန်တကယ်ရရှိမည်ဖြစ်ကြောင်း။

**မိမိတို့တတ်စွမ်းသမျှ ကူညီ**

တပ်တွင်းစည်းလုံးညီညွတ်ရေး ရရှိလာပါက တပ်ပြင်စည်းလုံးညီညွတ်ရေးကိုပါ အလွယ်တကူ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်ပြင်စည်းရုံးရေး ဆောင်ရွက်ရာတွင်လည်း စစ်သည်တော်ကျင့်ဝတ်နှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ပြီး ပြည်သူများ၏ အကျိုးစီးပွားကို မိမိတို့တတ်စွမ်းသမျှ ကူညီဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် တပ်တွင်း/တပ်ပြင် စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်တပ်မတော်အပေါ် သစ္စာစောင့်သိပြီး ကောင်းမွန်သည့်စိတ်ရင်းစေတနာထားရှိကာ ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကမ္ဘာတစ်ဝန်းတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ဘက်ပေါင်းစုံမှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူလူထု၊ တပ်မတော်နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး လက်တွဲပြီး ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် စုပေါင်းညီညွတ်စွာဆောင်ရွက်ခဲ့ကြသကဲ့သို့ ကိုဗစ်-၁၉ တတိယလှိုင်းကိုကျော်လွှားနိုင်ခဲ့သော်လည်း အဆိုပါရောဂါ သည် ကမ္ဘာတွင် လုံးဝပျောက်ကင်းသွားရန်မှာ အချိန်ကာလတစ်ခုအထိ ကြာမြင့်မည်ဖြစ်ကြောင်း၊ တပ်မတော်(လေ)အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၊ ကုသဆေးနှင့် အခြားလိုအပ်သည့် ပစ္စည်းများကို ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တိုင်းရင်းသားဒေသများအထိ အချိန်မီရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ခဲ့သည့်အတွက် ကျေးဇူးတင်ကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း။

**ဝယ်ယူဖြည့်တင်းပေးခဲ့ခြင်းဖြစ်**

တပ်မတော်(လေ)ကို ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် တန်ဖိုးကြီးသည့် လေယာဉ်၊ ရဟတ်ယာဉ်များ ဝယ်ယူဖြည့်တင်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ လေယာဉ်၊ ရဟတ်ယာဉ်များ ခေတ်မီလာသကဲ့သို့ပျံသန်းမောင်းနှင်မည့် လေသူရဲ၊ လေယာဉ်သား၊ စက်မှုလက်မှုအရာရှိ၊ စစ်သည်များ၏ အရည်အချင်း၊ အရည်အသွေး တိုးတက်လာရန် လိုအပ်ကြောင်း။

ထို့ကြောင့် **“လေ့ကျင့်မှ ကျွမ်းကျင်”** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပိုမိုကြိုးစားလေ့ကျင့်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိကိုင်တွယ်မောင်းနှင်မည့် လေယာဉ်၊ ရဟတ်ယာဉ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်မည်ဖြစ်ပြီး ပေးအပ်လာသည့် စစ်ဆင်ရေးတာဝန်များကို အောင်မြင်အောင် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ကျွမ်းကျင်မှုအရည်အသွေးကို အမြဲထိန်းသိမ်းနိုင်ရန် လေ့ကျင့်နေရမည်ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်မှုရှိအောင်လည်း အမြဲထိန်းသိမ်းလေ့ကျင့်နေရန် ပြောကြားလိုကြောင်း။

တပ်မတော်(လေ)အနေဖြင့် လေကြောင်းစစ်ဆင်မှုပြုလုပ်ခြင်းများ၊ မြေပြင်၊ ရေပြင်တပ်ဖွဲ့များနှင့် ပူးပေါင်းစစ်ဆင်ရေးဆောင်ရွက်မှုများ၊ လေကြောင်းထောက်ပံ့မှုများ၊ ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့မှုများကြောင့် အောင်မြင်မှုများစွာရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး တပ်မတော်(လေ)အနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ယခုထက်ပိုပြီး ကြိုးစားအားထုတ်သွားရန်မှာကြားလိုကြောင်း။

အနာဂတ်ကာလတွင် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံတပ်မတော်များကို ရင်ပေါင်တန်းနိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်အောင် အရှိန်အဟုန်ဖြင့် ဆက်လက်တည်ဆောက်သွားရမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် တပ်မတော်သည် အဓိကကျကြောင်း၊ နိုင်ငံကိုဖြိုခွဲချင်သူများအနေဖြင့် အတိတ်၊ ပစ္စုပ္ပန်တို့တွင် တပ်မတော်ပြိုကွဲအောင် ကြိုးစားခဲ့၊ ကြိုးစားနေကြဆဲဖြစ်ကြောင်း။ *စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားစဉ်။

## ❑ အနာဂတ်ကာလတွင် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံတပ်မတော်များကို ရင်ပေါင်တန်းနိုင်သည့် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်အောင် အရှိန်အဟုန်ဖြင့် ဆက်လက်တည်ဆောက်သွားရမည်





လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းများ ပြသကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ တပ်မတော်(လေ)မှ တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၅ မှ*

တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့် တပ်ပြင်စည်းရုံးရေးတို့ကို အမြဲတည်ဆောက်နေရမည်ဖြစ်သည့်အပြင် (ကြည်း/ရေ/လေ) တပ်မတော်သားအားလုံးတို့အနေဖြင့် သတိတမံ၊ ဉာဏ်မြေကတုတ်ဖြင့် အမြဲတမ်းလေ့ကျင့်၊ အမြဲတမ်းစစ်ရေးသတိရှိပြီး အမြဲတမ်းတိုက်ပွဲဝင်အသင့်ရှိနေရန် လိုအပ်ကြောင်း၊ တပ်မတော်၏ ကောင်းမြတ်သည့် အစဉ်အလာကောင်းများကို သားစဉ်မြေးဆက် မျိုးဆက်သစ်များက အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ္ဘာတည်သရွေ့ မြန်မာတည်စေရန် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

**တပ်တော်ဝင်အဖြစ် ကြေညာ**

ယင်းနောက် လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူး ဗိုလ်ချုပ် စိုးအောင်က လေယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်က လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

**"8" ပုံသဏ္ဌာန်ပျံသန်း အလေးပြု**

ယင်းနောက် လေယာဉ်၊ ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် ကျွမ်းထိုးသရုပ်ပြပျံသန်းခြင်းများပြသကြရာ ဦးစွာ အချိန်ကိုက်ပျံသန်းအလေးပြုခြင်း အစီအစဉ်အရ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်တစ်စင်းက နိုင်ငံတော်အလံချိတ်ဆွဲပြီး တိုက်ခိုက်ရေးရဟတ်ယာဉ်သုံးစင်းက တပ်မတော်(ကြည်း၊ ရေ၊ လေ)အလံများ အသီးသီး ချိတ်ဆွဲလျက် (Composite Trail Formation) အတန်းလိုက်အုပ်ဖွဲ့ပုံသဏ္ဌာန် အုပ်ဖွဲ့ပျံသန်းခြင်း၊ တပ်မတော်(လေ)မှ သုတေသနပြုထုတ်လုပ်ထားသော MTX-1A အမောင်းသင်လေယာဉ်တစ်စင်းနှင့် အပေါ့စားရဟတ်ယာဉ်နှစ်စင်းတို့က (Composite Arrow Head Formation) မြားဦးပုံသဏ္ဌာန် အုပ်ဖွဲ့ပျံသန်းပြီးနောက် အမောင်းသင်လေယာဉ်မှာ အုပ်ဖွဲ့မှခွဲထွက်၍ (Chandelle Maneuver) ခေါ် လေသူရဲက တိကျပိုင်နိုင်စွာ ထိန်းချုပ်မောင်းနှင်ပြီး အနည်းဆုံး အကွာအဝေးအတွင်း လားရာ၏ ဆန့်ကျင်ဘက် ၁၈၀ ဒီဂရီသို့ကွေ့၍ ပျံတက်ခြင်းနှင့် (Lazy Eight Maneuver) အင်္ဂလိပ်အက္ခရာ "8" ပုံသဏ္ဌာန်ပျံသန်း အလေးပြုသည်။

ဆက်လက်၍ Grob-120 TP အမောင်းသင်လေယာဉ်ငါးစင်းတို့က Arrow Head Formation ဖြင့် အုပ်ဖွဲ့ပျံသန်းပြီးနောက် ရှုရပ်ရှေ့ညီ့သည်တော်များ၏ မျက်နှာချင်းဆိုင်မှ Landing Light များဖွင့်ကာ အုပ်ဖွဲ့ပျံသန်းခြင်း၊ ATR-72 သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းနှင့် Beech-1900D သယ်ယူပို့ဆောင်ရေးလေယာဉ်နှစ်စင်းတို့က (Composite Arrow Formation) မြားဦးပုံသဏ္ဌာန် အုပ်ဖွဲ့ပျံသန်းခြင်းတို့ဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အားပျံသန်းအလေးပြုကြသည်။

**အသင့်ဖြစ်နေမှုကို ပျံသန်းသရုပ်ပြ**

ယင်းနောက် လေ့ကျင့်ရေးဂျက်တိုက်လေယာဉ်ငါးစင်းတို့က နိုင်ငံတော်အလံကိုယ်စားပြုသည့် အဝါရောင်၊ အစိမ်းရောင်၊ အနီရောင်မီးခိုးများ ထုတ်လွှတ်၍ (Arrow Head Formation) မြားဦးပုံသဏ္ဌာန်ပျံသန်းပြီးနောက် ၎င်းတိုက်လေယာဉ် ငါးစင်းတို့က ရှုရပ်သို့ ဦးတည်ပျံသန်းပြီး လေယာဉ်သုံးစင်းက Upward Bomb Bust နှင့် လေယာဉ်နှစ်စင်းက Cross Over ပြုလုပ်စွမ်းရည်ပြသခြင်း၊ တိုက်လေယာဉ်သုံးစင်းတို့က (Arrow Head Formation) မြားဦးပုံသဏ္ဌာန်အုပ်ဖွဲ့ ပျံသန်းပြီးနောက် (Formation Loop Maneuver) အုပ်ဖွဲ့ပျံသန်းအလေးပြုခြင်း၊ ဘက်စုံသုံး တိုက်လေယာဉ်ခြောက်စင်းတို့က Wedge Formation ဖြင့် အုပ်ဖွဲ့ပျံသန်းပြီးနောက် ရှုရပ်သို့နောက်တစ်ကြိမ် ဦးတည်ပျံသန်းပြီး တိုက်လေယာဉ်လေးစင်းမှ အမြင့်သို့ ရုတ်တရက်ဆွဲတင်ခြင်း(Pull Up) ပြုလုပ်၍ အုပ်ဖွဲ့မှ ခွဲထွက်သွားပြီး ကျန်နှစ်စင်းမှ တိုက်လေယာဉ်များ၏ အခြေခံလှုပ်ရှား စစ်ကစားမှုပုံစံများဖြစ်သည့် (Basic Fighter Maneuver) ရှေ့မှ ပျံသန်းထွက်ပြေးရန် ကြိုးစားနေသော ရန်သူ့တိုက်လေယာဉ်အား မိမိတိုက်လေယာဉ်မှ ကြားဖြတ်ဟန့်တား တိုက်ခိုက်ချေမှုန်းနိုင်ရန်အတွက် လက်နက်ပစ်လွှတ်တိုက်ခိုက်မှု အကောင်းဆုံးအနေအထားရောက်ရှိအောင် နေရာယူလိုက်ပါပျံသန်းခြင်း၊ ရန်သူ့တိုက်လေယာဉ်မှလည်း ကြားဖြတ်ဟန့်တားတိုက်ခိုက်မှုမှ လွတ်မြောက်နိုင်ရန်အတွက် (Derry Turn) ရုတ်တရက်ဆန့်ကျင်ဘက်အရပ်မျက်နှာသို့ကွေ့၍ ရှောင်တိမ်းပျံသန်းခြင်း၊ မိမိတိုက်လေယာဉ်မှ ဝဲဟင်-ဝေဟင် ကြားဖြတ်တိုက်ခိုက်မှု စစ်နည်းဗျူဟာတစ်ခုဖြစ်သော (Barrel Roll Attack) ပြောင်းရစ်ပုံသဏ္ဌာန်ဖြင့် ရန်သူ့တိုက်လေယာဉ်နောက်သို့ အမြန်ဆုံးချဉ်းကပ်ဝင်ရောက်ပျံသန်းပြီးနောက် လက်နက်ပစ်လွှတ်ရန် ချိန်ရွယ်ပျံသန်းခြင်း၊ မိမိတိုက်လေယာဉ်မှ ရန်သူ့တိုက်လေယာဉ်အား HUD တွင် တိကျစွာချိန်ရွယ်ထားရှိပြီး တိုက်ခိုက်ချေမှုန်းရန် အသင့်ဖြစ်နေမှုကို ပျံသန်းသရုပ်ပြခြင်း၊ ကြားဖြတ်ဟန့်တား တိုက်ခိုက်ခံရသော ရန်သူတိုက်လေယာဉ်မှ ဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုကို ရှောင်ရှားနိုင်ရန်အတွက် မီးကျည် (Flare)များ ပစ်လွှတ်ရှောင်တိမ်း သရုပ်ပြပျံသန်းခြင်း၊ ဘက်စုံသုံးတိုက်လေယာဉ်တစ်စင်းက Box Formation ဖြင့် ညီ့သည်တော်များရှေ့ ကောင်းကင်ယံတွင် Formation Brea (Deploy Flare) များ ပစ်လွှတ်၍ ဂုဏ်ပြုသရုပ်ပြပျံသန်းခြင်းများ ဆောင်ရွက်၍ လေယာဉ်မောင်းစွမ်းရည်များအား ပြသကြသည်။

**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

ဆက်လက်၍ ဇီဝိတဒါနငှက်လွှတ်ခြင်း ဆောင်ရွက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက ငှက်အကောင်ရေ ၇၄ ကောင်တို့အား ဘေးမဲ့လွှတ်ပေးကြပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်တော်ဝင်လေယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် တပ်တော်ဝင်လေယာဉ်များအား လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**များစွာအကျိုးရှိမည်**

ယနေ့ကျင်းပပြုလုပ်သည့် လေယာဉ်၊ ရဟတ်ယာဉ်များတပ်တော်ဝင်ခြင်း အခမ်းအနားတွင် ပါဝင်သည့် Yak – 130 လေယာဉ်နှင့် K-8 လေယာဉ်တို့သည် အမောင်းသင်ဂျက်တိုက်လေယာဉ်နှင့် အပေါ့စားတိုက်ခိုက်ရေးလေယာဉ် အမျိုးအစားများဖြစ်ပြီး ဝေဟင်-ဝေဟင်စစ်ဆင်ခြင်း၊ ဝေဟင်-မြေပြင်စစ်ဆင်ခြင်း၊ အနီးကပ်လေကြောင်းပစ်ကူပေးခြင်း၊ ပိုင်းဖြတ်တိုက်ခိုက်ခြင်း၊ လက်နက်တပ်ဆင် ကင်းထောက်ခြင်းနှင့် လွဲပြောင်းသင်တန်းပို့ချခြင်း တာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ ATR – 72600 လေယာဉ်သည် အလတ်စားသယ်ယူပို့ဆောင်ရေးလေယာဉ် အမျိုးအစားဖြစ်ပြီး အဓိကပုဂ္ဂိုလ်သယ်ပို့ခြင်း၊ ခရီးသည်သယ်ပို့ခြင်း၊ ကုန်ပစ္စည်းများ သယ်ပို့ခြင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်း တာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ Y- 12 လေယာဉ်သည် လူနှင့်ကုန်ပစ္စည်းများ သယ်ဆောင်ခြင်း၊ လေထီးခုန်ခြင်း၊ ပင်လယ်ပြင်ကင်းထောက်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းတာဝန်များကို ထမ်းဆောင်နိုင်ကြောင်း၊ Eurocopter ရဟတ်ယာဉ်သည် အလတ်စား သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်အမျိုးအစားဖြစ်ပြီး အဓိကပုဂ္ဂိုလ်သယ်ယူပို့ဆောင်ရေး၊ ခရီးသည်သယ်ဆောင်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခြင်း စသည့်တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်သဖြင့် ယခုကဲ့သို့ တပ်မတော်(လေ)၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် လေယာဉ်၊ ရဟတ်ယာဉ်များ တပ်တော်ဝင်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်နှင့်တပ်မတော်အတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီနှင့် ဒေါက်တာမျိုးသိန်းကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းတွင် မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ တက္ကသိုလ်အစည်းအဝေး ခန်းမတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်က မြန်မာနိုင်ငံကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုလွှတ်တင်ဆောင်ရွက်မှုစီမံကိန်းနှင့် ပတ်သက်သည့်အခြေအနေ၊ နည်းပညာလွှဲပြောင်းမှုအစီအစဉ်အရ ပြည်ပသို့ ပညာတော်သင်များ စေလွှတ်မှုအခြေအနေ၊ အနိမ့်ပျံဂြိုဟ်တု အခြေစိုက်စခန်း တည်ဆောက်နေမှုနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာအောင်မျိုးသူက တက္ကသိုလ် စတင်ဖွင့်လှစ်ခဲ့မှု သမိုင်းကြောင်းနှင့် ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးမှုအခြေအနေ၊ တက္ကသိုလ် အဆောက်အဦများ တည်ဆောက်နေမှုအခြေအနေ၊ ဘာသာရပ်အလိုက် သင်တန်းများသင်ကြားပေးနေမှုနှင့် ဆရာ ဆရာမများ တာဝန်ထမ်းဆောင်နေမှု အခြေအနေ၊ တက္ကသိုလ်ကျောင်းဆင်းများ၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ နောင်အနာဂတ်တွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တက္ကသိုလ်အနေဖြင့် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

## ကူညီဆောင်ရွက်ပေးသွားမည်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဂြိုဟ်တုလွှတ်တင် ဆောင်ရွက်မှုစီမံကိန်းအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်၊ လိုအပ်သည့် နည်းပညာများ ရရှိရေးအတွက် ပြည်ပသို့ ပညာတော်သင်များ စဉ်ဆက်မပြတ်စေလွှတ်နိုင်ရေး ဆောင်ရွက်ရန်၊ အဆောက်အဦများ ဆောက်လုပ်ရာတွင် ရေရှည်အတွက် ကြိုတင်စဉ်းစား၍ စနစ်တကျဖြင့် ဆောင်ရွက်ရန်၊ သင်ကြားမှုနှင့်ပတ်သက်၍ ဆရာ ဆရာမများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သင်ကြားလျက်ရှိသည့် ဘာသာရပ်များနှင့်ကိုက်ညီသည့် ဆရာ ဆရာမများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယခုတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သူများကို ဦးစားပေးခန့်အပ်နိုင်ရေး ဆောင်ရွက်ရန်၊ ပညာသင်ကြားရေးတွင် အရေအတွက်ထက် အရည်အချင်းများ ပိုမိုတိုးတက်ပြည့်စုံပြီး လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ကျွမ်းကျင်စွာအသုံးချနိုင်သည်အထိ လေ့ကျင့်သင်ကြားပေးနိုင်ရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည့် သင်ထောက်ကူပစ္စည်းများကိုလည်း ပြည့်စုံစွာထားရှိနိုင်ရေး ဆောင်ရွက်ရန်မှာကြားပြီး နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံ၍ သင်ကြားပေးခဲ့သည့် ပညာရပ်များအား ပြည်တွင်း၌ အကျိုးရှိစွာဖြင့် လက်တွေ့အသုံးချရန်လိုကြောင်း၊ တက္ကသိုလ်အတွင်းရှိ လမ်းများနှင့် အဆောက်အဦများအား ယခုထက် ပိုမိုတိုးတက်ကောင်းမွန်စေရေး ပြန်လည်ပြုပြင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရေးနှင့်ပတ်သက်၍ နည်းပြ ဆရာ ဆရာမများ လိုအပ်မှုအတွက် တပ်မတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းနှင့်ပတ်သက်သည့် ဟောပြောပွဲကျင်းပ

**ပြည် ဒီဇင်ဘာ ၁၅**

ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းနှင့် ပတ်သက်သည့် ဟောပြောကို ပြည်မြို့နယ် ပေါင်းတလည်မြို့ ကျောင်းတိုက်ဓမ္မာရုံ၌ ယမန်နေ့ နံနက်က ကျင်းပသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ပြည်ခရိုင် ဦးစီးမှူး ဦးရဲနောင်က ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနေသော အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးနေသည့် အကြောင်းရင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ် လဝက ဦးစီးမှူး ဦးဇော်နိုင်သန်းက ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးနေသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရာတွင် လိုအပ်သည့် အချက်အလက်များအား ရှင်းလင်းပြောကြားသည်။

ပြည်မြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအုပ်စု ၅၅ အုပ်စု စုစုပေါင်း ၆၉ အုပ်စုရှိ လူဦးရေ ၅၆၀၅ ဦးအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို လျာထားဆောင်ရွက်ပေးလျက်ရှိပြီး ယခုလူဦးရေ ၃၂၀၀ ခန့် ပြီးစီးပြီဖြစ်သဖြင့် ၂၀၀၀ ကျော်ခန့်သာ ကျန်ရှိကြောင်းနှင့် မြို့နယ်ရုံး၌လည်း ရုံးဖွင့်ရက်များတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ် လဝကရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ခေတ်မီစိုက်နည်းစနစ်ဖြင့် စနစ်တကျစိုက်ပျိုးနိုင်ရေး

စားသုံးဆီများ ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်သည့် နေရာဒေသများစွာရှိကြောင်း၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အလားတူ စိုက်နည်းစနစ်များကိုလည်း ခေတ်မီစိုက်နည်းစနစ်ဖြင့် စနစ်တကျစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း။

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၃-၁၂-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# (၇၄)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်း ပရိတ်တရားနာယူခြင်းနှင့် ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပပြုလုပ်



**နေပြည်တော် ဒီဇင်ဘာ ၁၅**

(၇၄)နှစ်မြောက် တပ်မတော်(လေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာတပ်နယ်ရှိ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ အငြိမ်းစား ကာကွယ်ရေးဦးစီးချုပ်(လေ)များ၊ လေတပ်စခန်း ဌာနချုပ်မှူးများ၊ မိတ္ထီလာတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စစ်ရေးပြတပ်ခွဲများအား စစ်ဆေး**

ဦးစွာ စစ်ရေးပြအခမ်းအနားအား အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားအပေါင်းအား အလေးပြုခြင်း၊ သစ္စာလေးချက် ရွတ်ဆိုခြင်းများ ဆောင်ရွက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ)က စစ်ရေးပြတပ်ခွဲများအား စစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)က တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားကာ စစ်ရေးပြတပ်ခွဲများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကို ခံယူပြီး စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

ဆက်လက်၍ (၇၄)နှစ်မြောက် တပ်မတော်(လေ) နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားအား လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်တွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ် သာသနဝေပုလ္လပါဠိတက္ကသိုလ် ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး ဒေါ်အောင်မာမြင့်၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် ဇနီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သာသနဝေပုလ္လပါဠိတက္ကသိုလ် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များအား နာယူကြသည်။

ထို့နောက် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး သာသနဝေပုလ္လပါဠိတက္ကသိုလ် ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှဝေကြပြီးနောက် သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၅**

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းများဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် မင်္ဂလာရိပ်သာတောရကျောင်း၊ မဏိရတနာကမ်းနားဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်း(၁/က)စံပြရပ်ကွက်ရှိ ကံသုံးဆင့်ပရိယတ္တိစာသင်တိုက်၊ မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာရှိ စံပယ်ခြံတပ်ဦးကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ကန်သာယာကျောင်းတိုက်၊ ဖျာပုံမြို့ရှိ ဝေဇယန္တာစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ပိဋကတ်ကျောင်း မိုးထားကျောင်းတိုက်၊ ပြင်ဦးလွင်မြို့ရှိ ဓမ္မဝိပဿီကျောင်းတိုက်၊ မိုးညိုကျောင်းတိုက်၊ ဆင်ဖြူကန်ကျောင်းတိုက်နှင့် ခန္တီးကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ (၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၅**

(၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊








နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သူတစ်ဦးအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများ၊ မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်စဉ်။

စစ်တွေမြို့၌ (၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့အခမ်းအနား ကျင်းပစဉ်။

ဒေါက်တာ ညွန့်ဖေ၊ ဦးမင်းသိန်းဇံ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်နုမြဇံ၊ ဦးစောဘလှိုင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ရခိုင်တိုင်းရင်းသားရိုးရာ အက အဖွဲ့က "ဂုဏ်တော်ဖွင့် ဆီမီးခွက်" ယိမ်းအကဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၄၇)နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်က ဖတ်ကြားပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက ရခိုင်ပြည်နယ်နေ့ မိန့်ခွန်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တို့နှင့် ပူးပေါင်းပြီး ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများ၊ မှတ်တမ်းတင် ဂုဏ်ပြုလွှာများကို လည်းကောင်း၊ ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာများအတွက် DVB – T2 Set Top Box အလုံး ၁၅၀၀ ကို ပေးအပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းရင်းသားရိုးရာအကအဖွဲ့များဖြစ်ကြသော မြိုတိုင်းရင်းသား၊ ခမီတိုင်းရင်းသား၊ ဒိုင်းနက်တိုင်းရင်းသား၊ သက်တိုင်းရင်းသားတို့က ရိုးရာအကများဖြင့် ကပြဖျော်ဖြေကြပြီး ရခိုင်တိုင်းရင်းသားရိုးရာ အကအဖွဲ့က "ရိုးတောင်ရိပ်က သာချင်းသံ" ယိမ်းအကဖြင့် ကပြဖျော်ဖြေကြကာ အခမ်းအနားအား ရုပ်သိမ်းလိုက်သည်။

ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ၁၉၇၅ ခုနှစ်မှ စတင်၍ ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယနေ့ဆိုလျှင် (၄၇)နှစ်မြောက် တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေ စံပြကျေးရွာ (Smart Village)စီမံကိန်း အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းနည်းသင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၁၅

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ စံပြကျေးရွာ (Smart Village) စီမံကိန်းပါ လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာခန်းမ၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းမှုပညာဖြင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်စေရန်နှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ပြီး "အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းနည်းသင်တန်း" ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရန်နှင့် သော်မှော်ကုန်းကျေးရွာကိုလည်း ခေတ်မီစံပြကျေးရွာ (Smart Village) အဖြစ် ထူထောင်နိုင်ရန် ကြိုးပမ်းနေပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနရှိ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးနေခြင်းသည် စံပြကျေးရွာဖြစ်လာရန် ဆောင်ရွက်ပေးခြင်း၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ကျေးရွာနေပြည်သူများအနေဖြင့် ကိုယ်ပိုင်လုပ်ငန်းငယ်များ ထူထောင်လာနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည့်အပြင် လူမှုစီးပွားဘဝ မြင့်တက်လာပြီး ခေတ်မီစံပြကျေးရွာကြီးဖြစ်လာမည်ဟု မျှော်မှန်းပါကြောင်း၊ သင်တန်း တက်ရောက်လာကြသည့် ကျေးရွာသားများ အနေဖြင့် ယခုသင်တန်းက ပို့ချပေးသော နည်းပညာများကို အလေးထား သင်ယူကြရန် အလေးအနက်ထား တိုက်တွန်းပြောကြား လိုပါကြောင်း၊ ထို့အပြင် သင်တန်းပြီးဆုံးသည့်အခါ ကိုယ်ပိုင်လုပ်ငန်း ထူထောင်လိုသူများကို လိုအပ်မည့် အရင်းအနှီးများ၊ ပစ္စည်းများ မတည်ကူညီပေးရန် ဌာနများကို မှာကြားထားပြီးဖြစ်ပါကြောင်း၊ သော်မှော်ကုန်းကျေးရွာတွင် နေထိုင်ကြသူများအနေဖြင့် မိမိတို့ရွာကို ခေတ်မီစံပြကျေးရွာကြီး ဖြစ်လာရန် ပူးပေါင်း ဆောင်ရွက်ကြရန်နှင့် မိမိနိုင်ငံနှင့် လူမျိုးကိုချစ်သည့်စိတ်နှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးမှုဆောင်ရွက်ရာတွင် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးလာစေရေးကို အလေးအနက်ထား ဆောင်ရွက်လျက် ရှိပါကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေရှိ စံပြကျေးရွာ (Smart Village) ထူထောင်ရေး ဆောင်ရွက်သည့်နေရာတွင် သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် နှစ်စဉ်ကျေးလက်မီးလင်းရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိရာ သော်မှော်ကုန်းကျေးရွာတွင် လျှပ်စစ်မီးရရှိပြီးဖြစ်သည့်အတွက် အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်း နည်းပညာသင်တန်းပြီးဆုံးပါက အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ ကျေးရွာလိုအပ်ချက်များကိုလည်း ဌာနများမှ ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်သည့်အတွက် ကျေးရွာသူ ကျေးရွာသားများ၊ ရပ်မိ/ရပ်ဖများအနေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးစေ လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သော်မှော်ကုန်းကျေးရွာ မြစိမ်းရောင် စီမံကိန်းချေးငွေ ထုတ်ချေးပေးနေမှုကို လည်းကောင်း၊ သမဝါယမစနစ်ဖြင့် ဝက်မွေးမြူရေးလုပ်ငန်း များ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ တစ်နိုင်တစ်ပိုင် အိမ်တွင်းလက်မှု ဆပ်ပြာလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း **(အပေါ်ပုံ)**၊ ကျေးရွာ မူလတန်းလွန်ကျောင်းကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

စံပြကျေးရွာ စီမံကိန်းအနေဖြင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးပြီး ဝင်ငွေတိုးပွားရေး၊ ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်နယ် သြဝါဒါစရိယဆရာတော်ကြီးနှင့် ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖူးမြော်ကြည်ညို

**စစ်တွေ ဒီဇင်ဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော် သာသနာ့ ဗိမာန်တော်၌ ပြည်နယ် သြဝါဒါစရိယဆရာတော်ကြီးနှင့် ပြည်နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးတို့ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကြသည်။ (ယာပုံ)

ထို့နောက် ပြည်နယ်သြဝါဒါစရိယ၊ စစ်တွေမြို့ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒသိရီထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဧည့်ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ ပြည်နယ်သံဃ နာယကအဖွဲ့ ဥက္ကဋ္ဌ၊ စစ်တွေမြို့ ဓမ္မသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသောမ ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် စစ်တွေမြို့ လောကာနန္ဒာစေတီတော် ပရဝဏ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် စကြာမုနိ သွန်းစက်တော်ဘုရားအား ဖူးမြော်ကြည်ညိုကြပြီး လောကာနန္ဒာစေတီတော် ဘက်စုံပြုပြင်မွမ်းမံနေမှုကို လှည့်လည်ကြည့်ရှု ဖူးမြော်ကြသည်။



ယင်းနောက် ကမ္ဘာ့ဗုဒ္ဓသာသနာ့အာဇာနည် ဂုရု ဂုရု မဟာဂုရု အသျှင်စန္ဒြမဏိဗိမာန်တော်သို့ သွားရောက်ပြီး ဆရာတော်ကြီး၏ ကြေးသွန်းရုပ်တုတော်ကို ဖူးမြော်ကြသည်။

**ကြည့်ရှုအားပေး**

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် (၄၇) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာကျင်ကိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် ရခိုင်ပြည်နယ်အစိုးရ ဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်၊ သက် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့များနှင့် တွေ့ဆုံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ မှန်ကန်သည့် အတွေးအမြင်များဖြင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးညှိနှိုင်းပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က တည်ခင်းဧည့်ခံသော (၄၇) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



(၄၇) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ရခိုင်ရိုးရာ ကျင်ကိုင်ပွဲ ကျင်းပစဉ်။

## မဘိမ်းမြို့၌ မြို့တွင်းလမ်းများကောင်းမွန်စေရေး မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်

**မဘိမ်း ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့တွင် မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် မြို့နယ်သန့်ရှင်းသာယာလှပရေးနှင့် မြို့တွင်းလမ်းများကောင်းမွန်စေရေးအတွက် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်လျက်ရှိရာ တိုက်ကုန်းရပ်ကွက်ရှိ ခွာညိုလမ်းအား မြေသားလမ်းအဖြစ်မှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ခံအင်ဂျင်နီယာနှင့် အမှုဆောင်အရာရှိ ဦးဝင်းမြတ်ကျော်တို့က စံချိန်စံညွှန်းပြည့်မီခြင်း၊ အရည်အသွေးကောင်းမွန်ခြင်းနှင့် သတ်မှတ်ထားသော စည်းကမ်းချက်အတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို ဒီဇင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။


အဆိုပါလမ်းသည် ကွန်ကရစ်လမ်းဖြစ်ပြီး အရှည် ပေ ၂၅၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိကာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် မီနီဘတ်ဂျက်ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေကျပ် ၇၀၀၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## (၈) ကြိမ်မြောက် အာရှ-ဥရောပ ပညာရေးဝန်ကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

(၈) ကြိမ်မြောက် အာရှ-ဥရောပ ပညာရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပရာ အာရှနှင့် ဥရောပ ၄၇ နိုင်ငံမှ ပညာရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။





(၈) ကြိမ်မြောက် အာရှ-ဥရောပ ပညာရေးဝန်ကြီးများ အစည်းအဝေးကျင်းပစဉ်။

အစည်းအဝေးတွင် ရှေးဦးစွာ ထိုင်းနိုင်ငံ ပညာရေးဝန်ကြီး H.E. Treenuch Thienthong က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် လာမည့်ဆယ်စုနှစ်အတွက် အာရှ-ဥရောပ ပညာရေးဆိုင်ရာ မဟာဗျူဟာ ရည်မှန်းချက် (၄)ရပ်အပေါ် အာရှနှင့် ဥရောပ ပညာရေးဝန်ကြီးများက မိန့်ခွန်းအသီးသီး ပြောကြားရာ မြန်မာနိုင်ငံကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်က ဘဝတစ်သက်တာသင်ယူမှု မြှင့်တင်ရေး ရည်မှန်းချက်ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ဆက်လက်၍ အာဆီယံ-ဥရောပပညာရေး မဟာဗျူဟာ ၂၀၃၀ အတွက် ပူးပေါင်းဆောင်ရွက်ရေးခေါင်းစဉ်ဖြင့် ပညာရေး ဝန်ကြီးများ၏ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပသည်။ ထို့နောက် အာရှ-ဥရောပ ပညာရေး မဟာဗျူဟာနှင့် လုပ်ငန်းစဉ် ၂၀၃၀ ကို အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ လေဖြတ်ရောဂါနှင့် ကင်ဆာရောဂါများဖြစ်ပွားပြီး အရွယ်မတိုင်မီ သေဆုံးနေရသည့်အတွက် ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရန်လို

နေပြည်တော် ဒီဇင်ဘာ ၁၅

**“ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့” အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစည်းကမ်းများနှင့်အညီ ကျင်းပသည်။**



အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက နှစ်စဉ် မေ ၃၁ ရက်တွင် ကျရောက်သည့် “ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့” အထိမ်းအမှတ် အခမ်းအနားကို ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားနေမှု အခြေအနေများကြောင့် ယနေ့မှ ကျင်းပဆောင်ရွက်နိုင်ခြင်းဖြစ်ပါကြောင်း၊ ယခု ၂၀၂၁ ခုနှစ် “ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့” အထိမ်းအမှတ် ဆောင်ပုဒ်မှာ “Commit To Quit” ဖြစ်၍ မြန်မာဘာသာဖြင့် “ဆေးလိပ်၊ ကွမ်းယာဖြတ်ကြဖို့ ဆုံးဖြတ်လိုက်ကြစို့” ဖြစ်ပါကြောင်း၊ ယခုနှစ်ဆောင်ပုဒ်၏ ဦးတည်ချက်အနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ကျန်းမာရေးနှင့် လူမှုစီးပွားဆိုင်ရာ အခြေအနေဆိုးများကို ကြုံတွေ့လာရနိုင်သည့်အတွက် အချိန်မလွန်ခင် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုကို ချက်ချင်းဖြတ်ရန်အတွက် တိုက်တွန်းလိုခြင်း ဖြစ်ပါကြောင်း။

## အချိန်မတိုင်မီ သေဆုံး

ကမ္ဘာတစ်ဝန်းတွင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် နှစ်စဉ်လူဦးရေ ရှစ်သန်းကျော်သည် နာတာရှည်ရောဂါမျိုးစုံဖြစ်ပွား၍ သက်တမ်းစေ့မနေရဘဲ အချိန်မတိုင်မီ သေဆုံးကြလျက်ရှိ၍ ၎င်းတို့အနက် ၁ ဒသမ ၂ သန်းခန့်သည် သူတစ်ပါး၏ ဆေးလိပ်ငွေ့ကို တစ်ဆင့်ခံရှူရှိုက်ရသည့်အတွက်ကြောင့် ရောဂါများ ဖြစ်ပွားသေဆုံးနေကြရပါကြောင်း၊ အလွယ်တကူ ကာကွယ်၍ရနိုင်သည့် အကြောင်းများကြောင့် သေဆုံးရခြင်းများတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး ပစ္စည်းအမျိုးမျိုး သောက်သုံးခြင်းသည် “ထိပ်ဆုံး” တွင် ရှိနေပါကြောင်း၊ အဆိုပါအကြောင်းရင်းကြောင့် အရွယ်ရောက်သူ ၁၀ ဦးတွင် တစ်ဦးသည် အသက်မသေသင့်ဘဲ သေဆုံးနေသည်ကို တွေ့ရှိနေရပါကြောင်း။

မြန်မာနိုင်ငံ၌ ဆောင်ရွက်ခဲ့သော မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားစေသည့် အကြောင်းရင်းများကို လေ့လာသည့် စစ်တမ်းအရ ဆေးလိပ်သောက်သုံးမှုနှုန်း ၂၆ ရာခိုင်နှုန်းရှိပြီး ဆေးရွက်ကြီးနှင့် ကွမ်းယာတွဲဖက်စားသုံးမှုနှုန်း ၄၃ ရာခိုင်နှုန်းရှိနေသည်ကို စိုးရိမ်ဖွယ်ရာတွေ့ရှိရပါကြောင်း၊ ထို့အတူ ၂၀၁၆ ခုနှစ်တွင် ပြုလုပ်သည့် Global Youth Tobacco Survey အရ အသက် ၁၃ နှစ်မှ ၁၅ နှစ်အတွင်း ကျောင်းသားလူငယ်များတွင် ဆေးလိပ်သောက်သုံးသူ ၁၁ ရာခိုင်နှုန်းနှင့် ကွမ်းယာ၊ ဆေးရွက်ကြီး တွဲဖက်သုံးစွဲသူ ၆ ရာခိုင်နှုန်းရှိသည်ကို သိရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Framework Convention on Tobacco Control ကို ၁၁ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး “ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေ” ကို ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ မကြာသေးမီအချိန် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် “ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်” ကို ထုတ်ပြန်ဆောင်ရွက်ခဲ့ပါကြောင်း၊ အရှေ့တောင်အာရှတွင် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံတို့နှင့်အတူ မြန်မာနိုင်ငံသည် တတိယမြောက် အကောင်အထည်ဖော်ဆောင်ရွက်သည့် နိုင်ငံဖြစ်ပါကြောင်း။

## အခွန်တိုးမြှင့်ကောက်ခံ

ဆေးလိပ်နှင့် ဆေးရွက်ကြီးအခွန် တိုးမြှင့်ကောက်ခံခြင်းဖြင့် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု လျော့နည်းကျဆင်းလာမည်ဖြစ်ကာ ပြည်သူများ ခံစားရမည့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာပြဿနာများကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေ တိုးတက်စေသည့်အတွက် ကျန်းမာရေး၊ လူမှုရေးနှင့် အားကစားမြှင့်တင်ရေး အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲလာနိုင်မည်ဖြစ်ပါကြောင်း၊ ယခု မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၇ ဒသမ ၄၂ နှစ်သာရှိပြီး ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ လေဖြတ်ရောဂါနှင့် ကင်ဆာရောဂါများဖြစ်ပွားပြီး အရွယ်မတိုင်မီ သေဆုံးနေရသည့်အတွက် အဓိကအကြောင်းရင်းဖြစ်သည့် ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများတွင် အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်ပေးသည့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှု၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဗဟိုအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်မှုများနှင့်အတူ နီးနွယ်ဝန်ကြီးဌာနအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်၍ ပြည်သူ့ကျန်းမာရေးအတွက် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းကမ်းများကို အလေးထားလိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှင့် ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် “Commit To Quit” “ဆေးလိပ်၊ ကွမ်းယာ ဖြတ်ကြဖို့ ဆုံးဖြတ်လိုက်ကြစို့” ဟူသည့်အတိုင်း ပြည်သူများအနေဖြင့် ယနေ့မှစ၍ ဆေးလိပ်၊ ကွမ်းယာဖြတ်ကြပါဟု တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

## သဝဏ်လွှာဖတ်ကြား

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Poonam Khetral Singh ၏ ၂၀၂၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ မြန်မာနိုင်ငံ ဒုတိယဌာနေကိုယ်စားလှယ် Dr. Fabio Mesquita က ဖတ်ကြားခြင်း၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာသန်းစိန်က မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဆိုင်ရာ အောင်မြင်မှုများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားခြင်း၊ The Union အဖွဲ့၏ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာကို ဒေသဆိုင်ရာညွှန်ကြားရေးမှူး Dr. Tara Singh Bam က ဖတ်ကြားခြင်း၊ အရှေ့တောင်အာရှ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေး မဟာမိတ်အဖွဲ့၏ ၂၀၂၁ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် သဝဏ်လွှာကို Smoke Free Program Manager Dr. Domilyn C. Villarreiz က ဖတ်ကြားခြင်းနှင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုပြသခြင်းကို ဆောင်ရွက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အခမ်းအနား အထိမ်းအမှတ် ပြခန်းငယ်အား လှည့်လည်ကြည့်ရှုသည်။

အဆိုပါအခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယရှေ့နေချုပ်၊ နီးနွယ်ဝန်ကြီးဌာနများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာ့ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုအခြေအနေ အစီရင်ခံစာ (၂၀၂၁) (Global Tobacco Epidemic Report 2021) အရ မြန်မာနိုင်ငံသည် လူမှုကွန်ရက်အပါအဝင် မီဒီယာပေါင်းစုံအသုံးပြု၍ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှု လျှော့ချနိုင်ရေး အသိပညာမြှင့်တင်ခြင်း ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်အမြင့်ဆုံး ၄၆ နိုင်ငံတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ကြောင်း သိရှိရသည်။

## တတိယမြောက် အကောင်အထည်ဖော်

ထို့အတူ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် “ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်” ကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ထုတ်ပြန်ဆောင်ရွက်ခဲ့ရာ ၎င်းဆောင်ရွက်ချက်သည် အရှေ့တောင်အာရှဒေသတွင် ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံတို့နှင့်အတူ မြန်မာနိုင်ငံသည် တတိယမြောက် အကောင်အထည်ဖော်ဆောင်ရွက်သည့် နိုင်ငံဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

---

❄*ကျောဖုံးမှ*

နေ့စဉ် ပြေးဆွဲပေးမည်ဖြစ်ပြီး Daewoo Intercity Bus BS 106 (Aircon Bus) ယာဉ်လိုင်း အသစ်ဖြင့် ယနေ့နံနက်မှစတင်ကာ လိုင်းအသစ် ပြေးဆွဲပြီဖြစ်ကြောင်း သိရသည်။

“သယ်ယူပို့ဆောင်ရေးကုမ္ပဏီဖြစ်တဲ့ Myanmar Trade Center ကုမ္ပဏီကနေပြီးတော့ Daewoo Intercity Bus BS 106 (Aircon Bus) ကားတွေနဲ့ ခရီးသည်သီးသန့်ပြေးဆွဲတာဖြစ်ပြီး ခရီးစဉ်တွေကတော့ ပဲခူးကနေ မနက် ၆ နာရီစပြီး ညနေ ၃ နာရီခွဲ အထိနဲ့ ရန်ကုန်ကနေ မနက် ၈ နာရီကနေ ညနေ ၆ နာရီအထိ နာရီဝက်တစ်ကြိမ်ခြားပြီး ပြေးဆွဲပေးပါတယ်။ပဲခူးမှ ရန်ကုန်သို့ နံနက် ၆ နာရီတစ်ကြိမ်၊ နံနက် ၆ နာရီခွဲ တစ်ကြိမ်၊ နံနက် ၇ နာရီတစ်ကြိမ်၊ နံနက် ၇ နာရီခွဲတစ်ကြိမ်၊ မွန်းလွဲ ၂ နာရီ၊ ညနေ ၂ နာရီခွဲ၊ ညနေ ၃ နာရီ၊ ညနေ ၃ နာရီခွဲတစ်ကြိမ် ရန်ကုန်မှ ပဲခူးသို့ နံနက် ၈ နာရီ၊ နံနက် ၈ နာရီခွဲ၊ နံနက် ၉ နာရီ နံနက် ၉ နာရီခွဲနှင့် ညနေ ၄ နာရီခွဲ၊ ညနေ ၅ နာရီ ၊ ညနေ ၅ နာရီခွဲ၊ ညနေ ၆ နာရီ အချိန်များတွင် ပြေးဆွဲပေးနေကြောင်း၊ ယာဉ်တစ်စီးလုံးတွင် ခုံပေါင်း ၄၁ခုံ ပါဝင်ပြီး ကြားခုံလုံးဝမထားကြောင်း၊ ယာဉ်စီးခမှာ ခရီးစဉ် ၈/ဆုံး အတွက် ခရီးသည်တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ ဖြစ်ကြောင်း ” ပဲခူးယာဉ်လိုင်းဂိတ်မှူး ဦးပြည့်ဖြိုးအောင်ထံမှ သိရသည်။

အဆိုပါယာဉ်လိုင်းအား ယခုလောလောဆယ်တွင် ပဲခူးကျွန်းသာယာ ယာဉ်ရပ်နားဝင်းတွင် ဂိတ်ထိုးပြေးဆွဲနေပြီး ခရီးသွားပြည်သူများ သွားလာရာတွင် ပိုမို အဆင်ပြေစေရန်အတွက် မကြာမီ အောင်မြေသာ (ကလိယာဉ်ရပ်နားဝင်းတွင်)ဂိတ်ထားပြေးဆွဲမည် ဖြစ်ကြောင်းနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ညွှန်ကြားထားသည့် ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးနည်းလမ်းများနှင့်အညီ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၅

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# ပင်လည်ဘူးမြို့နယ်၌ ပညာရေးဝန်ထမ်း တစ်ဦးအား အကြမ်းဖက်သမားများက အကြောင်းမဲ့ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၁၅** တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်အချို့တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုအချို့အား လူထုအတွင်းအကြောက်တရား လွှမ်းမိုးစေရန်လည်းကောင်း၊ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ရိုးသားစွာဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ အလုပ်တာဝန်များ ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား လူအုပ်စုဖွဲ့၍ လက်နက်အားကိုးဖြင့် အတင်းအကျပ် CDM ပြုလုပ်စေပြီး CDM ပြုလုပ်ခြင်းမရှိသူ နိုင်ငံ့ဝန်ထမ်းများအား လည်းကောင်း၊ ၎င်းတို့နှင့် အမြင်အယူအဆမတူသူ အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုများအား "သူလျှို၊ ဒလန်၊ သတင်းပေး" ဟု စွပ်စွဲ၍လည်းကောင်း၊ ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ် အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ်အခြေခံကာ လက်နက်ကိုင် အကြမ်းဖက်သူများက တုတ်၊ ဓား၊ သေနတ်၊ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများ အသုံးပြု၍ ရက်စက်စွာ လုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

**သေနတ်ဖြင့် ပစ်ခတ်**

စစ်ကိုင်း တိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ပြည်သူ့ဆေးရုံ၌ ဒီဇင်ဘာ ၁၄ ရက် ညနေ ၄ နာရီခန့်တွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသော အမျိုးသားတစ်ဦး ရောက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အောင်းကုန်းကျေးရွာနေ အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းဆရာဖြစ်သူ ကိုဇော်မိုး (၃၀)နှစ်(ဘ) ဦးထွန်းမြင့်အား ဝဲရင်အုံကျည်ဖောက်ထွက်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် စိစစ်ခဲ့ရာ ကိုဇော်မိုးသည် ဒီဇင်ဘာလ ၁၃ ရက်နေ့ ည ၆ နာရီခွဲအချိန်တွင် ကျေးရွာအနီးရှိ ကြက်ခြံ၌ရှိနေစဉ် ဆိုင်ကယ်များဖြင့် အကြမ်းဖက်သမား ခြောက်ဦးရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ ဇော်မိုးတွင် ဒဏ်ရာရရှိကာ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

**ဖော်ထုတ်ဖမ်းဆီး**

အထက်ပါ ဖြစ်စဉ်တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုများအား ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ်အခြေခံကာ အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှုကျူးလွန်ခဲ့သည့် အကြမ်းဖက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၏ အကြောင်းမဲ့ ပစ်ခတ်မှုကြောင့် ဒေါက်တာ ဒေါ်ဝင့်ဝင့်မြိုင် သေဆုံးသည့် ဖြစ်စဉ်နေရာပြပုံ

❖ *ကျောဖုံးမှ*

လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့ (စိစစ်ဆဲ)က မော်တော်ယာဉ်အား ရပ်တန့်ခိုင်း၍ ယာဉ်ပေါ် ပါလာသူများအား ဆင်းခိုင်းခဲ့ပြီး ဒေါက်တာ ဒေါ်ဝင့်ဝင့်မြိုင် တစ်ဦးတည်းကိုသာ လက်နက်ငယ်ဖြင့် အနီးကပ် ရက်ရက်စက်စက် ပစ်ခတ်ခဲ့သဖြင့် နေရာ၌ပင် ထိမှန်ဒဏ်ရာများဖြင့် လဲကျခဲ့သည်။ အဆိုပါ လက်နက်ကိုင်အဖွဲ့က ကျန်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် မော်တော်ယာဉ်အား မီးပိတ်၍ တာမိုးညဲဘက်သို့ ပြန်လည်မောင်းနှင်ရန် ပြောကြားခဲ့၍ ပြန်လည်မောင်းနှင်ခဲ့သည်။ တာမိုးညဲ၌ ကျန်ရှိခဲ့သည့် ဒုတိယမြို့နယ်ဦးစီးမှူးအဖွဲ့သည် ကွတ်ခိုင်သို့ ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် ရောက်ခဲ့သော်လည်း မြို့နယ်ဆရာဝန်ကြီးနှင့် အဖွဲ့များ ရောက်ရှိမှုမရှိသဖြင့် လိုက်လံဆက်သွယ်ခဲ့ရာ ည ၁၁ နာရီခန့်တွင် မြို့နယ်ဆရာဝန်ကြီး၏ ယာဉ်မောင်းက အထက်ပါ ဖြစ်စဉ်ကို ဖုန်းဖြင့် သတင်းပို့ခဲ့ရာ လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့် ညအမှောင်ထုအတွင်းမှ ၎င်းတို့အား ကားပေါ်မှ ဆင်းစေရန် ဗမာဘာသာစကားဖြင့် ပြောကြားခဲ့ကြောင်း၊ သို့ရာတွင် ၎င်းတို့အချင်းချင်းပြောဆိုရာ၌ ဂျိမ်းဖောဘာသာစကားသံဖြင့် ပြောကြားခဲ့ကြောင်း သိရှိရပြီး လုံခြုံရေးတပ်ဖွဲ့များနှင့် ဒေသခံလူမှုရေးအဖွဲ့တို့မှ လိုက်လံရှာဖွေခဲ့ရာ နောင်ချိုကျေးရွာဟောင်းအနီး တာမိုးညဲ-ကွတ်ခိုင်သွားကားလမ်းဝဲဘက်ခြမ်း၌ လက်နက်ငယ် ထိမှန်ဒဏ်ရာ ငါးချက်ဖြင့် သေဆုံးနေသည့် မြို့နယ်ဆရာဝန်ကြီးအား တွေ့ရှိခဲ့သဖြင့် ပြန်လည်သယ်ဆောင်ခဲ့ရာ ည ၁၂ နာရီခွဲခန့်တွင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိခဲ့သည်။

**ဝန်ထမ်းကောင်းတစ်ဦး**

မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ဝင့်ဝင့်မြိုင်မှာ လားရှိုးဇာတိဖြစ်သည့်အပြင် ကွတ်ခိုင်ပြည်သူ့ဆေးရုံ၌ ၂၀၁၂ ခုနှစ်ကပင် စေတနာထား၍ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအားလုံး အပါအဝင် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်ပါ ရင်းနှီးကျွမ်းဝင်သူ ပြည်သူ့ဝန်ထမ်းကောင်း တစ်ဦးဖြစ်သည်။

သို့ရာတွင် မြို့နယ်ဆရာဝန်ကြီးအား CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းမရှိခဲ့၍ ခြိမ်းခြောက်စာများ ပို့ဆောင်ခြင်းများ ရှိခဲ့သဖြင့်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးအကာအကွယ်ပေးထားသူ တစ်ဦးလည်းဖြစ်သည်။

**ဖြစ်ရပ်ဆိုးနှင့်ကြုံတွေ့**

ယခုဖြစ်စဉ်၌ ကွတ်ခိုင်မှ ကီလိုမီတာ ၇၀ ခန့် ဝေးသည့် မုံးစီးတွင် ဒေသခံတိုင်းရင်းသားများအတွက် ကမ္ဘာ့ကပ်ရောဂါ ကူးစက်မှုမရှိစေရေး ကာကွယ်ဆေးထိုးနှံပေးရန် သွားရောက်သည့် နေ့ချင်းပြန်ခရီးဖြစ်ခြင်း၊ ဒေသခံပြည်သူများ၏ အားပေးထောက်ခံမှု ရရှိသူဖြစ်ခြင်း၊ ယခုကဲ့သို့ အငြိုးများစွာဖြင့် အကြမ်းဖက် သတ်ဖြတ်ခံရရန် မမျှော်လင့်ခြင်းတို့ကြောင့် ယခုခရီးစဉ်၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများ ခေါ်ယူခြင်း မပြုခဲ့သဖြင့် ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရပ်ဆိုးနှင့် ကြုံတွေ့ရခြင်း




ဖြစ်သည်။

ထိုကဲ့သို့ ပြည်သူ့ဝန်ထမ်းကောင်းတစ်ဦး မမျှော်လင့်ဘဲ အကြမ်းဖက်သမားများ၏ ရက်စက်ယုတ်မာမှုကြောင့် သေဆုံးခဲ့ရမှုအတွက် ဒေသခံတိုင်းရင်းသား ပြည်သူများက စိတ်ထိခိုက်ခြင်း၊ ဒေါသထွက်ရခြင်းရှိနေကြသကဲ့သို့ နိုင်ငံတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနအတွက် ပြည်သူ့ဝန်ထမ်းကောင်းတစ်ဦး ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည်။ ယခုဖြစ်စဉ်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ အကြမ်းဖက်ဆောင်ရွက်ခဲ့ကြသည့် လက်နက်ကိုင်အဖွဲ့ကို မြေပြင်တွင် စစ်ဆေးဖော်ထုတ်လျက်ရှိရာ ဒေသခံပြည်သူများကလည်း ရရှိသည့် သတင်း ကွင်းဆက်များအား သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ တာဝန်ရှိသူများထံသို့ လျှို့ဝှက်သတင်းပို့ပေးကြပါရန် သက်ဆိုင်ရာမှ မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၁၅** တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ စသည့်ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၄ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ် ၁၆ နယ်တို့၌ ဒေသခံပြည်သူ ၁၃၁၉၆ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၅၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၀၂၆၁ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်နှင့် ပုလောမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၂၅၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၅၅၈ ဦး၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၇၄၂၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်နှင့် တန့်ဆည်မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၆၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၉၉၂၀၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၄၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့၌ ကျောင်းသားကျောင်းသူ ၄၃ ဦး၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသားကျောင်းသူ ၂၃၉၂ ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၅၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

---

*ကျောဖုံးမှ*

ယခုပွဲစဉ်အပါအဝင် လိဒ်စ်အသင်းသည် မန်ယူအသင်းကို ငါးဂိုး-တစ်ဂိုး၊ လီဗာပူးအသင်းကို သုံးဂိုး-ဂိုးမရှိ၊ အာဆင်နယ်ကို နှစ်ဂိုး-ဂိုးမရှိ၊ စပါးကို နှစ်ဂိုး-တစ်ဂိုး၊ ချယ်ဆီးကို သုံးဂိုး-နှစ်ဂိုးဖြင့် ယှဉ်ပြိုင်ကစားခဲ့သည့် အသင်းကြီးနှင့် ပွဲစဉ်များတွင် ဂိုးပြတ်ရှုံးနိမ့်ထားသည်။

လိဒ်စ်အသင်းသည် လာမည့်ပွဲစဉ်တွင်လည်း အသင်းကြီး အာဆင်နယ်အသင်း၊ လီဗာပူးအသင်းတို့နှင့် ဆက်တိုက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မန်စီးတီးအသင်းအတွက် အဖွင့်ဂိုးကို ဖိုဒင်က ပွဲချိန်ရှစ်မိနစ်တွင် သွင်းယူနိုင်ခဲ့သည်။ ဒုတိယဂိုးကို ဂရီးလစ်ချ်က ပွဲချိန် ၁၃ မိနစ်တွင် သွင်းယူနိုင်ခဲ့ပြီး တတိယဂိုးကို ဒီဘရိုင်းက ပွဲချိန် ၃၂ မိနစ်တွင် သွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် မန်စီးတီးအသင်းက ကစားကွက်အသာ၊ နည်းဗျူဟာအသာဖြင့် ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး သွင်းဂိုးများ ရရှိခဲ့သည်။ အသင်းအတွက် စတုတ္ထဂိုးပွဲချိန် ၄၉ မိနစ်တွင် မာရက်ဇ်၊ ပဉ္စမဂိုးကို ပွဲချိန် ၆၂ မိနစ်တွင် ဒီဘရိုင်း၊ ဆဋ္ဌမဂိုးကို ပွဲချိန် ၇၄ မိနစ်တွင် ဂျွန်စတုန်းစ်နှင့် သတ္တမမြောက်ဂိုးကို နသန်အကီက ပွဲချိန် ၇၈ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည်။ နွေရာသီတွင် အက်စ်တွန်ဗီလာအသင်းမှ ပေါင်သန်း ၁၀၀ ဖြင့် ခေါ်ယူထားသော ဂရီးလစ်ချ်သည် ပရီမီယာလိဂ်တွင် ၎င်း၏ ဒုတိယမြောက်ဂိုးကို ယခုပွဲစဉ်တွင် သွင်းယူနိုင်ခဲ့သည်။

အခြားသောပွဲစဉ်တွင် နော့ဝှစ်ချ်နှင့် အက်စ်တွန်ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး အက်စ်တွန်ဗီလာအသင်းက ရမ် ဆေး၊ ဝတ်ကင်စ်တို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**



## ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၂) ရေချမ်းအိုးအရှေ့ကွင်းရှိ မြေပိုင်ဆိုင်မှုကိစ္စ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုး အရှေ့ကွင်းရှိ မြေကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိဘဲ မြေနှင့်မသက်ဆိုင်သူကို လုပ်ပိုင်ခွင့်ပြုခဲ့ခြင်းအား နစ်နာသူက ကော်မရှင်သို့ တိုင်တန်းချက် ပေးပို့လာမှုအပေါ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးကျော်မြင့်တို့ ဦးဆောင်သော ကွင်းဆင်း စုံစမ်းစစ်ဆေးရေးအဖွဲ့က ပြင်ဦးလွင်မြို့သို့ ကွင်းဆင်း စုံစမ်းစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ကွင်းဆင်း စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တိုင်တန်းချက် ပေးပို့သူအား စစ်ဆေးမေးမြန်းအတည်ပြုချက် ရယူခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့တွင် အခြေပြု၍ သက်ဆိုင်သည့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်သူများကို စစ်ဆေးမေးမြန်းခြင်းနှင့် အချင်းဖြစ်မြေနေရာသို့ ခရိုင်၊ မြို့နယ်နှင့် ကျေးရွာအုပ်စုတို့မှ တာဝန်ရှိသူများနှင့် အတူ ကွင်းဆင်းစစ်ဆေးခဲ့သည်။

စစ်ဆေး တွေ့ရှိချက်များအပေါ် အခြေခံ၍ တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ကော်မရှင်မှ သက်ဆိုင်ရာသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မော်ဒယ်သရုပ်ဆောင်များနှင့်အတူ လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၄၅)ကို ဒီဇင်ဘာ ၁၇ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို သရုပ်ဆောင် စိုးသီဟနှင့် မော်ဒယ်ဂျေနော တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများက ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဒီဇင်ဘာ (၁၇၊ ၁၈၊ ၁၉) ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## ဖလမ်းမြို့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က သေနတ်ဖြင့်ပစ်ခတ်ခဲ့၍ ဒဏ်ရာရရှိခဲ့သူ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဝင်း ကလေးမြို့ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းစဉ် ယာဉ်ကိုပစ်ခတ်တားဆီးကာ ဦးစီးအရာရှိအား ဖမ်းဆီးခေါ်ဆောင်

နေပြည်တော် ဒီဇင်ဘာ ၁၅

**ချင်းပြည်နယ် ဖလမ်းမြို့နယ်၌ CDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ ဒဏ်ရာရရှိခဲ့သူ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဝင်းကို ကလေးမြို့ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသရန် လူနာတင်ယာဉ်ဖြင့် သွားရောက်စဉ် အဆိုပါအကြမ်းဖက်အဖွဲ့က လူနာတင်ယာဉ်အား ပစ်ခတ်တားဆီးကာ ဦးစီးအရာရှိအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။**

ဒီဇင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ချင်းပြည်နယ် ဖလမ်းမြို့နယ် ကျင်မွှာရပ်ကွက်၌ အမျိုးသား တစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ကျင်မွှာရပ်ကွက်၊ ကလေး-ဖလမ်းကားလမ်းဘေးရှိ "ထီးရိပ်ဆိုင်ခွဲ(၂)" လက်ဖက်ရည်ဆိုင်၌ ဖလမ်းမြို့ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဝင်း (၅၇)နှစ် (ဘ)ဦးမြသောင်းသည် ၎င်း၏ မိတ်ဆွေ တစ်ဦးနှင့်အတူ လက်ဖက်ရည်သောက်နေစဉ် CDF အကြမ်းဖက်လက်နက်ကိုင် နှစ်ဦးသည် ပစ္စတိုသေနတ်ကိုယ်စီကိုင်ဆောင် ရောက်ရှိလာပြီး ဦးသန်းဝင်းကို သေနတ်ဖြင့် ဝိုင်းဝန်းပစ်ခတ်ကာ ဦးသန်းဝင်းပိုင် 2F/6226 SURF မော်တော်ယာဉ်အား ယူဆောင်မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း တွေ့ရှိရသည်။

ထိုသို့ CDF အကြမ်းဖက်လက်နက်ကိုင်များ၏ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် ဦးသန်းဝင်းတွင် ဆီးခုံအထက် ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ဝဲလက်ပြင်အောက် ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်နှင့် ဝဲလက်မောင်း ကျည်ဖောက်ဝင် ဒဏ်ရာ တစ်ချက် စုစုပေါင်း သေနတ်ဒဏ်ရာ သုံးချက် ရရှိခဲ့သဖြင့် ဆေးဝါးကုသမှု ခံယူနိုင်ရေး ဖလမ်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။



ဒဏ်ရာရရှိသူ ဆည်မြောင်းဦးစီးအရာရှိ ဦးသန်းဝင်း

ယနေ့နံနက် ၁ နာရီခွဲတွင် ဒဏ်ရာရရှိသူ ဦးသန်းဝင်းကို ဖလမ်းမြို့ ပြည်သူ့ဆေးရုံမှ ကလေးမြို့ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းကုသမှု ခံယူနိုင်ရေး ဦးငယ်ပီး မောင်းနှင်ပြီး ဦးဒုဆန်း လိုက်ပါလာသော "ဖလမ်းလူငယ်အသင်း"ပိုင် လူနာတင်ယာဉ် 5M/7803 ဖြင့် သယ်ဆောင်မောင်းနှင်လာစဉ် ဖလမ်းမြို့နယ် ခေါလယ်လမ်းခွဲသို့ အရောက်၌ CDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ (အင်အားစိစစ်ဆဲ)က လူနာတင်ယာဉ်အား လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ယာဉ်အား ရပ်တန့်ကာ ဦးငယ်ပီးနှင့် ဦးဒုဆန်းတို့မှာ အသက်အန္တရာယ်မှ လွတ်မြောက်နိုင်ရေး ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး လူနာတင်ယာဉ်ပေါ်တွင် ကျန်ရှိခဲ့သူ ဦးသန်းဝင်းကို CDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ချင်းပြည်နယ် ဖလမ်းမြို့နယ်၌ CDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ ဒဏ်ရာရရှိခဲ့သူ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဝင်းအား ဖမ်းဆီးခေါ်ဆောင်သွားသည့် နေရာပြမြေပုံ




CDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့၏ လူနာတင်ယာဉ်အား ပစ်ခတ်မှုဖြစ်စဉ်အတွင်း ယာဉ်မောင်းဖြစ်သူ ဦးငယ်ပီးတွင် ယာလက်မောင်း၊ ယာလက်ပြင်နှင့် ယာချိုင်းအောက်တို့တွင် လက်နက်ငယ် ထိမှန်ဒဏ်ရာ သုံးချက်ရရှိခဲ့သဖြင့် လမ်ဘန်းတိုက်နယ်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူနေစဉ် CDF အကြမ်းဖက်လက်နက်ကိုင် သုံးဦးရောက်ရှိလာပြီး ဦးငယ်ပီးနှင့် ဦးဒုဆန်းတို့၏ လက်ကိုင်ဖုန်းများအား သိမ်းဆည်းသွားခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များတွင် အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်ခဲ့သူ၊ လူနာတင်ယာဉ်အား ဝိုင်းဝန်းအကြမ်းဖက်ပစ်ခတ်ခဲ့သူ CDF အကြမ်းဖက်လက်နက်ကိုင်များကို နယ်မြေခံတပ်မတော် စစ်ကြောင်းများနှင့် ပူးပေါင်းကာ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

# ကမ္ဘောဒီးယားနိုင်ငံ၌ အိုမီခရွန် ဗိုင်းရပ်စ်သစ်ကူးစက်သူတစ်ဦးကို ပထမဆုံးတွေ့ရှိ

**ဖနောင်ပင် ဒီဇင်ဘာ ၁၅**

ကမ္ဘောဒီးယားနိုင်ငံတွင် အိုမီခရွန် ဗိုင်းရပ်စ်သစ် ကူးစက်သူတစ်ဦး ပထမဆုံး စမ်းသပ်တွေ့ရှိခဲ့သည်။ ၎င်းသည် အာဖရိက အနောက်ပိုင်း ဂါနာမှ ခရီးသွားတစ်ဦးဖြစ်ကြောင်း ကမ္ဘောဒီးယားကျန်းမာရေး ဝန်ကြီးဌာနက ဒီဇင်ဘာ ၁၄ ရက် ည ထုတ်ပြန်ချက်တွင် ဖော်ပြလိုက်သည်။

အသက် ၂၃ နှစ်ရှိ ကမ္ဘောဒီးယား အမျိုးသမီးတစ်ဦးသည် အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ခံထားရကြောင်း ဒီဇင်ဘာ ၁၄ ရက်တွင် ပက်စတာအင်စတီကျူ့က အတည်ပြုဖော်ပြခဲ့သည်။

ကိုယ်ဝန် ၁၅ ပတ်ရှိ အဆိုပါ ကမ္ဘောဒီးယားအမျိုးသမီးသည် ဂါနာနိုင်ငံမှ တနင်္ဂနွေနေ့က ပြန်လည်ရောက်ရှိခဲ့သည်။

ဖနောင်ပင်လေဆိပ်သို့ ရောက်ရှိလာသော အဆိုပါ အမျိုးသမီးကို ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးခဲ့ရာ အိုမီခရွန် ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ခြင်း ဖြစ်သည်။



ကမ္ဘောဒီးယားရှိ ကိုဗစ်စင်တာတစ်ခုကို တွေ့ရစဉ်။

ယင်းအမျိုးသမီးကို ယခုအခါ ဖနောင်ပင်ရှိ ကိုဗစ်-၁၉ ကုသရေးစင်တာတွင် ဆေးကုသမှု ခံယူစေလျက်ရှိသည်။

တောင်အာဖရိကသည် နိုဝင်ဘာ ၂၄ ရက်က အိုမီခရွန်ဗိုင်းရပ်စ်သစ်ပထမဆုံး တွေ့ရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးသို့ ပထမဆုံး သတင်းပေးပို့ ဖော်ပြခဲ့သည်။

ဆင်ဟွာ

# အိန္ဒိယကာကွယ်ရေးဦးစီးချုပ် အပါအဝင် ၁၃ ဦးသေဆုံးခဲ့သော ရဟတ်ယာဉ်ပျက်ကျမှုတွင် တစ်ဦးတည်းအသက်ရှင်ကျန်သူ ကွယ်လွန်သွားပြီ

**နယူးဒေလီ ဒီဇင်ဘာ ၁၅**

လွန်ခဲ့သောသီတင်းပတ်က အိန္ဒိယ နိုင်ငံတောင်ပိုင်း တမီးလ်နာဒူးတွင် ဖြစ်ပွားခဲ့သော စစ်ဘက်ဆိုင်ရာရဟတ်ယာဉ်ပျက်မှုတွင် တစ်ဦးတည်းသော အသက်ရှင်ကျန်ရစ်ခဲ့သူ လေတပ်ဗိုလ်ကြီး ဗာရန်ဆင်းသည် ဒီဇင်ဘာ ၁၅ ရက်က သေဆုံးသွားခဲ့ကြောင်း အိန္ဒိယလေတပ်က ပြောကြားခဲ့သည်။ ဒီဇင်ဘာ ၈ ရက်က ရဟတ်ယာဉ်ပျက်ကျပြီးနောက် ၎င်းသည် ဒဏ်ရာများရရှိခဲ့ကြောင်း ကြေညာချက်အကျဉ်းတွင် ဖော်ပြထားသည်။

ဗာရန်ဆင်း ကွယ်လွန်ခဲ့သည့်အတွက် အိန္ဒိယလေတပ်သည် ကျန်ရစ်သူမိသားစုနှင့်အတူ ကြေကွဲဝမ်းနည်းရကြောင်း၊ ကျန်ရစ်သူမိသားစုနှင့်အတူ ရပ်တည်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဆင်းကို တမီးလ်နာဒူးရှိ ဝယ်လင်တန်ဆေးရုံတွင် ကနဦးဆေးကုသပေးလျက်ရှိပြီး နောက်ပိုင်းတွင် ဘန်ဂါလူရူ စစ်ဆေးရုံသို့ လွှဲပြောင်းကုသခဲ့သည်။ တမီးလ်နာဒူးမြို့တော် ချန်နိုင်းအနောက်တောင်ဘက်၅၃၈ကီလိုမီတာခန့်အကွာ နီဂီရစ်ဒေသ ကူနော်တွင် ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ရာ အိန္ဒိယကာကွယ်ရေးဦးစီးချုပ်အပါအဝင် ၁၃ ဦး သေဆုံးခဲ့သည်။

ဆင်ဟွာ

# မလေးရှားနိုင်ငံ ဂျိုဟိုပြည်နယ်တွင် ဒုက္ခသည်လှေတစ်စင်း တိမ်းမှောက်၊ လူ ၁၀ ဦးထက်မနည်းသေဆုံး

**ကွာလာလမ်ပူ ဒီဇင်ဘာ ၁၅**

စာရွက်စာတမ်းမရှိသော ဒုက္ခသည်များကို တင်ဆောင်လာသော လှေတစ်စင်း မလေးရှားနိုင်ငံ ဂျိုဟိုပြည်နယ်တွင် တိမ်းမှောက်ခဲ့ရာ လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း မလေးရှားပင်လယ်ရေကြောင်း ထိန်းသိမ်းရေးအေဂျင်စီ (အမ်အမ်အီးအေ)က ဒီဇင်ဘာ ၁၅ ရက်က ဖော်ပြလိုက်သည်။



လှေနစ်မြုပ်မှုတွင် အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေနေစဉ်။

ကလေးငယ်များအပါအဝင် လူပေါင်း ၆၀ ခန့် လှေပေါ်တွင် ပါလာမည်ဟု ယူဆရကြောင်း၊ ၂၁ ဦးကို ကယ်တင်နိုင်ခဲ့ပြီး ၁၀ ဦး သေဆုံးခဲ့ကြောင်း၊ ၂၉ ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ဂျိုဟိုအမ်အမ်အီးအေ ညွှန်ကြားရေးမှူး ပထမအဆင့် ပင်လယ်ရေကြောင်း ရေတပ်ဗိုလ်ချုပ်ကြီး နူရူဟီဇမ်ဇာကာရီယာက ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြခဲ့သည်။

လှိုင်းကြီးလေထန် ဖြစ်နေချိန်တွင် ဒေသစံတော်ချိန် နံနက် ၄နာရီခွဲခန့်က လှေတိမ်းမှောက်ကြောင်း ၎င်းကပြောသည်။

အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေရန် ရေတပ်စစ်သင်္ဘောများနှင့် ဝေဟင်ရှာဖွေရေး အထောက်အကူပြုအဖွဲ့များဖြင့် ဖြန့်ကြက်ရှာဖွေလျက်ရှိသည်။

ဆင်ဟွာ

# ဟောင်ကောင်ရှိ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ မီးလောင်မှုဖြစ်ပွား လူ ၁၂ ဦး ဆေးရုံပို့လိုက်ရ

**ဟောင်ကောင် ဒီဇင်ဘာ ၁၅**

ဟောင်ကောင်ရှိ ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ အတွင်းပိုင်းတွင် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက မီးအကြီးအကျယ် လောင်ခဲ့ပြီးနောက် လူ ၁၂ ဦး ဆေးရုံတင်လိုက်ရကြောင်း ဟောင်ကောင်အထူးအုပ်ချုပ်ရေး ဒေသ အစိုးရက ပြောကြားလိုက်သည်။

မီးသည် ဝမ်ချိုင်းဒေသရှိ ဈေးဝယ်ကုန်တိုက်နှင့် ရုံးအဆောက်အအုံ၌ ဒေသစံတော်ချိန် ၁၂ နာရီ ၃၇ မိနစ်က စတင်လောင်ခဲ့ပြီး မွန်းလွဲ ၁ နာရီ ၃ မိနစ်ခန့်တွင် တတိယအမြင့်ဆုံး သတိပေးမှုအဆင့်ထိ ရောက်ရှိလာခဲ့ကာ ၃ နာရီ ၅ မိနစ်တွင် အဆောက်အအုံကြီးတစ်ခုလုံး မီးလောင်သွားခဲ့သည်။

မီးသတ်သမားများသည် မီးငြိမ်းသတ်ကိရိယာများ ပြင်ဆင်တပ်ဆင်၍ ငြိမ်းခဲ့သည်။

မီးလောင်မှုကြောင့် လူ ၁၂ ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

ဆင်ဟွာ

# ဟေတီမြောက်ပိုင်းဆိပ်ကမ်းမြို့၌ ဆီတင်ယာဉ်တစ်စီးပေါက်ကွဲမှုဖြစ်ပွား၍ သေဆုံးသူ ၆၀ ထက်မနည်းရှိ

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၁၅**

ဟေတီမြောက်ပိုင်းဆိပ်ကမ်းမြို့ဖြစ်သည့် ကပ်ဟေတီတွင် ဒီဇင်ဘာ ၁၄ ရက်က ဆီတင်ယာဉ်တစ်စီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၆၀ ထက်မနည်း သေဆုံးခဲ့ကြောင်း အရာရှိတစ်ဦးက ပြောသည်။

လူပေါင်း ဒါဇင်နှင့်ချီ ဒဏ်ရာရရှိခဲ့သည့်အတွက် ဟေတီဒုတိယအကြီးဆုံး မြို့တော် ကပ်ဟေတီရှိဆေးရုံသို့ပို့ဆောင်လိုက်ရကြောင်း၊ ဒုတိယမြို့တော်ဝန် ပက်ထရစ်အယ်လ်မိုနေ့က သတင်းထောက်များကို ပြောကြားခဲ့ပြီး ပေါက်ကွဲမှုမှာ ကြောက်စရာကောင်းသော ပေါက်ကွဲမှုဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဆီတင်ယာဉ် ပေါက်ကွဲမှုကြောင့် နေအိမ်အတော်များများ မီးလောင်ပျက်စီးမည်ဟု မီးသတ်သမားများက ကနဦး ခန့်မှန်းထားသည်။

အဆိုပါဒေသတွင်ရှိသော ဆေးရုံ၌ လူပြည့်သွားသဖြင့် ဒဏ်ရာရရှိသူများကို ဆက်လက်ကုသပေးရန် အစိုးရက ယာယီကွင်းပြင်ဆေးရုံတစ်ရုံ အမြန်ဆုံး စီစဉ်ပေးခဲ့ရကြောင်း သိရသည်။

လောင်စာတင်ယာဉ်သည် ဆိုင်ကယ်ကို ရှောင်တိမ်းရန် ကြိုးစားလိုက်ပြီးနောက် တိမ်းမှောက်သွားကာ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပေါက်ကွဲမှုသည် ဒီဇင်ဘာ ၁၄ ရက် နံနက်က ဖြစ်ပွားခဲ့ကြောင်း ဒုတိယမြို့တော်ဝန်က ပြောသည်။

ဆီတင်ယာဉ်ပေါ်၌ ဆီများထွက်ကျဖိတ်စဉ်ကုန်သောကြောင့် အနီးမှလူများ ဆီယူရန် ဝိုင်းအုံလာခဲ့သည်။ လက်နက်ကိုင် ရာဇဝတ်မှု ကျူးလွန်မှုများကြောင့် ဟေတီသည် လောင်စာဆီပြတ်တောက်မှုကို ဆိုးရွားစွာ ကြုံတွေ့ခံစားရလျက်ရှိပြီး ခေတ်ငွေ့ဈေးနှုန်းများလည်း မြင့်လျက်ရှိသည်။

ဆင်ဟွာ



မီးလောင်သွားသည့် ဆီတင်ယာဉ်နှင့် အနီးအနားရှိ မီးလောင်ထားသော နေအိမ်များကို တွေ့ရစဉ်။

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



## ဒီဇင်ဘာ ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂၉ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၄ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၁၉၇ ဦးရှိ

**ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုး နိုင်ငံပေါင်း ၇၆ နိုင်ငံ ပျံ့နှံ့**

(၁၅–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၅–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၇,၂၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂၉) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃၃) ရာခိုင်နှုန်း ရှိ**ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၄၂,၅၈၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၇,၅၀၃) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၈၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၄,၁၇၈) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၄) ဦး ရှိ**သဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၁၉၇) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၄–၁၂–၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၁၉,၂၇၁,၀၀၉) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ် အပြည့် ထိုးနှံပြီးစီးသူ (၁၃,၃၇၉,၉၄၅) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၈၉၁,၀၆၄) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၄–၁၂–၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၃၂,၆၅၀,၉၅၄) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၅–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၁၉) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆၆) ခု | (၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၉) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၃၈) ခု | (၈) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင် ၇၀၀) | (၆၄) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၅၈၃) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၃၃) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၀၉၈) ခု | (၁၈၈) ဦး |
| စုစုပေါင်း | (၁၇,၂၀၀) ခု | (၂၂၉) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

**(၁၄–၁၂–၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၈၉၁,၀၆၄) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၃,၃၇၉,၉၄၅) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၉,၂၇၁,၀၀၉) ဦး |
| **စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses)** | (၃၂,၆၅၀,၉၅၄) ကြိမ် |

- ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၁၅–၁၂–၂၀၂၁) ရက်နေ့၊ နံနက် (၀၆:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၇၆) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကြောင်းသိရှိရပြီး အာဖရိက နိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီး ဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံ ဒေသတွင်းနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနိုင်ငံနှင့် မော်လ်ဒိုက်နိုင်ငံတို့တွင်လည်း တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်း စည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေး ဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့ မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇပြောင်း မျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေး တိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ၁၅-၁၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၁၁၃၆၄၄၂ | ၄၀၂၃၉၅၁၃ | ၈၂၁၃၃၅ |
| ၂။ | အိန္ဒိယ | ၃၄၇၁၀၆၃၀ | ၃၄၁၄၆၉၃၁ | ၄၇၆၁၃၅ |
| ၃။ | ဘရာဇီး | ၂၂၁၉၅၇၇၅ | ၂၁၄၁၄၃၁၈ | ၆၁၇၁၂၁ |
| ၄။ | ဗြိတိန် | ၁၀၉၃၂၅၄၅ | ၉၅၇၄၅၄၆ | ၁၄၆၆၂၇ |
| ၅။ | ရုရှား | ၁၀၁၀၃၁၆၀ | ၈၈၃၉၆၃၃ | ၂၉၂၈၉၁ |
| ၆။ | တူရကီ | ၉၀၈၀၄၅၂ | ၈၆၆၂၀၂၆ | ၇၉၅၀၃ |
| ၇။ | ပြင်သစ် | ၈၃၃၄၁၃၃ | ၇၃၆၂၄၅၀ | ၁၂၀၈၃၂ |
| ၈။ | ဂျာမနီ | ၆၆၀၀၅၁၁ | ၅၅၅၉၇၀၀ | ၁၀၇၁၆၆ |
| ၉။ | အီရန် | ၆၁၆၀၃၀၃ | ၅၉၈၀၅၆၆ | ၁၃၀၈၃၁ |
| ၁၀။ | အာဂျင်တီးနား | ၅၃၆၆၅၂၂ | ၅၂၂၀၄၁၈ | ၁၁၆၈၂၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

**၁၅ – ၁၂ – ၂၀၂၁**

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၉၆၄၄ | ၄၁၁၀၈၁၁ | ၁၄၃၉၆၉ |
| ဖိလစ်ပိုင် | ၂၈၃၆၉၁၅ | ၂၇၇၆၂၇၃ | ၅၀၄၄၉ |
| မလေးရှား | ၂၆၉၉၂၄၀ | ၂၆၁၀၆၁၀ | ၃၀၉၅၆ |
| ထိုင်း | ၂၁၇၈၂၇၆ | ၂၁၁၀၇၀၁ | ၂၁၂၅၈ |
| ဗီယက်နမ် | ၁၄၅၉၁၇၅ | ၁၀၆၃၄၂၈ | ၂၈၆၁၆ |
| မြန်မာ | ၅၂၇၅၀၃ | ၅၀၄၁၇၈ | ၁၉၁၉၇ |
| စင်ကာပူ | ၂၇၄၁၄၃ | ၂၆၈၃၀၀ | ၈၀၄ |
| ကမ္ဘောဒီးယား | ၁၂၀၃၉၀ | ၁၁၆၇၄၆ | ၂၉၉၅ |
| လာအို | ၉၃၀၆၁ | ၈၀၇၉၀ | ၂၅၆ |
| ဘရူနိုင်း | ၁၅၃၆၃ | ၁၅၀၈၈ | ၉၈ |

# နိုင်ငံအတွက် ရေထွက်ကုန်အများဆုံး ဖြည့်တင်းပေးနေသည့် ဂုဏ်ယူဖွယ်ရာ ရခိုင်ပြည်နယ်

မြင့်မြတ်သစ္စာ

**ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်ခြမ်းတွင်တည်ရှိပြီး မြောက်ဘက်တွင် ချင်းပြည်နယ်၊ တောင်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) နှင့် အနောက်ဘက်၌ ဘင်္ဂလားပင်လယ်အော်တို့နှင့် ထိစပ်လျက်ရှိသည်။**



မွေးမြူရေးကဏ္ဍမှ နိုင်ငံခြားဝင်ငွေရရှိစေသည့် ရခိုင်ပြည်နယ်ရှိ ကမ်းဝေးငါးဖမ်းရေယာဉ်များကို တွေ့ရစဉ်။

အထူးသဖြင့် ပင်လယ်ကမ်းရိုးတန်း အရှည် ၄၄၃ မိုင် ပိုင်ဆိုင်ထားသော ရခိုင်ပြည်နယ်သည် နိုင်ငံ၏ အခြေခံစားသောက်ကုန်ဖြစ်သော ရေထွက်ကုန် အများဆုံးထွက်ရှိရာ ပြည်နယ်တစ်ခု အဖြစ် ဂုဏ်ယူဖွယ်ရပ်တည်လျက်ရှိသည်။ ရခိုင်ပြည်နယ်သည် ဧရိယာ ၁၄၂၀၀ ဒသမ ၀၈ စတုရန်းမိုင် ကျယ်ဝန်းပြီး မြစ်၊ ချောင်းများပေါများသော ဒေသဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးနှင့် ဆင်တူသော ပထဝီအနေအထားရှိပြီး အနောက်ရိုးမ(ရခိုင်ရိုးမ)သည် ကမ်းရိုးတန်းတစ်လျှောက် မြောက်မှတောင်သို့ သွယ်တန်းလျက်ရှိသည်။ မြောက်ဘက်ခြမ်းသည် မြေပြန့်အသင့်အတင့်ရှိပြီး တောက်ဘက်ခြမ်းသည် ပင်လယ်နှင့် ရိုးမအကြားတွင် တည်ရှိသောကြောင့် မြေပြင်အနေအထားမှာ ကျဉ်းမြောင်းသွားသည်။

### ရေသယံဇာတပေါကြွယ်

ရခိုင်ပြည်နယ် မြောက်ဘက်ခြမ်းသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် ကုလားတန်မြစ်၊ လေးမြို့မြစ်၊ နတ်မြစ်၊ မေယုမြစ်နှင့် ထင်ရှားသော မြစ်ကြီးများအပြင် ချောင်းများနှင့် ရေလက်ကြား ပေါများစွာ တည်ရှိသောကြောင့် ရေချို၊ ရေငန်ရေသယံဇာတနှင့် ငါး၊ ပုစွန် သယံဇာတ ပေါကြွယ်ဝသော ပြည်နယ်တစ်ခုလည်းဖြစ်သည်။

ပင်လယ်ပြင်နှင့်အတူ မြစ်၊ ချောင်းများ ပေါများသည့်အတွက် နိုင်ငံ၏ ရေထွက်ကုန် အများဆုံးထွက်ရှိရာ ဒေသတစ်ခုလည်း ဖြစ်သည်။ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်နယ်ရုံးတစ်ရုံး၊ ခရိုင်ရုံးငါးရုံး၊ မြို့နယ်ရုံး ၁၃ ရုံး၊ မြို့နယ်ခွဲရုံးတစ်ရုံး၊ ရေငန်ပုစွန်သားပေါက်စခန်း လေးခု၊ ရေချိုငါးသားပေါက်စခန်းနှစ်ခု၊ တစ်ပိုင်တစ်နိုင် ငါးသားဖောက်ရုံတစ်ရုံရှိပြီး ဝန်ထမ်းအင်အား ၁၈၈ ဦးဖြင့် ရေချို၊ ရေငန်ငါး၊ ပုစွန်ထုတ်လုပ်မှုကို ဆောင်ရွက်လျက်ရှိသည်။

### ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ရေး

ပြည်နယ်ရုံး၊ စစ်တွေခရိုင်၊ မြောက်ဦးခရိုင်၊ မောင်တောခရိုင်၊ ပေါက်တောမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ မြေပုံမြို့နယ်၊ မင်းပြားမြို့နယ်နှင့် ရေချမ်းပြင်စခန်း၊ စိုးမဲကျီစခန်း၊ ကျောက်တော်စခန်း၊ မြို့သူကြီးစခန်းတို့မှ ရေထွက်ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါး၊ ပုစွန်မွေးမြူထုတ်လုပ်ရေးကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိသည်။

### ငါး၊ ပုစွန်မျိုးကောင်း မျိုးသန့်

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် ဒေသခံ ပြည်သူတို့၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရန်၊ ငါး၊ ပုစွန်မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ပြန့်ပွားလာစေလျက် ငါးရိက္ခာများ ရေရှည်စားသုံးနိုင်စေရန် ရည်ရွယ်၍ သဘာဝ မြစ်၊ ချောင်းများနှင့် သဘာဝရေပြင်များ၊ အင်းအိုင်များနှင့် ဆည်မြောင်းများအတွင်းသို့ နှစ်စဉ် မျိုးများစိုက်ထည့်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)မှ ငါးသားပေါက်ကောင်ရေ ၁၀ သိန်း မျိုးစိုက်ထည့်ရန် လျာထားသတ်မှတ်ဆောင်ရွက်ခဲ့သည်။

### ငါးနှင့်ပုစွန် မျိုးစိတ်စိုက်ထည့်

ယခုနှစ်မိုးရာသီတွင် နိုင်ငံအတွင်း ရေသယံဇာတ စဉ်ဆက်မပြတ် ပေါကြွယ်ဝစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သဘာဝရေပြင်များနှင့် မြစ်၊ ချောင်း၊ ဆည်တမံတို့တွင် ငါးနှင့် ပုစွန်မျိုးစိတ်တို့ကို ငါးလုပ်ငန်းဦးစီးဌာနက ယခင်နှစ်များထက် ပိုမိုစိုက်ထည့်ခဲ့သည်။

ရခိုင်ပြည်နယ်တွင် ၂၀၂၂-ခုနှစ်၊ မတ်လမှစက်တင်ဘာလအထိ ရေငန်ပုစွန်သားပေါက်ကောင်ရေ ၇ သိန်း ၃ သောင်းနှင့် ငါးသားပေါက်ကောင်ရေ ၇ သိန်း ၇ သောင်း စုစုပေါင်း မျိုးကောင်ရေ ၁၅ သိန်းကို စိုက်ထည့်ခဲ့ရာ လျာထားချက်ထက် ငါးသိန်းကျော် မျိုးစိုက်ထည့်ခဲ့သည်မှာ အားရဖွယ်ပင်ဖြစ်သည်။

### ငါးပုစွန်သားပေါက် ၁၅ သိန်း

ကျောက်ဖြူမြို့နယ် ငလွေ့ချောင်းအတွင်း၌လည်းကောင်း၊ စစ်တွေမြို့နယ် ရေချမ်းပြင်ကျေးရွာ၊ ဇက်ရေယာဉ်ဆိပ်နှင့် မင်းဂံချောင်းအတွင်း၌လည်းကောင်း၊ ဘူးသီးတောင်မြို့နယ် မေယုမြစ်ဖျားအတွင်း၌လည်းကောင်း၊ မောင်တောမြို့ မြကန်သာဆည်အတွင်း၌ လည်းကောင်း၊ မင်းပြားမြို့ ဖလောင်းပြင်ဆည်နှင့် လေးမြို့မြစ်အတွင်း၌ လည်းကောင်း အဆိုပါနေရာအသီးသီးတွင် ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ထိုင်းငါးခုံးမနှင့် ပုစွန်သားပေါက်ကောင်ရေ ၁၅ သိန်းကို စိုက်ထည့်နိုင်ခဲ့သည်။

*စာမျက်နှာ ၁၇ သို့*



မွေးမြူထားသော ငါးများကို အလုပ်သမားတစ်ဦးက အစာကျွေးနေစဉ်။



မွေးမြူထားသော ငါးများကို အလုပ်သမားများက ဖော်ယူနေစဉ်။

*စာမျက်နှာ ၁၆ မှ*

ရခိုင်ပြည်နယ်၏ ပင်လယ်ပြင်တွင် ဒေသခံ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းစက်လှေများနှင့် ရန်ကုန်မြို့မှ ငါးဖမ်းစက်လှေများ ငါး၊ ပုစွန်များဖမ်းဆီးလျက်ရှိပြီး ပင်လယ်ပြင်နှင့် ဆက်စပ်လျက်ရှိသည့် ထိုဒေသ၏ ရေငန်မြစ်ချောင်းများနှင့် ရေချိုချောင်းများအတွင်းမှ ရေထွက်ကုန်များကို နေ့စဉ် ဖမ်းဆီးရရှိလျက်ရှိသည်။ ဒေသတွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မှုကြောင့် ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏တိုင်းပြည်ဝင်ငွေကို ရေထွက်ကုန်ပစ္စည်းမှ အထောက်အပံ့ရရှိသော ပြည်နယ်တစ်ခုအဖြစ် ဂုဏ်တင့်လျက်ရှိသည်။ ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အောက်တိုဘာလမှ စက်တင်ဘာလအထိ ရေငန်ပုစွန်သားပေါက်စခန်းများဖြစ်သော စစ်တွေမြို့နယ် ရေချမ်းပြင် ရေငန်ပုစွန်သားပေါက်စခန်း၊ ကျောက်ဖြူမြို့နယ် ရေတီယျရေငန် ပုစွန်သားပေါက်စခန်း၊ စိုးမဲကျီရေငန်ပုစွန် သားပေါက်စခန်းနှင့် မောင်တောမြို့နယ် အလယ်သံကျော် ရေငန်ပုစွန် သားပေါက်စခန်းတို့မှ သားပေါက်ကောင်ရေ ၁၁ ဒသမ ၅၃ သန်းထုတ်လုပ်နိုင်ခဲ့ပြီး သဘာဝရေပြင်များသို့ ဝ ဒသမ ၇၃ သန်း မျိုးစိုက်ထည့်ကာ သားပေါက်ကောင်ရေ ၁၀ ဒသမ ၈၀ သန်း ရောင်းချမှုဖြင့် နိုင်ငံတော်အတွက် ဘဏ္ဍာငွေရှာဖွေပေးနိုင်ခဲ့သည်။

ရေချိုသားပေါက်စခန်းများ ဖြစ်သော ဘူးသီးတောင်မြို့နယ် ကကျာဘက်ကံပြင်ရေချိုငါးသားပေါက် စခန်းမှ ငါးသားပေါက်ကောင်ရေ ဝ ဒသမ ၃၀ဝ သန်းထုတ်လုပ်နိုင်ခဲ့ပြီး သဘာဝရေပြင်နှင့်မွေးမြူရေးကန်တို့တွင် မျိုးစိုက်ထည့်နိုင်ခဲ့သည်။

**ငါးသားပေါက်များ မျိုးစိုက်ထည့်**

ရခိုင်ပြည်နယ်တွင် ငါးမျိုးစိုက်ထည့်နိုင်ရန် ငါးသားပေါက်ထုတ်လုပ်သည့်စခန်းများဖြစ်သော ဘူးသီးတောင်မြို့နယ် ကကျလက်ကံပြင် ရေချိုငါးသားပေါက်စခန်း၊ မောင်တောမြို့နယ် မြို့သူကြီး တစ်ပိုင်တစ်နိုင်စခန်းနှင့် မင်းပြားမြို့နယ် ပုဂ္ဂလိကတစ်ပိုင်တစ်နိုင်စခန်းတို့မှ ငါးသားပေါက်ကောင်ရေဝ ဒသမ ၇၇ဝ သန်းကို ထုတ်လုပ်ခဲ့ကာ အဆိုပါသားပေါက်များကိုလည်း မျိုးစိုက်ထည့်နိုင်ခဲ့သည်။

ပြည်နယ်အတွင်းရှိ စစ်တွေခရိုင်တွင် ၃၄၃၃၈ ဒသမ ၇၃ ဧကေ၌ ပုစွန်မွေးမြူရေး ကန် ၁၁၆၂ ကန်ကို လည်းကောင်း၊ ဧက ၉၇ ဒသမ ၈၅ အကျယ်ရှိသော မြေဧရိယာတွင် ကဏန်းပျော့မွေးမြူရေးကန်နှစ်ကန်ကိုလည်းကောင်း၊ မြောက်ဦးခရိုင်အတွင်းရှိ ၉၃ ဒသမ ၂၃ ဧကတွင် ငါးမွေးမြူရေးကန် ရှစ်ကန်ကို လည်းကောင်း၊ ဧက ၂၀၃၄၂ ဒသမ၂၉ ဧရိယာတွင် ပုစွန်မွေးမြူရေးကန် ၆၇၁ ကန်ကို လည်းကောင်း၊ မောင်တောခရိုင်ရှိ ၃၂ ၇ဒသမ ၇၀ ဧကတွင် ငါးကန် ၁၀၇ ကန်နှင့် ၁၅၄၃၁ ဒသမ ၀၀ ဧက၌ ပုစွန်မွေးမြူရေးကန် ၂၅၉၄ ကန်ကို လည်းကောင်း၊ ကျောက်ဖြူခရိုင်ရှိ ၉၉၁၉ ဒသမ ၁၂ ဧကတွင် ပုစွန်မွေးမြူရေးကန် ၁၅၂ကန်နှင့် ၃၇ ဒသမ ၇၅ မြေဧကတွင် ကဏန်းပျော့မွေးမြူရေးကန် ငါးကန်ကို လည်းကောင်း၊ သံတွဲခရိုင်အတွင်းရှိ ၃၆၉၆ ဒသမ ၆၄ ဧကတွင် ပုစွန်မွေးမြူရေး ကန်ပေါင်း ၉၀ နှင့် ၃၁ ဒသမ ၉၀ ဧက အကျယ်ရှိသော ဧရိယာ၌ ကဏန်းပျော့ မွေးမြူရေးကန်ခြောက်ကန်တို့တွင် ငါးနှင့်ပုစွန်တို့ကို မွေးမြူထုတ်လုပ်လျက်ရှိသည်။



ရခိုင်ပြည်နယ်၌ ပြည်ပဈေးကွက်ဝင် ကဏန်းပျော့များ မွေးမြူထားမှုကို တွေ့ရစဉ်။

**ပြည်ပဈေးကွက်ဝင် ရေထွက်ကုန်**

ရခိုင်ပြည်နယ်အတွင်း၌ မြေဧက ၁၆၇ ဒသမ ၅၀ ဧကတွင် ကဏန်းမွေးမြူရေးကန် ၁၃ ကန်၊ မြေဧရိယာ ၈၃၇၂၇ ဒသမ ၇၈ ဧကတွင် ပုစွန်မွေးမြူရေးကန် ၄၆၆၉ ကန်နှင့် ၄၂၀ ဒသမ ၉၁ ဧက အကျယ်ရှိသော မြေဧရိယာ၌ ငါးမွေးမြူရေးကန် ၁၁၅ ကန်တို့ဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်သော ရေထွက်ကုန် ငါး၊ ပုစွန်၊ ကဏန်းတို့ကို မွေးမြူထုတ်လုပ်လျက်ရှိသည်။

ရေသယံဇာတ ပေါကြွယ်ဝသော ရခိုင်ပြည်နယ်တွင် မြစ်၊ ချောင်းများ ပေါများသောကြောင့် လျှပ်စစ်စွမ်းအင် ထုတ်လုပ်ရန် အခက်အခဲများစွာရှိနေပြီး လျှပ်စစ်မီးရရှိပါက ကုန်ကြမ်းမှ ကုန်ချောအဖြစ် တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ကုန်ကြမ်းရရှိရာ ထိုဒေသတွင် ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပဈေးကွက်သို့ စံချိန်စံညွှန်းမီမီ မြန်ဆန်စွာ တင်ပို့နိုင်ခြင်းသည် နိုင်ငံခြားဝင်ငွေကို ပိုမိုတိုးမြင့်ရရှိစေလျက် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စစ်တွေခရိုင်အတွင်း ရေငန်ပုစွန် ကုန်ကြမ်းအဖြစ် ၈၀၀ ဒသမ၂၈ တန်ရရှိခဲ့ရာ ကုန်ချောအဖြစ် ၁၀၉၀ ဒသမ ၇၅ တန်ကို လည်းကောင်း၊ ရေငန်ငါး ကုန်ကြမ်းအဖြစ် ၃၆၈ ဒသမ ၉၉ တန်ရရှိရာမှ ကုန်ချောအဖြစ် ၃၈၂ ဒသမ ၅၉ တန်ကို လည်းကောင်း၊ ကဏန်းပျော့ ကုန်ကြမ်း ၇၈ ဒသမ ၆၅၀ တန်ရရှိရာမှ ကုန်ချောအဖြစ် ၆၂ ဒသမ ၆၁၈ တန်ကိုလည်းကောင်း၊ ပုစွန်ခြောက်ကုန်ကြမ်း ၈၄ ဒသမ ၄၈ တန်ရရှိရာမှ ကုန်ချောအဖြစ်၇၂ဒသမ ဝ၁ တန်ကိုလည်းကောင်း အသီးသီးထုတ်လုပ်နိုင်ခဲ့သည်။

ရခိုင်ပြည်နယ်မှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တန်ချိန် ၃၃၆၉ ဒသမ ၉၆၃ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ၂ ဒသမ ၈၆၉ သန်းကိုလည်းကောင်း၊ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တန်ချိန် ၇၀၉၃ ဒသမ ၄၁၃ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၄၉ သန်းကိုလည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တန်ချိန် ၃၃၀၄ ဒသမ ၄၀ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ဝ၅၁ သန်းကို လည်းကောင်း၊ စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တန်ချိန် ၁၇၀၆ ဒသမ ၃၀ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၀၉ သန်းကို လည်းကောင်း ရခိုင်ပြည်နယ်မှ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေကို ရှာဖွေနိုင်ခဲ့သည်။

**ရေသယံဇာတများစွာ စုဝေး**

မြန်မာနိုင်ငံသည် စတုရန်းမိုင် ၂၂၃၀ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားပြီး ရခိုင်ပြည်နယ်သည် မိုင် ၄၄၀ ရှည်လျားသော ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသောကြောင့် ရေသယံဇာတအရင်းအမြစ်များစွာ စုဝေးတည်ရှိရာ ပြည်နယ်တစ်ခုလည်းဖြစ်သည်။

ပင်လယ်ပြင်၏ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းဧရိယာတွင် နေ့စဉ် ငါး၊ပုစွန်တို့ကို ဖမ်းဆီးလျက်ရှိပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၌ စက်တင်ဘာလကုန်ပိုင်းအထိ စစ်တွေခရိုင်အတွင်းရှိ စစ်တွေ၊ ရသေ့တောင်၊ ပေါက်တော၊ ပုဏ္ဏားကျွန်းမြို့နယ်တို့မှ လည်းကောင်း၊ မြောက်ဦးခရိုင်အတွင်းရှိ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံမြို့နယ်တို့မှ လည်းကောင်း၊ မောင်တောခရိုင်အတွင်းရှိ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့မှလည်းကောင်း၊ ကျောက်ဖြူခရိုင်အတွင်းရှိ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်းမြို့နယ်တို့မှ လည်းကောင်း၊ သံတွဲခရိုင်အတွင်းရှိ တောင်ကုတ်၊ ဂွ၊ ကျိန္တလီမြို့နယ်တို့မှ လည်းကောင်း ရေချိုကမ်းနီး စက်တပ်/စက်မဲ့အစင်းရေနှင့် ရေငန်ကမ်းနီး စက်တပ်/စက်မဲ့အစင်းရေ ၄၄၅၇ စင်းကို ကမ်းနီးငါးဖမ်းလိုင်စင် ထုတ်ပေးခဲ့သည်။

**ပြည်သူများစားသုံးရန်**

ကမ်းဝေး ငါးဖမ်းစက်လှေတွင် ဒေသခံအစင်းရေ ခြောက်စင်း၊ ရန်ကုန်မြို့မှ ငါးဖမ်းစက်လှေ ၃၀၀ ကျော်ဖြင့် စုစုပေါင်းအစင်းရေ ၃၆၈ စင်းသည် မြန်မာပြည်၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့နှင့် နိုင်ငံတစ်ဝန်းမှ ပြည်သူများ ရေထွက်ကုန်စားသုံးနိုင်ရန် ရခိုင်ပြည်နယ်မှ ထုတ်လုပ်လျက်ရှိရာ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုတွင် တနင်္သာရီတိုင်းဒေသကြီးထက် ထုတ်လုပ်တင်ပို့မှုများသော ပြည်နယ်တစ်ခုအဖြစ် ယနေ့တိုင်ရပ်တည်လျက်ရှိသည်။



ရခိုင်ပြည်နယ်မှ ထွက်ရှိသော ကဏန်းပျော့များအား ပြည်ပတင်ပို့ရန် ထုပ်ပိုးထားမှုကို တွေ့ရစဉ်။

ဆန်စပါးနှင့် သားငါးရိက္ခာသည် နိုင်ငံ၏ အဓိကဝမ်းစာဖြစ်သောကြောင့် ပြည်သူများ အာဟာရပြည့်ဝရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးတွင် ပင်လယ်ပြင်ငါး၊ ပုစွန်ရရှိမှုနှင့်အတူ ငါး၊ ပုစွန် မွေးမြူထုတ်လုပ်ရေးကဏ္ဍသည်လည်း အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ တစ်ချိန်တွင် ပင်လယ်ပြင်ငါးသယံဇာတလျော့နည်းလာချိန်၌ ပြည်တွင်း ရေချို/ရေငန်မွေးမြူမှုနှင့် သုတေသနစမ်းသပ်သားဖောက်လုပ်ငန်းများ အောင်မြင်မှုသည် နိုင်ငံအတွက် ဝမ်းစာဖူလုံရုံသာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တို့ကို အကျိုးဖြစ်ထွန်းစေမည့် နိုင်ငံခြားဝင်ငွေရရှိမှုကိုလည်း ထောက်တိုင်ကြီးများပမာ အထောက်အပံ့ကောင်းများကို ရရှိစေမည်ဖြစ်သည်။

**ရေလုပ်ငန်းဖြင့် ရပ်တည်သော ပြည်နယ်**

ရခိုင်ပြည်နယ်သည် ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းနှင့် မြင့်မားသည့် ရခိုင်ရိုးမ၏ တောင်စွယ်တောင်တန်းများကြောင့် ဒီရေရောက်တောများ၊ ရေငန်မြစ်၊ ချောင်းများနှင့် ရေငန်၊ ရေချိုစပ်ဧရိယာများ၊ ရေချိုချောင်းများနှင့် ရေချို၊ ရေငန်စပ်ဧရိယာ များစွာတည်ရှိပြီး ရေသယံဇာတ ပေါကြွယ်ဝသော ဒေသဖြစ်ရာ ရေချိုနှင့် ရေငန်ငါး၊ ပုစွန်များ နေရာဒေသအလိုက် ရှင်သန်ပေါက်ပွားလျက်ရှိသည်။ ရေသယံဇာတသိုက်ကြီးတည်ရှိရာ ရခိုင်ပြည်နယ်သည် ရေလုပ်ငန်းဖြင့် ရပ်တည်နိုင်သော ပြည်နယ်တစ်ခုလည်းဖြစ်သည်။

သို့ဖြစ်၍ ပင်လယ်ပြင် ရေသယံဇာတ ထိန်းသိမ်းမှုနှင့် ဒေသတွင်းတည်ရှိသည့် ဒေသမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်မှုသည် ဒေသခံတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၏ လင်းရောင်ခြည်များဖြစ်ပြီး အနာဂတ်သို့တိုင် လက်ဆင့်ကမ်းသယ်ဆောင်ခြင်းဖြင့် ပန်းခင်းသောလမ်းပမာ ပြည်နယ်၏စီးပွားရေးဖွံ့ဖြိုးမှုသည် မွေးပျံ့သင်းကြိုင်နေမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တို့ တည်ရှိရာ ရခိုင်ပြည်နယ်သည် နိုင်ငံအတွက် ရေထွက်ကုန်ပစ္စည်း အများဆုံး ဖြည့်တင်းပေးရာ ပြည်နယ်တစ်ခုလည်း ဖြစ်သောကြောင့် နိုင်ငံတော်အတွက်သာမက ထိုပြည်နယ်အတွက် ဂုဏ်ယူဖွယ်ပြည်နယ်တစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ခတ်ပုံ - ဓွဲမာန်**

**❖ ရခိုင်ပြည်နယ်အတွင်း၌ မြေဧက ၁၆၇ ဒသမ ၅၀ ဧကတွင် ကဏန်းမွေးမြူရေးကန် ၁၃ ကန်၊ မြေဧရိယာ ၈၃၇၂၇ ဒသမ ၇၈ ဧကတွင် ပုစွန်မွေးမြူရေးကန် ၄၆၆၉ ကန်နှင့် ၄၂၀ ဒသမ ၉၁ ဧက အကျယ်ရှိသော မြေဧရိယာ၌ ငါးမွေးမြူရေးကန် ၁၁၅ ကန်တို့ဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်သော ရေထွက်ကုန် ငါး၊ ပုစွန်၊ ကဏန်းတို့ကို မွေးမြူထုတ်လုပ်လျက်ရှိ**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ၂၀၂၁ ခုနှစ် စတုတ္ထ (၃) လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၅



**ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၁ ခုနှစ် စတုတ္ထ (၃) လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၁) ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ တက်ရောက်အမှာစကား ပြောကြားသည်။** (ယာပုံ)

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဌာနဆိုင်ရာ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယအမြဲတမ်း အတွင်းဝန်တို့က ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ စတုတ္ထ (၃) လပတ် လုပ်ငန်း ဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် ရှိသည်များကို မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးစစ်အေး၊ ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ သူရဦးဘိုနီနှင့် ဤအဖွဲ့ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟိုဝန်ထမ်း တက္ကသိုလ်များမှ အမြဲတမ်းအတွင်းဝန်၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၅**



ကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုဒဏ်ကြောင့် ကဏ္ဍပေါင်းစုံ၌ ထိခိုက်မှုများ ကြုံတွေ့နေရချိန်တွင် လယ်ယာသားငါးကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုနှင့် ကုန်သွယ်စီးဆင်းမှုကိုလည်း သက်ရောက်လာလျက်ရှိရာ တောင်သူလယ်သမားများ အပါအဝင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်ခံရမှု သက်သာစေရန်၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

အစည်းအဝေးသို့ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး နည်းလမ်းများနှင့်အညီ လုပ်ငန်းခွင့်နှင့် လိုက်လျောညီထွေသည့် နေ့စဉ်လူနေမှုစနစ် ပုံစံသစ်ဖြင့် အရှိန်အဟုန်မပျက် ဆောင်ရွက်ရန် ကိစ္စရပ်များ၊ စိုက်ပျိုးမွေးမြူရေး အခြေခံသည့် အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ပုံမှန် လည်ပတ်နိုင်ရေးအတွက် ခေတ်စနစ်နှင့်အညီ လုပ်သာကိုင်သာရှိသည့် ဖြေလျှော့မှုများ ဆောင်ရွက်ပေးခြင်းနှင့်အတူ လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးကူညီပေးနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် စီမံဆောင်ရွက်သွားရန် လိုအပ်ချက်များ၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးလုပ်ငန်းများအပေါ် ထိခိုက်မှုများကို ကုစားရာ၌ ကာလတိုအတွင်း ဖြည့်ဆည်းပေးနိုင်ရေးနှင့် လိုအပ်ပါက ကာလရှည်အမျိုးသားအဆင့် စီမံကိန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ဒေါက်တာဝင့်ဝင့်မြိုင်သည် ထူးချွန်သော မြို့နယ်ကုသရေးဦးစီးဌာနမှူး တစ်ဦးဖြစ်ပြီး (၂၀၁၇) ခုနှစ်၊ (၂၀၁၈) ခုနှစ်နှင့် (၂၀၁၉)ခုနှစ်အတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စံပြမြို့နယ်ဆေးရုံများ ရွေးချယ်ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် စံပြမြို့နယ်ဆေးရုံဆုကို သုံးနှစ်ဆက်တိုက်ရရှိအောင် ဆောင်ရွက်ခဲ့သူဖြစ်ပါကြောင်း၊ (၂၀၂၁) ခုနှစ် မတ်လအတွင်း ဆေးရုံလုပ်ငန်းများ ဆက်လက်ထမ်းဆောင်ခဲ့သည့် ဆေးရုံများအား ဂုဏ်ပြုချီးမြှင့်ရာတွင်လည်း ပါဝင်ခဲ့ပြီး (၂၀၂၁) ခုနှစ်အတွင်း ဆေးရုံလုပ်ငန်းများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို အဆက်မပြတ်ခေါင်းဆောင်ကာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ချီးကျူးဂုဏ်ပြုထိုက်သော မြို့နယ်ကုသရေး ဦးစီးဌာနမှူး တစ်ဦးဖြစ်ပါသည်။

ထိုသို့ လူမဆန်သော အကြမ်းဖက်သမားတို့၏ ယုတ်မာရိုင်းစိုင်းမှုကြောင့် တိုင်းရင်းသားပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်နှိမ်နင်းရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနေသည့် နိုင်ငံ့ဝန်ထမ်းလုပ်သက် (၂၁) နှစ်ရှိ ကျန်းမာရေးဆိုင်ရာ ပြည်သူ့ဝန်ထမ်းကောင်း တစ်ဦးအား ဆုံးရှုံးရခြင်းအပေါ် ကျန်းမာရေးဝန်ကြီးဌာနမှ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါကြောင်းနှင့် ထိုသို့ယုတ်မာရိုင်းစိုင်း၍ လူမဆန်စွာဖြင့် ကျန်းမာရေးဝန်ထမ်းတစ်ဦးကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို နံရံကပ် ဓာတ်ပုံနှင့် စာအုပ်၊ စာစောင်ပြပွဲ သီပေါ၌ ကျင်းပ

**သီပေါ ဒီဇင်ဘာ ၁၅**



ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် (အကြို) နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက်ပိုင်းက ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နီလာစိုးက ပြပွဲ၊ ပြခန်းများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး ပြည်ထောင်စုကြီး တည်တံ့စေဖို့ လွတ်လပ်ရေးကို ပြည်သူများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်တတ်စေရန် ရည်ရွယ်လျက် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်း ဓာတ်ပုံများ ပြသထားခြင်း၊ ပြည်သူများ အသိပညာဗဟုသုတများ ရရှိစေရန်နှင့် စာပေကို မြတ်နိုးတန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ စာအုပ်စာစောင်များကို အမျိုးအစားပညာရပ်များအလိုက် ခင်းကျင်းပြသခဲ့ရာ ပြပွဲသို့ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာသည်ကို တွေ့ရသည်။

သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အထိမ်းအမှတ်နေ့များနှင့် နေ့ကြီးရက်ကြီးများ၌ ပြပွဲ၊ ပြခန်းများ ပြသဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများကို စာစီစာကုံးပြိုင်ပွဲ၊ မြန်မာစကားပုံဆက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ခြင်း၊ ပုံတူပန်းချီဆွဲပြိုင်ပွဲ စသည်တို့ကို လစဉ်ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ညောင်လေးပင်မြို့နယ်၌ အိမ်ထောင်စုစာရင်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**ညောင်လေးပင် ဒီဇင်ဘာ ၁၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်လေးပင်မြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုစာရင်းများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဒီဇင်ဘာ ၁၄ ရက်က ညောင်လေးပင်မြို့နယ် ပွန်တန်ဆာမြို့၌ ကွင်းဆင်းဆောင်ရွက်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြသည်။ ကွင်းဆင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမြို့နိုင်နှင့်အဖွဲ့ဝင်များက ကြီးကြပ်ကာ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည်။

ယနေ့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ညောင်လေးပင်မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၃ ခု၊ ကျေးရွာအုပ်စု ၄၈ ခု၊ ကျေးရွာပေါင်း ၁၅၁ ရွာရှိ လူဦးရေ ၆၄၀၄ ဦး လျှာထားပြီး ဒေသခံပြည်သူ ၃၇၈၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၆-၁၂-၂၀၂၁ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သရေခေတ္တရာ ပျူမြို့ဟောင်းဆီသို့ |
| ၀၉:၁၅ | NRC အစီအစဉ် (ကရင်) |
| ၁၀:၃၀ | ရှိမ်းပကားတောရကြီးကျောင်းသို့ |
| ၁၁:၃၅ | ရုပ်မြင်သံကြားဇာတ်လမ်း 'စိတ်' |
| ၁၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာဖုံး' (အပိုင်း-၂၀) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ရူပဗေဒဘာသာရပ်' |
| ၁၅:၃၅ | ရုပ်မြင်သံကြားဇာတ်လမ်း 'နွေးထွေးသောပေတ္တာအိမ်ကလေး' |
| ၁၆:၃၅ | မျက်မှောက်ရေးရာအပြာပြာ |
| ၁၇:၁၀ | Soccer View |
| ၁၇:၂၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၂၅ | ၂၀၁၃ ဆီးဂိမ်းအမှတ်တရအစီအစဉ် (ပိတ်ပွဲအခမ်းအနား) (အပိုင်း-၂) |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါးဒါးအချစ်ချိုချို' (အပိုင်း-၃) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၅) |
| ၂၂:၁၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'နှောင်း' |

သောကြာနေ့ ညတိုင်းတွင် တေးဂီတပျော်ပြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Visiting A Serene Village In The Northwest Of Myanmar |
| 07:42 | Htan Taw Drums (Part-I) "Osi" |
| 07:55 | Paper Toys |
| 08:01 | Discovering Tribes: Enn (Their Life and Customs) |
| 08:28 | Home for the Beautiful Star Tortoises |
| 08:44 | Ecotourism: Shwebo & Hanlin (Ancient Pyu City) |
| 09:02 | The Great Collector: Myanmar Antique Furniture |
| 09:20 | Amazing: Magician Sak Kaw Ma |
| 09:35 | Colourful Lotus-Shaped Candles |
| 09:43 | The Golden Triangle |
| 10:01 | Myanmar Delicate Artistic Handy Creations - Lacquer Ware Making |
| 10:26 | Crab Business (Part-I) Mud Crab |

### MRTV NRC

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ရှမ်းရိုးရာအစားအစာ ရှမ်းထမင်းချဉ်

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဆောင်းတွင်းမှာတစ်မူခြားပြီးသာယာလှပတဲ့ ဖလမ်းမြို့

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၄)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ထန်းပင်ပေါ်ကတို့ပေပေ

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
လခြမ်းမြေမှရိုးရာအလှ(အပိုင်း-၁)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
လုပဆင်ယင်ခမ်းတီးအဆင်

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
လားရှိုးသို့အလည်တစ်ခေါက်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ကချင်ချောင်းသာသို့အလည်တစ်ခေါက်

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
လန်းဆန်းပျော်ရွှင် ရေလမ်းကြောင်းခရီးစဉ်

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'လောဘနဲ့ဒေါသ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇) |
| ၁၀:၃၀ | ရွေးချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုး အကြောင်းသိကောင်းစရာ(အပိုင်း-၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၂) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊
Education Channel ကို စနေ၊ တနင်္ဂနွေမှအပ
နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# "တူယှဉ်နွဲပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ အုပ်စု(ခ) ဒုတိယပွဲစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ အုပ်စု (ခ) ဒုတိယပွဲစဉ်ကို ဒီဇင်ဘာ ၁၇ ရက် (သောကြာနေ့) ညတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါပွဲစဉ်၌ တိုင်းရင်းသားပြိုင်ပွဲဝင်များ ဖြစ်ကြသည့် ရန်ကုန်တိုင်းဒေသကြီးမှ ကြူကြူခိုင်၊ ရှမ်းပြည်နယ်မှ သီတာစမ်း၊ မန္တလေး တိုင်းဒေသကြီးမှ ကျော်ခိုင်စိုး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်မြင့်သိန်း၊ ကယားပြည်နယ်မှ အိရှွေစင်၊ ကရင်ပြည်နယ်မှ ချမ်းဟိန်းဝင်းထွန်း၊ ရခိုင်ပြည်နယ်မှ ခိုင်ဝင်းသူ၊ ချင်းပြည်နယ်မှ ထုံလှိုင်းနှင့် ကချင်ပြည်နယ်မှ N လုံးလုံ တို့က ယှဉ်ပြိုင်သီဆိုကြမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားခေတ်ပေါ်တေးဂီတမှ တီးခတ်ပေးမည်ဖြစ်ကာ ဒုတိယအကြိမ်အဖြစ် ဒီဇင်ဘာ ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်သည်။

"တူယှဉ်နွဲပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲတွင် နေပြည်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမသုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့က အဖွဲ့ ငါးဖွဲ့ခွဲ၍ အုပ်စုပွဲစဉ် ၁၀ ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လည်းကောင်း၊ နောက်ဆုံးပွဲစဉ်နှစ်ပွဲကို ရန်ကုန်မြို့ ပြည်သာယာရှိ မြဝတီမီဒီယာစင်တာတွင် လည်းကောင်း နိုဝင်ဘာ ၂၆ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်အထိ အပတ်စဉ် သောကြာနေ့ ညတိုင်း သီဆိုယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးလျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ တစ်ခုမှ Feravir Tablet ၁၂၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၆၀၊ စုစုပေါင်း ၄၉၃၃၅၈ Kg ၊ နယ်စပ် (ချင်းရွှေဟော်) တွင် ကုမ္ပဏီ ၁၀ ခုတို့မှ Mask ၁၇၄၁၈၉ Kg ၊ Sai V C (Injection) ၃၀၉၆၀၊ Glucose Injection ၄၆၅၆၀၊ Sodium Chloride Injection ၉၀၀၀၊ PPE ၆၇၈၄၀၊ Pai B1 Tablet ၃၂၃၆၀၊ Paracetamol Tablet ၉၈၈၀၊ Pai Cetirizine Tablet ၁၁၃၂၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၁၂ - ၂၀၂၁

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၉၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၈၄၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၈၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၈၁၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၇၀/၁၂၉၀ ကျပ် | ၁၃၀၀/၁၃၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၈၀/၁၃၁၀ ကျပ် | ၁၃၁၅/၁၃၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၉၀/၁၃၁၅ ကျပ် | ၁၃၄၅/၁၃၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၄၀/၁၃၆၅ ကျပ် | ၁၄၅၀/၁၄၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၈၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၀၇ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၁ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၂၈၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၅ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၅၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၆၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၀၂ |

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၆၀၀ | ၆၀ | ၅၁၁၀၀၀ |
| MTSH | ၃၀၀၀ | ၃၀၅၀ | ၅၇၆ | ၁၇၅၄၈၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နယ်စပ်ဒေသရှိ ကျေးရွာများသို့ ပေးဝေသည့် မေတ္တာရေစင်

ထွန်းထွန်းလှိုင်(နတလ)

**လူနှင့်သက်ရှိများ အသက်ရှင်သန်နိုင်ရေးအတွက် ရေသည် မရှိမဖြစ်လိုအပ်ပါသည်။ ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၀ ရာခိုင်နှုန်းကို ပင်လယ်၊ သမုဒ္ဒရာများက ဖုံးလွှမ်းထားသည်။ ကမ္ဘာ့ရေထုအားလုံး၏ ၉၈ ရာခိုင်နှုန်းသည် ပင်လယ်နှင့် သမုဒ္ဒရာများရှိ သောက်သုံး၍ မရသော ဆားငန်ရေများအဖြစ်သာ ရှိနေကြသဖြင့် ကျန် ၂ ရာခိုင်နှုန်းမျှသော ကမ္ဘာ့ရေထုသည်သာ ရေချိုအဖြစ် တည်ရှိနေကြပါသည်။ ရာခိုင်နှုန်းအားဖြင့် ၀ ဒသမ ၃၆ ရာခိုင်နှုန်းမျှသာဖြစ်ပြီး အလွန်နည်းသော်လည်း ဂါလန်အားဖြင့် အမြောက်အမြားရှိနေသောကြောင့်သာ ကျွန်ုပ်တို့ နေ့စဉ်ရေအတွက် မပူမပင်သုံးစွဲနေရခြင်း ဖြစ်ပါသည်။ လူ့ခန္ဓာကိုယ်တွင်လည်း ရေသည် ၆၅ ရာခိုင်နှုန်းပါဝင်နေပြီး သာမန်အားဖြင့် လူတစ်ယောက်သည် တစ်နေ့လျှင် ရေနှစ်လီတာခန့်သောက်သုံးရန် လိုအပ်ပါမည်။**

ကမ္ဘာ့ရေထုတွင် မြေပေါ်ရေ၊ မြေအောက်ရေ ဟူ၍ နှစ်မျိုးရှိပါသည်။ မြေအောက်ရေဆိုသည်မှာ ကမ္ဘာမြေကြီး၏ အပေါ်ယံမြေလွှာအောက်တွင်ရှိပြီး သဲလွှာနှင့် ကျောက်စရစ်လွှာကြားတွင် ရှိနေတတ်ကာ ရွှံ့စေး (မြေစေး) မြေများက ခွဲခြားထားပါသည်။ ထိုမြေစေးပေါ်တွင်ရှိသော ရေများကို Unconfined Aquifer ဟုခေါ်ပြီး မြေစေးအောက်တွင်ရှိသော ရေကို confined Aquifer ဟု ခေါ်ပါသည်။ အဝီစိတွင်းများသည် ရွှံ့စေးမြေအောက်မှရရှိသော ရေကြည်ရေသန့်များ ဖြစ်ကြသည်။


မင်းပြားမြို့နယ် သာဒါကျေးရွာရှိ မြေသားရေကန်။

မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုတွင် ရာသီဥတု ပြောင်းလဲလာမှုကြောင့် သောက်သုံးရေအတွက် အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေကြရသည်။ တစ်နှစ်ထက် တစ်နှစ်တိုး၍ ရာသီဥတုပြောင်းလဲမှု ပြင်းထန်လာခြင်းသည် လူမှုအဖွဲ့အစည်းများ၊ လူနေမှုစနစ်များ၊ စိုက်ပျိုးရေး၊ စားနပ်ရိက္ခာ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေ စသည့် ဘက်ပေါင်းစုံအပေါ် ဆိုးကျိုးများသက်ရောက်နေပါသည်။

### ကြုံတွေ့ခံစားနေရ

ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝ ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်များ ယိုယွင်းပျက်စီးလာခြင်းကို ရင်ဆိုင်လာကြရပါသည်။ အပူချိန်မြင့်တက်လာခြင်း၊ အလွန်အကျွံမိုးရွာခြင်း၊ ရေကြီး ရေလျှံခြင်း၊ ကမ်းရိုးတန်းဒေသ၊ မြစ်ဝကျွန်းပေါ်၊ ပင်လယ်တို့နှင့်နီးသည့် မြေနိမ့်ရပ်ဝန်းများ၌ ပင်လယ်ရေမြင့်တက်လာမှုကြောင့် လယ်မြေများ ဆားပေါက်ကုန်သဖြင့် ထွန်ယက်မရခြင်း၊ မြေအောက်ရေထဲသို့ ပင်လယ်ရေငန်တိုးဝင်ခြင်းနှင့် မိုးခေါင်ရေရှားပါးခြင်းများကို ပိုမိုကြုံတွေ့ခံစားနေရပြီဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရေအရင်းအမြစ်ကြွယ်ဝမှု၌ ကမ္ဘာ့ထိပ်တန်းနိုင်ငံများစာရင်းတွင် ပါဝင်သော်လည်း မြေပေါ်မြေအောက်ရေအရင်းအမြစ်များသည် ရာနှုန်းပြည့် အရည်အသွေး မကောင်းတော့ပေ။ ပတ်ဝန်းကျင်နှင့် သယံဇာတထုတ်လုပ်သည့် လုပ်ငန်းများ၏ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ဆိုးကျိုးများကြောင့်သာဖြစ်သည်။ ကျေးလက်ဒေသများနှင့် အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်ဒေသများတွင် သောက်သုံးရေ၊ စိုက်ပျိုးရေများရရှိရန် ခက်ခဲလာပြီး ရေအရင်းအမြစ်များ လျော့နည်းခန်းခြောက်လာလျက်ရှိသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံဖြစ်သောကြောင့် ရေနှင့်မြေသည် အဓိကဖြစ်သည်။ ပထဝီအနေအထားနှင့် ရာသီဥတုကွဲပြားခြားနားသည့် နေရာဒေသများအနေဖြင့် ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများကို ကွဲပြားစွာ တွေ့ကြုံခံစားရခြင်းကြောင့် ရေရရှိရေးနှင့် မြေယာကောင်းမွန်စေရေးကို ဦးစားပေးရမည်ဖြစ်ပါသည်။

### သောက်သုံးရေရရှိရေး

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနမှချမှတ်ထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာမှ သောက်သုံးရေရရှိရေးလုပ်ငန်းသည်လည်း မပါမဖြစ် လုပ်ငန်းတစ်ခု ဖြစ်လာပါသည်။ ရေရရှိရေးလုပ်ငန်းတွင် အဓိကအားဖြင့် ရေအရင်းအမြစ် ရှာဖွေခြင်းနှင့် လိုအပ်သောနေရာသို့ ရေသွယ်ယူ ဖြန့်ဝေခြင်း ဟူ၍ နှစ်ပိုင်းရှိရာ ရေအရင်းအမြစ်ကို ရွေးချယ်ရာ၌ ရာသီမရွေး သွယ်ယူ/ဖြန့်ဝေရန် လွယ်ကူခြင်း၊ သွယ်ယူဖြန့်ဝေရာတွင် ကုန်ကျစရိတ် အနည်းဆုံးနှင့် ပြုပြင်ထိန်းသိမ်းမှု အနည်းဆုံးဖြစ်ခြင်း၊ မြေအောက်ရေသည် ရေကြောင်းပြောင်းလဲမှုကြောင့် မြေပြင်နိမ့်ကျသွားနိုင်ခြင်း၊ မြေအောက်ရေမျက်နှာပြင် (water levle) နိမ့်ကျသွားနိုင်ခြင်း၊ ရေတင်ရန်အတွက် စက်ယန္တရား/ လျှပ်စစ် အသုံးပြုရခြင်း စသည့် အခက်အခဲတို့ကြောင့်သာ ရေအရင်းအမြစ်ကို ရွေးချယ်ရမည်ဖြစ်ပါသည်။

ထို့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာနက လက်တူးရေတွင်းတူးဖော်ရာတွင် အချင်း ၆ ပေ၊ အနက် ပေ ၄၀ ပြုလုပ်ရပြီး လက်တူးတွင်း တစ်ခုတွင် ရေတုံကင် နှစ်စုံ၊ ဂါလန် ၂၀၀ ဆံ့ အုတ်ရေကန် နှစ်လုံး၊ အမိုးနှင့် ရေတွင်းပတ်လည်နှုတ်ခမ်းမှ ၆ ပေပတ်လည် ၄ လက်မထု ကွန်ကရစ်ကြမ်းခင်း ပြုလုပ်ပေးခြင်းဖြင့်လည်းကောင်း၊ မြေသားမိုးရေကန်အား ပေ(၁၀၀x၁၀၀x ၆) တူးဖော်ပေးရပြီး တိရစ္ဆာန်များ ဝင်ရောက်မှုမှ ကာကွယ်ရန် ချိန်းလင့်ခြံစည်းရိုး ကာရံပေးခြင်းဖြင့် လည်းကောင်း၊ ၄ လက်မ အဝီစိတွင်း (တွင်းတိမ်/ နက်) တူးဖော်ခြင်းလုပ်ငန်းတွင် တွင်းတိမ်တူးဖော်ခြင်းအား အနက် ၄၀ လက်မ၊ တွင်းနက်တူးဖော်ခြင်းအား အနက်ပေ ၂၀၀ တူးဖော်ပေးခြင်းဖြင့်လည်းကောင်း စံနှုန်းသတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၁၉၉၁-၁၉၉၂ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ပြည်နယ်/ တိုင်းဒေသကြီး ၁၅ ခုအနက် ၁၃ ခုတို့တွင် သောက်သုံးရေ ရရှိရေးလုပ်ငန်းများဖြစ်သော စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၁၀၀ ခု၊ လက်တူးရေတွင်း ၂၆ တွင်း၊ မြေသားမိုးရေကန် ၁၁၉ ကန်၊ အဝီစိတွင်း (တွင်းတိမ်/ တွင်းနက်) ၉၈/၁၇ တွင်း၊ သောက်သုံးရေရရှိရေးလုပ်ငန်း ၁၉၉ ခု၊ ရေရရှိရေးလုပ်ငန်း ၂၁၄ ခု၊ စိုက်ပျိုးရေရရှိရေး လုပ်ငန်း ၁၆ ခုနှင့် တစ်ဖက်ပိတ်ဆည် တည်ဆောက်ခြင်းလုပ်ငန်း သုံးခုတို့အား ဆောင်ရွက်ပေးခဲ့ပါသည်။

စာရေးသူတာဝန်ကျသည့် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်း ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် သောက်သုံးရေရရှိရေး လုပ်ငန်းများတွင်ပါဝင်သော မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ၅၈ ကန်၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ၁၃ ခု၊ အဝီစိတွင်း ရှစ်တွင်း၊ တစ်ဖက်ပိတ်ဆည် တစ်ခုနှင့် ရေသွယ်ယူခြင်းလုပ်ငန်း ရှစ်ခု စသည်တို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်အရ ရက် ၁၀၀ စီမံချက်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တွင် မြေသားရေကန် ပေ(၁၀၀ x ၁၀၀ x ၆) တူးဖော်ခြင်းလုပ်ငန်းအား အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ပေးခဲ့ပါသည်-

| စဉ် | မြို့အမည် | အရေအတွက် |
|---|---|---|
| (က) | ကျောက်တော်မြို့နယ် | (၅) ကန် |
| (ခ) | မြောက်ဦး | (၅) ကန် |
| (ဂ) | မြေပုံ | (၄) ကန် |
| (ဃ) | မင်းပြား | (၄) ကန် |
| (င) | ပုဏ္ဏားကျွန်း | (၇) ကန် |
| (စ) | တောင်ကုတ် | (၄) ကန် |
| (ဆ) | သံတွဲ | (၄) ကန် |
| (ဇ) | အမ်း | (၃) ကန် |
| (ဈ) | ပေါက်တော | (၁၆) ကန် |
| (ည) | ကျောက်ဖြူ | (၇) ကန် |
| (ဋ) | ရမ်းဗြဲ | (၄) ကန် |
| (ဌ) | မာန်အောင် | (၄) ကန် |
| (ဍ) | မောင်တော | (၈) ကန် |
| (ဎ) | ဘူးသီးတောင် | (၄) ကန် |
| (ဏ) | ရသေ့တောင် | (၇) ကန် |
| | **စုစုပေါင်း** | **(၈၆) ကန်** |

### အိမ်ခြေ ၂၈၅ အိမ် အကျိုးပြုနိုင်မည်

ငင်းနောက် ( ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်ထိ) ခြောက်လအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် အလံချိန်ကျေးရွာအုပ်စု အထက်မဒေးကျွန်းကျေးရွာတွင် မြေသားရေကန် ပေ(၁၀၀ x ၁၀၀ x ၆) တစ်ကန် တူးဖော်ခြင်းလုပ်ငန်းနှင့် အမ်းမြို့နယ် စနဲအုပ်စု တလိုင်းတောင်ကျေးရွာတွင် ၂/၀ မိုင် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာ နှစ်ရွာမှ အိမ်ခြေ ၂၈၅ အိမ်၊ လူဦးရေ ၁၂၆၆ ဦးတို့အား အကျိုးပြုနိုင်မည်ဖြစ်ပါသည်။

စာရေးသူတို့ဌာနအနေဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ရေအကျိုး ၁၀ ပါး ဖြစ်သည့် “ **သက်ရှည်ဆင်းလှ၊ ချမ်းသာရ၊ ဗလဉာဏ်ပညာ၊ စင်ကြယ်သန့်ရှင်း၊ ကျော်ဇောခြင်း၊ ခပင်းချွေးရုံကာ၊ ရေမငတ်ငြား၊ လျင်မြန်သွား၊ ဆယ်ပါးရေကျိုးသာ** ” ဆိုသည့် ဆောင်ပုဒ်အတိုင်း ဌာနကိုယ်စား စာရေးသူတို့ဝန်ထမ်းများက ရေအကျိုး ၁၀ ပါး မတောင်းဘဲပြည့်သကဲ့သို့ လက်ငင်းအကျိုးရရှိခံစားရမှာ ဧကန်အမှန်ပင် ဖြစ်ပါသည်။

သို့ပါ၍ စာရေးသူတာဝန်ထမ်းဆောင်လျက်ရှိသည့် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်အတွင်း ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် သန့်ရှင်း၍ ဘေးကင်းသော သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရေး စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။


ပေါက်တောမြို့နယ် ဖဒူကျေးရွာရှိ မြေသားရေကန်။

**❊ မြန်မာနိုင်ငံသည် ရေအရင်းအမြစ်ကြွယ်ဝမှု၌ ကမ္ဘာ့ထိပ်တန်းနိုင်ငံများစာရင်းတွင် ပါဝင်သော်လည်း မြေပေါ်မြေအောက် ရေအရင်းအမြစ်များသည် ရာနှုန်းပြည့် အရည်အသွေး မကောင်းတော့ပေ။ ပတ်ဝန်းကျင်နှင့် သယံဇာတထုတ်လုပ်သည့် လုပ်ငန်းများ၏ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ဆိုးကျိုးများကြောင့်သာ ဖြစ်သည်**

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ မွေးမြူရေးကဏ္ဍသို့ ချေးငွေထုတ်ပေးရန် လျှောက်ထားလာသည့် ကုမ္ပဏီ/ လုပ်ငန်းများကို ချေးငွေထုတ်ယူခွင့်ပြု

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် ( ၆ / ၂၀၂၁)**
**၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၁) ဆုံးဖြတ်ချက်အရ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေး

*(ယမန်နေ့မှ အဆက်)*

| စဉ် | ကုမ္ပဏီ/ လုပ်ငန်းအမည် | လိပ်စာ |
|---|---|---|
| ၈၆ | ဒေါ်မိမိလွင် (ဥစားကြက် မွေးမြူရေးလုပ်ငန်း) | ဆတ်သတောကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၈၇ | ဦးတုံကျာမို (ဥစားကြက် မွေးမြူရေးလုပ်ငန်း) | ပိန္နဲကုန်း၊ မန်ကောင်းမူရွာ၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ် |
| ၈၈ | ဦးရန်ကြည်မြင့် (ဥစားကြက် မွေးမြူရေးလုပ်ငန်း) | အောင်မြေသာယာရွာ၊ ခိုမုန်းအုပ်စု၊ ကျောက်မဲမြို့နယ်၊ရှမ်းပြည်နယ် |
| ၈၉ | ဦးသန်းစိုး (စိုးရတနာမွေးမြူရေး) | အမှတ် ၃ ရပ်ကွက်၊ လမ်းမတော်လမ်း၊ မင်းလှမြို့၊ပဲခူးတိုင်းဒေသကြီး |
| ၉၀ | ဒေါ်သီတာဝင်း (ဥစားကြက်မွေးမြူရေးလုပ်ငန်း) | မွေးမြူရေးဇုန်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ် |
| ၉၁ | ဦးကျော်စန်းခိုင် (ဥစားကြက်မွေးမြူရေးလုပ်ငန်း) | ကျောက်မဲမြို့၊ ပိန္နဲကုန်းကျေးရွာ၊ ရှမ်းပြည်နယ် |
| ၉၂ | ဦးတုံကျားပေါက် (ဥစားကြက်မွေးမြူရေးလုပ်ငန်း) | ပိန္နဲကုန်း၊ မန်ကောင်းမူရွာ၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ် |
| ၉၃ | သိန်းသန်းမိသားစု (ကြက်မွေးမြူရေး) | နန့်ဟူးတောင်ကျေးရွာ၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ် |
| ၉၄ | ဝင်း မိသားစု (ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း) | အကွက် (၃၅၀)၊ ပန်းတိုင် ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၅ | ရွှေမိသားစု (ငါးမွေးမြူရေးလုပ်ငန်း) | အကွက် (၃၄၈/၃၄၉)၊ ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၆ | ပြည့် မိသားစု (ငါးမွေးမြူရေးလုပ်ငန်း) | အကွက် (၃၅၀/၃၅၁)၊ အကွက် (၃၄၇)၊ ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၇ | အောင် မိသားစု (ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း) | အကွက် (၃၅၀/၃၅၁)၊ ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၈ | ပိုင် မိသားစု (ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း) | အကွက် (၃၄၈/၃၄၉)၊ ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၉၉ | နိုင် မိသားစု (ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း) | အကွက် (၃၅၀/၃၅၁)/ ခ ၊ ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၀ | ဒေါ်နှင်းပွင့်လှိုင် (မွေးမြူရေးလုပ်ငန်း) | မွေးမြူရေးဇုန်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ် |
| ၁၀၁ | ထွန်းမြတ် (ဥစားကြက် မွေးမြူရေးလုပ်ငန်း) | ရပ်ကွက် (၁)၊ မွေတော်၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ် |
| ၁၀၂ | ဦးကျော်လှ (မွေးမြူရေးလုပ်ငန်း) | မန်ကောင်းမူကျေးရွာ၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ် |
| ၁၀၃ | ဦးအိုက်ဆန် (မွေးမြူရေးလုပ်ငန်း) | ဦးပိုင်အမှတ် (၇၈၂)၊ ကွင်းအမှတ် (၅၂)၊ ခိုမုန်းကျေးရွာ၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ် |
| ၁၀၄ | ဦးသန်းအောင် ("ထား" မွေးမြူရေးလုပ်ငန်း) | မွေးမြူရေးဇုန်၊ မွေတော်ကျေးရွာ၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ် |
| ၁၀၅ | ဦးအောင်မျိုးလင်း (မွေးမြူရေးလုပ်ငန်း) | ခိုမုန်းကျေးရွာ၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ် |
| ၁၀၆ | ကိုစိုးအောင်ဇံ (မွေးမြူရေးလုပ်ငန်း) | မွေးမြူရေးဇုန်၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ် |
| ၁၀၇ | ဦးမြင့်မော် (ငါးမွေးမြူရေးလုပ်ငန်း) | ရွှေမယင်းချောင်း၊ တူးချောင်းကြီးကျေးရွာ၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၈ | စိုးဝင်းသန်း မိသားစု (ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ်(၃၅၁)(B)၊ ကွင်းအမှတ်(၃၄၉)၊ ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၀၉ | စိုးမိသားစု (ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ်(၃၅၁)(B)၊ ကွင်းအမှတ်(၃၄၉)၊ ကွင်းအမှတ်(၃၄၈) ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၀ | ရွှေပုဇွန် (ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ်(၃၄၉)၊ ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၁ | ဇင်မင်း မိသားစု (ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ်(၃၄၇)၊ ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၂ | စိုင်းခွန်ဆောထီး (အသားတိုးကြက် မွေးမြူရေးလုပ်ငန်း) | ပြိန်းနင်ရပ်၊ (၁)ရပ်ကွက်၊ ကျောက်မဲမြို့ ၊ ရှမ်းပြည်နယ် |
| ၁၁၃ | ဒေါ်မြင့်မြင့်သန်း (မြင့် မိသားစု ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ်(၃၅၁)(B)၊ ပန်းတိုင်ကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၁၄ | တံခွန် (မွေးမြူရေး) | အကွက်အမှတ် ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၇၃၊ ၇၄၊ ၇၅၊ မွေးမြူရေးဇုန်၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ် |
| ၁၁၅ | နန်းသီတာမိုင်းယောင်း ကုမ္ပဏီလီမိတက် (ဥစားကြက်မွေးမြူရေး) | အမှတ် (၃/၅၉)၊ ရပ်ကွက် (၃)၊ မိုင်းယောင်းမြို့နယ်၊ ရှမ်းပြည်နယ် |
| ၁၁၆ | ဦးခင်မောင်ဦး (ဒေသနွားမွေးမြူရေး) | အမှတ် (၃) ရပ်ကွက်၊ နတ်ပေးကျေးရွာအုပ်စု၊ နတ်ပေးကျေးရွာ၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁၇ | ဦးသိန်းကြူ (ဥစားကြက်မွေးမြူရေး) | စိုက်ပျိုးရေးလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၈ | ဦးကျော်နိုင် (ပုစွန်ကန်မွေးမြူရေးလုပ်ငန်း) | ကညင်ချောင်း (တ) ကျေးရွာအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၁၉ | ဒေါ်မြင့်အေး (ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း) | ကံဆိပ်ရွာ၊ ချောင်းဝကျေးရွာအုပ်စု၊ ငပုတောမြို့နယ်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၀ | ဒေါ်သင်းဝတ်ရည် (ပုစွန်မွေးမြူရေး) | အုတ်တွင်းကျေးရွာအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၁ | ဦးမျိုးကိုကိုသိန်း (ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း) | ကံဆိပ်ရွာ၊ ချောင်းဝကျေးရွာအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၂ | ဒေါ်စန်းမူ (အသားတိုးငါးမွေးမြူရေး) | ကွင်းချောင်းကြီးကျေးရွာ၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၃ | ဦးညိုထွန်းဦး (ရေချိုငါးမွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ် (၄၀၁)၊ ဦးပိုင် (၁၆)၊ မယ်ကရိုကျေးရွာအုပ်စု၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ် |
| ၁၂၄ | ဦးဘိုခင် (ဒေသနွားမွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ် (၅၂၅/က)၊ ဦးပိုင်အမှတ် (N ၃၅/၂)၊ စိုင်သေချောင်း၊ လိပ်ထူကျေးရွာအုပ်စု၊ လိပ်ထူရပ်ကွက်၊ ကန့်ဘလူမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂၅ | ဒေါ်ခင်ဝင်းကြည် (ပုစွန်မွေးမြူရေးလုပ်ငန်း) | အုတ်တွင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၆ | ဦးကြည်မင်းထွန်း (ရေငန်ပုစွန်မွေးမြူရေး) | အုန်းချောင်ရွာ၊ သက်ကယ်တောင်အုပ်စု၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၇ | ဦးအောင်မျိုးမြတ် (ပုစွန်မွေးမြူရေး) | အမှတ် (၁၄၀)၊ ဗိုလ်ချုပ်လမ်း၊ ပန်းတနော်မြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၈ | ဦးစိုးမင်းထွန်း (ပုစွန်မွေးမြူရေး) | အုတ်တွင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၂၉ | စန်းယုခိုင် (ငါးမွေးမြူရေးလုပ်ငန်း) | မင်းရပ်ရပ်ကွက်၊ လက်ပံတန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၃၀ | ဒေါ်ဥမ္မာသိန်း (ငါးမွေးမြူရေး) | အမှတ် (၁) ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၃၁ | ဦးမောင်မောင်ညွန့် (ပုစွန်မွေးမြူရေး) | အုတ်တွင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၃၂ | ဒေါ်နီနီသန်း (ငါးမွေးမြူရေးလုပ်ငန်း) | ငါးဆောင်ဘက်ကျေးရွာအုပ်စု၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၃၃ | ဦးညီညီသန်း (ပုစွန်မွေးမြူရေးလုပ်ငန်း) | ကွင်းအမှတ် (၃၅၉)၊ ပြင်ကြီးကျေးရွာအုပ်စု၊ မင်းချောင်း တောင်ကွင်းအမှတ် (၃၅၆)၊ ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၃၄ | ဦးနိုင်ထွန်း (ရေငန်ပုစွန်မွေးမြူရေး) | သက္ကသောင်ကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၃၅ | ဦးညွန့်ဝင်း (ပုစွန်ကန်မွေးမြူရေးလုပ်ငန်း) | ကညင်ချောင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၃၆ | ဦးကိုကြည် (ငါးမွေးမြူရေးလုပ်ငန်း) | အောင်ကုန်းကျေးရွာ၊ အုတ်ဖိုအုပ်စု၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၃၇ | မခင်လေး (ဥစားကြက်မွေးမြူရေး) | ကွင်းအမှတ် (၁၄၉)၊ တိလောကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ် |
| ၁၃၈ | ဦးငွေးဝင်း (ငါးမွေးမြူရေးလုပ်ငန်း) | သိမ်ကုန်းကျေးရွာ၊ ကျေးသားအုပ်စု၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၃၉ | ဒေါ်ဆန်းဆန်းဦး (ကြက်မွေးမြူရေးလုပ်ငန်း) | မိုးဖိန်းကျေးရွာ၊ ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| ၁၄၀ | ဦးမင်းမင်းထွန်း (ကြက်မွေးမြူရေးလုပ်ငန်း) | စိုက်ပျိုးရေးလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၁ | ဦးကိုလေး ("ဗိုလ်" ကြက်မွေးမြူရေးလုပ်ငန်း) | သနပ်ပင်ဆိပ်(အနောက်) ကျေးရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော် |
| ၁၄၂ | ဦးအေးမင်း (ဥစားကြက် မွေးမြူရေးလုပ်ငန်း) | စိုက်ပျိုးရေးလမ်း၊ မရမ်းကုန်းရပ်ကွက်၊ မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၃ | ဦးစောဒယ်နီရယ် (အသားစားကြက်မွေးမြူရေး) | ကျွန်းလှကျေးရွာ၊ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု၊ ပုသိမ်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၄၄ | ဦးရင်မင်းဦး (မြင်းစွမ်းထက် ဥစားကြက် မွေးမြူရေးလုပ်ငန်း) | အမှတ် (၁၀၉)၊ (၅) လမ်း၊ (စီ) ဘလောက်၊ အထူးဇုန်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၄၅ | ဦးကျော်စိန်အောင် (ငါးမွေးမြူရေးလုပ်ငန်း)/ ဒေါ်အေးစောအောင် (ဆက်ခံ) | ထောက်လှေးမင်းတန့်ကျေးရွာအုပ်စု၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၄၆ | ဦးဘိုသန်း (ငါးမွေးမြူရေးလုပ်ငန်း) | ကံကြီးကျေးရွာ၊ ထန်းပင်မှော်အုပ်စု၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၄၇ | ဦးလှကြီး (ငါးမွေးမြူရေးလုပ်ငန်း) | ထန်းပင်မှော်ကျေးရွာ၊ ထန်းပင်မှော်အုပ်စု၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၄၈ | ဦးထွန်းမြင့် (ချမ်းမြေ့ ငါးမွေးမြူရေးလုပ်ငန်း) | ဘုတ်ကုန်းကွင်းအမှတ် (၂၈၃၅)၊ သခွပ်ပင်ကုန်း၊ ရွှေဘိုမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၄၉ | ဦးလှဖော် (ငါးပုစွန်မွေးမြူရေး) | တောင်ပုတ်ကေကျေးရွာအုပ်စု၊ ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၅၀ | ဦးလှကျော့မောင် (ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း) | ပြည်တော်သာရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ် |
| ၁၅၁ | ဒေါ်ရွှေပိုင် (မွေးမြူရေးခြံ) | ကျီးအင်းကျေးရွာ၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော် |
| ၁၅၂ | ဦးထွန်းနိုင်ဝင်း (ဒေသကြက်မွေးမြူရေးလုပ်ငန်း) | ဖိုကုန်းကျေးရွာ၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၁၅၃ | ဦးခင်မောင်သန်း (မွေးမြူရေးလုပ်ငန်း) | မန္တလေး - မိုးကုတ်လမ်းအနီး၊ (၅/၄) မိုင်၊ မြောက်နန္ဒာကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၅၄ | ဦးမင်းသူ (တိုင်းရင်းကြက် မွေးမြူရေးလုပ်ငန်း) | စမ်းအိုင်ကျေးရွာ၊ ခေးမံအုပ်စု၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၁၅၅ | ဦးမောင်တင်ဝေ (ရေငန်ပုစွန်မွေးမြူရေး) | အမှတ် (၃၀၀)၊ မဏိပူရလမ်း၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ် |
| ၁၅၆ | ဦးခင်မောင်သာ (ပုစွန်မွေးမြူရေးလုပ်ငန်း) | ခေါင်းလောင်းချောင်းကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၅၇ | ဦးစံရွှေမြ (ငါး၊ ပုစွန်မွေးမြူရေး လုပ်ငန်း) | လွန်းလုံးပိုက်ကျေးရွာ၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၁၅၈ | ဦးဘောက်ခမ်း (ဝက်မွေးမြူရေး) | ၃ မိုင်၊ ရွှေပြည်သာရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ် |
| ၁၅၉ | ဦးစိုးဦး (ဝက်မွေးမြူရေး) | တောင်စုကျေးရွာ၊ ကွင်းသာအုပ်စု၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၆၀ | ဦးခင်မောင်ဝင်း (ဒေသနွားမွေးမြူရေးလုပ်ငန်း) | အမှတ် (၃) ရပ်ကွက်၊ ဂါးထာကျေးရွာအုပ်စု၊ ဆည်ကြီးကျေးရွာ၊ ကြေးပြင် (၃)၊ ကွင်းအမှတ် (N-၃၄)၊ ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |

အပါအဝင် မွေးမြူရေးကဏ္ဍသို့ ချေးငွေထုတ်ပေးရန် လျှောက်ထားလာသည့် ကုမ္ပဏီ/ လုပ်ငန်းများအနက် ပူးတွဲစာရင်းပါ ကုမ္ပဏီ/ လုပ်ငန်း (၂၃၂) ခုသို့ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ယူခွင့်ပြုလိုက်သည်။

၂။ ချေးငွေထုတ်ယူခွင့် ရရှိသူများအနေဖြင့် ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေထုတ်ပေးရာတွင် ဘဏ်တစ်ခုခု၌ တရားစွဲဆိုခံထားရသည့် လုပ်ငန်းဖြစ်ပါက ချေးငွေများ ထုတ်ပေးမည် မဟုတ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး**
**သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

*(ဆက်လက်ဖော်ပြပါမည်)*

# အန်းဒရွိုက် ၁၂ အပ်ဒိတ်ရရှိနိုင်မည့်ဖုန်းများ စာရင်းအသစ်ကို Xiaomi က ထုတ်ပြန်ကြေညာ

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ပြည်တွင်း၌ အများဆုံးသုံးစွဲနေသော ဖုန်းအမှတ်တံဆိပ်များဖြစ်သည့် Xiaomi, Redmi နှင့် POCO ဖုန်းများထဲမှ Android 12 update ရရှိနိုင်မည့် ဖုန်းများစာရင်းကို Xiaomi ကုမ္ပဏီက နိုဝင်ဘာလဆန်းပိုင်းက ပထမအကြိမ် ထုတ်ပြန်ပြီးနောက် စာရင်းအသစ်တစ်ခုကို ဒီဇင်ဘာ ၅ ရက်က ထပ်မံထုတ်ပြန်ခဲ့ကာ ထိုစာရင်းတွင် အပ်ဒိတ်ရနိုင်မည့်ဖုန်းများနှင့် မရနိုင်မည့်ဖုန်းများကိုပါ ကြေညာထားသည်။

ထိုစာရင်းတွင် အန်းဒရွိုက် ၁၂ ကို Internal Beta ရနိုင်မည့်ဖုန်းများ၊ Stable Andriod 12 ရနိုင်မည့်ဖုန်းများ၊ Android 12(Global) ရနိုင်မည့်ဖုန်းများ၊ ဘီတာ(အစမ်းဗားရှင်း)ရရှိရန် နီးကပ်နေသောဖုန်းများနှင့် မရနိုင်သောဖုန်းများကို ခွဲခြားဖော်ပြထားရာ အောက်ပါဇယားအတိုင်းဖြစ်သည်။ ဘီတာအပ်ဒိတ်ရရှိနိုင်ရန် အနီးစပ်ဆုံးသောဖုန်းမှာ Xiaomi Civi ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။



ဘီတာအပ်ဒိတ်ကို အစောဆုံးရနိုင်သော Xiaomi Civi ဖုန်းကြော်ငြာ

| | |
|---|---|
| အင်တာနယ်ဘီတာဗားရှင်း အပ်ဒိတ်ရနိုင်မည့်ဖုန်းများ | Xiaomi 11T / 11T Pro, Xiaomi Pad 5 / Pad 5 Pro / Pad 5 Pro 5G, Xiaomi 11i / Hyper Speed (India), Mi 11 Lite 4G/5G/NE, Mi 10 Lite 5G/ Lite 5G Zoom, Mi 10i / Mi 10T Lite/ Redmi Note 9 Pro 5G China, Mi Note 10 Lite, Redmi Note 11 4G/ 11 5G/ 11T 5G/ 11 Pro/11 Pro+, Redmi K30/K30 5G/ 5G Racing/ K30i 5G, Redmi Note 10/ Note 10 Pro/ Max/ 10S/ 10JE, Redmi 10/ Redmi 10 Prime / Redmi 10 2022, Redmi Note 8 (2021), POCO X2 / X3 Pro, POCO M3 Pro 5G / POCO M4 Pro 5G |
| အန်းဒရွိုက် ၁၂(ဂလိုဘယ်) အပ်ဒိတ်ရနိုင်မည့် Redmi နှင့် POCO ဖုန်းများ | Redmi 10X 5G/ 10X Pro, Redmi Note 9S/ 9 Pro/ 9 Pro Max, Redmi Note 9 5G/ Note 9T, Redmi 9T/9 Power, Redmi Note 9 4G (China), Redmi K30 Ultra, POCO X3/ X3 NFC/ M2 Pro/ M3 |
| အန်းဒရွိုက် ၁၂ (ဂလိုဘယ်) အပ်ဒိတ်ရနိုင်မည့် Mi ဖုန်းများ | Mi MIX FOLD, Mi Note 10 / Pro / Mi CC9 Pro |
| ဘီတာအပ်ဒိတ်ရရန် နီးကပ်နေသောဖုန်းများ | Mi 10/ 10 Pro/ 10 Ultra, Mi 10T/10T Pro/Redmi K30S Ultra, Redmi K30 Pro/Zoom/ POCO F2 Pro, Redmi Note 10 5G/ Note 10T 5G, Xiaomi Civi |
| အန်းဒရွိုက် ၁၂(စတေဘယ်) အပ်ဒိတ်ရနိုင်မည့်ဖုန်းများ | Mi 11i/ Mi 11X Pro/ Redmi K40 Pro/ K40 Pro+ , Mi 11/Pro/Ultra, Redmi K40 Gaming/ POCO F3 GT, Redmi Note 10 Pro 5G/ POCO X3 GT, Mi 11 Lite 5G, Mi 10S, Mi 11X/POCO F3/ Redmi K40, Xiaomi Mix 4 |
| အပ်ဒိတ်မရနိုင်သောဖုန်းများ | Mi 9 / 9 SE / 9 Lite • Mi 9T / 9T Pro • Mi CC9 / CC9 Meitu • Redmi K20 / K20 Pro / Premium, Redmi Note 8/8T/8Pro, Redmi 9/ 9A, Redmi 9 Prime, Redmi Note 9, Redmi 10X 4G, POCO C3, POCO M2/ M2 Reloaded |

မြန်မာနိုင်ငံအတွင်း သုံးစွဲသူများသော ဆမ်ဆောင်းသည်လည်း အန်းဒရွိုက် ၁၂ အပ်ဒိတ် ရရှိနိုင်မည့်ဖုန်းများကို နိုဝင်ဘာ ၁၅ ရက်က ကြေညာခဲ့ကာ ပထမဆုံး အန်းဒရွိုက် ၁၂ ပါဝင်သည့် Galaxy S 21 စီးရီး ဖုန်းသစ်များကို မိတ်ဆက်ခဲ့သော်လည်း Xiaomi အနေဖြင့် ပထမဆုံး အန်းဒရွိုက် ၁၂ ပါဝင်သည့်ဖုန်းကို မိတ်မဆက်ရသေးသည်ကို တွေ့ရသည်။

**ကိုစိုး**

# PUBG ဂိမ်း ကွန်ပျူတာဗားရှင်းကို ဇန်နဝါရီလမှစ၍ အခမဲ့ ကစားနိုင်တော့မည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

မိုဘိုင်းဂိမ်းများထဲတွင် လူကြိုက်အများဆုံး ဂိမ်းတစ်ခုဖြစ်သည့် PUBG ဂိမ်းကို ကွန်ပျူတာများပေါ်တွင် ကစားနိုင်သည့် ကွန်ပျူတာဗားရှင်းကို ၂၀၁၇ ခုနှစ်မှစ၍ ဒေါ်လာ ၂၀ ဈေးနှုန်းဖြင့် ရောင်းချနေခဲ့ရာမှ လာမည့် ၂၀၂၂ ဇန်နဝါရီ ၁၂ ရက်မှစ၍ အခမဲ့ကစားခွင့်ပေးသွားတော့မည်ဖြစ်ကြောင်း ဂိမ်းကိုထုတ်လုပ်သည့် Krafton က ဒီဇင်ဘာ ၁၁ ရက်က ထုတ်ပြန်ကြေညာသည်။




PUBG ဂိမ်းသည် ကွန်ပျူတာဗားရှင်းကို ၂၀၁၇ ခုနှစ်မှစ၍ ရောင်းချနေခဲ့သော်လည်း လူသိမများခဲ့ဘဲ ကစားသူအနည်းငယ်သာ ရှိခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် မိုဘိုင်းဖုန်းများ၌ ကစားနိုင်သော ဂိမ်းဗားရှင်းကို အခမဲ့ထုတ်ပေးခဲ့ချိန်တွင် အလွန်အောင်မြင်ပြီး ကမ္ဘာတစ်ဝန်း ကစားသူအများဆုံးဂိမ်း ဖြစ်လာခဲ့သည်။ မိုဘိုင်းဗားရှင်း အလွန်အောင်မြင်သွားသောကြောင့် ကွန်ပျူတာဗားရှင်းကို ကစားသူအရေအတွက်သည်လည်း တိုးတက်လာခဲ့သလို မိုဘိုင်းဗားရှင်းကို Emulator ခေါ် ကြားခံဆော့ဖ်ဝဲများဖြင့်ခံ၍ ကွန်ပျူတာပေါ်တွင် ကစားသူလည်း များပြားလာခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့်မူ ကွန်ပျူတာဗားရှင်းကို ဝယ်ယူကစားသူ အရေအတွက်မှာ Streamer (အွန်လိုင်းပေါ်မှ ဂိမ်းများတိုက်ရိုက်လွှင့်ကစားပြ၍ ဝင်ငွေရှာသူ) အချို့အပါအဝင် အနည်းစုသာရှိပြီး အများစုမှာ မိုဘိုင်းဖုန်းများပေါ်မှသာ ကစားကြကာ အချို့မှာမူ မိုဘိုင်းဗားရှင်းကို Emulator ခံ၍ ကွန်ပျူတာဖြင့် ကစားနေကြရာ မကြာမီ ကွန်ပျူတာများအတွက် အခမဲ့ဗားရှင်းရလာသည့်အချိန်တွင် ကွန်ပျူတာဖြင့် ကစားသူဦးရေလည်း များပြားလာနိုင်ကြောင်း သိရသည်။

ဇန်နဝါရီ ၁၂ ရက်မှစ၍ ကွန်ပျူတာဗားရှင်းကို အခမဲ့ကစားခွင့်ပေးချိန်တွင် ကစားသူများသည် ဂိမ်းအတွင်းမှ လုပ်ဆောင်ချက်များအားလုံးကို အခမဲ့ ကစားနိုင်မည်ဖြစ်သည်။ သို့သော် ဂိမ်းထဲမှ လော့ခ်ချထားသော အိုင်တမ်အချို့အတွက်မူ ၁၂ ဒသမ ၉၉ ဒေါ်လာပေးသွင်း၍ ဂိမ်းအကောင့်ကို အဆင့်မြှင့်တင်မှသာ ရရှိနိုင်မည်ဖြစ်သည်။ အဆင့်မြှင့်တင်လိုက်သော အကောင့်များသည် Battlegrounds Plus နှင့် ဂိမ်းအတွင်းမှ (အဝတ်အစားဒီဇိုင်းနှင့် သေနတ်ဒီဇိုင်းစသည့်)ပစ္စည်းများ (In game items) အပိုပါဝင်သော အထူး Pack တစ်ခုကို ရရှိမည်ဖြစ်သည်။

PUBG မိုဘိုင်းဗားရှင်းသည် ဂိမ်းကို အခမဲ့ကစားခွင့်ပေးထားပြီး ဝင်ငွေကို ကြော်ငြာများ၊ ဂိမ်းအတွင်းမှ မရှိမဖြစ်လိုအပ်ချက်မဟုတ်သည့် အပိုပစ္စည်းများနှင့် ဂိမ်းအတွင်းငွေကြေး(In game money)များ ရောင်းချခြင်းဖြင့်သာ ပြန်လည်ရယူခြင်းဖြင့် အကျိုးအမြတ်များစွာ ရရှိခဲ့သည်။ ဂိမ်းကို အခမဲ့ပေး၍ ဂိမ်းအတွင်းမှ အပိုပစ္စည်းနှင့် ငွေကြေးများကိုသာ ရောင်းချသည့် Freemium ဟုခေါ်သော ဂိမ်းများသည် လက်ရှိအချိန်တွင် အလွန်တွင်ကျယ်လာရာ PUBG Mobile သည် မကြာသေးမီကပင် PUBG မှ ခွဲထွက်လာသော PUBG: New State အပါအဝင် Fortnite, Call of Duty နှင့် Garena Free Fire ကဲ့သို့သော ပုံစံဆင်တူ နာမည်ကြီးမိုဘိုင်းဂိမ်းများနှင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်နေရကြောင်း သိရသည်။

**ကျော်ဇင်ဦး**

**ကိုးကား–The Indian Express**

# တိုကျိုမြို့၌ မြန်မာနိုင်ငံသားများအတွက် သီးသန့်အလုပ်အကိုင်ပြပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၅**

ဂျပန်နိုင်ငံတွင်ရောက်ရှိနေသော မြန်မာလူမျိုးများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန် မြန်မာနိုင်ငံသားများသီးသန့် အလုပ်အကိုင်ပြပွဲဖြစ်သည့် Tokyo Job Fair ကို ဂျပန်နိုင်ငံ အလုပ်အကိုင်ဝန်ဆောင်မှုပေးနေသော MingalaValue က ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်အကိုင်ပြပွဲကို ဇန်နဝါရီ ၂၂ ရက်တွင် မနက်ပိုင်းနှင့် ညနေပိုင်း နှစ်ချိန်ခွဲ၍ တိုကျိုမြို့၌ ကျင်းပမည်ဖြစ်ပြီး တက်ရောက်လိုသူများသည် ဝင်ခွင့်ဖောင်ကိုဖြည့်သွင်း၍ အခမဲ့တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ပြပွဲတွင် မြန်မာလူမျိုးများ ဂျပန်နိုင်ငံ၌ အလုပ်ရရှိနိုင်အောင် ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဂျပန်လုပ်ငန်းရှင်များသည် အင်တာဗျူးတွင် မည်သို့မေးတတ်သည်၊ မည်သို့ပြန်ဖြေသင့်သည်၊ ဖြေဆိုရမည့် အတွေးအခေါ်များနှင့် လိုအပ်ချက်များကို သိရှိစေရန်နှင့် အင်တာဗျူးတွင် မိမိဘက်မှ မေးချင်သည်များရှိပြီး မေးသင့်၊ မမေးသင့် တွေဝေနေသည်များ၊ မမေးရဲသည့်ကိစ္စများကို မေးမြန်းနိုင်ရန် စသည်တို့ကို မြန်မာလူမျိုး အတိုင်ပင်ခံထံ မြန်မာဘာသာဖြင့် လွတ်လပ်စွာမေးမြန်း အကြံဉာဏ်တောင်းနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် အလုပ်အကိုင်ပြပွဲတွင် ပါဝင်သော ကုမ္ပဏီများထံတွင်လည်း အလုပ်လျှောက်နိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် အလုပ်ရရှိအောင် မိမိကိုယ်တိုင်သာ ကြိုးစားရမည်ဖြစ်ပြီး Job Fair ကျင်းပသော ကုမ္ပဏီအနေဖြင့် ထောက်ခံပေးမည်မဟုတ်ကြောင်း သိရသည်။

ထို့အပြင် အလုပ်အကိုင်ပြပွဲသို့ တက်ရောက်လိုသော်လည်း လမ်းစရိတ်အခက်အခဲကြောင့် မတက်ရောက်နိုင်သော ကျောင်းသား ကျောင်းသူများအတွက် လမ်းစရိတ်ထောက်ပံ့မှု အထူးအစီအစဉ်ကိုလည်း ပြုလုပ်ပေးမည်ဖြစ်ကာ ဂျပန်နိုင်ငံအတွင်း နယ်မြို့များမှ တိုကျိုမြို့သို့ အကွာအဝေးအလိုက် လမ်းစရိတ်အမျိုးအစား လေးမျိုး သတ်မှတ်ထားသည်။

အလုပ်အကိုင်ပြပွဲသို့ တက်ရောက်နိုင်ရန်အတွက် တက်ရောက်ခွင့်ဖောင်ကို ဝက်ဘ်ဆိုက်လိပ်စာ https://mingalavalue.jp/contents/Jobfairevent10 တွင် ဒေါင်းလုပ်ရယူ၍ ဖြည့်စွက်တင်ပေးရမည်ဖြစ်ပြီး ပြပွဲတက်ရောက်ရန် လိုအပ်ချက်များနှင့် လမ်းစရိတ်ထောက်ပံ့မှုရယူရန် လိုအပ်ချက်များကိုလည်း အဆိုပါ ဝက်ဘ်ဆိုက်လိပ်စာမှာပင် အသေးစိတ် ကြည့်ရှုနိုင်မည်ဖြစ်သည်။

**ကိုစိုး**

# မြန်မာပို့ကုန်လုပ်ငန်းရှင်များ တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်နိုင်ရေး အသိပေးနှိုးဆော်ချက်

တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (The General Administration of Customs of China – GACC) မှ ထုတ်ပြန်ခဲ့သည့် အမိန့်ကြေညာချက်အမှတ် (၂၄၈)၊ (၂၄၉) တို့အရ တရုတ်နိုင်ငံသည် GACC တွင် မှတ်ပုံတင်ထားသောလုပ်ငန်းများမှ စားသောက်ကုန်များကိုသာ (၁-၁-၂၀၂၂) ရက်နေ့မှစတင်၍ တရားဝင်တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

တရုတ်နိုင်ငံသို့ စားသောက်ကုန်၊ လယ်ယာထွက်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များ တင်ပို့လျက်ရှိသော/တင်ပို့လိုသော မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏လုပ်ငန်းများကို တရုတ်နိုင်ငံ(GACC)တွင် လုပ်ငန်းမှတ်ပုံတင်ခြင်းကို ကုန်သည်အသင်းအဖွဲ့များမှတစ်ဆင့်လည်းကောင်း၊ ကုမ္ပဏီများမှ တိုက်ရိုက်လည်းကောင်း ကုန်စည်အုပ်စုအလိုက် ဆက်သွယ်လျှောက်ထားမှုများကို သက်ဆိုင်ရာ (Competent Authority) များမှ တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အဆိုပါ လုပ်ငန်းများမှတ်ပုံတင်ခြင်းကို တရုတ်နိုင်ငံအကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) တွင် (၃၁-၁၂-၂၀၂၁) ရက်နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်ကြရမည်ဖြစ်သောကြောင့် မှတ်ပုံတင်ရန်ကျန်ရှိသော ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် အချိန်မီ မှတ်ပုံတင်နိုင်ရေးအတွက် ကုန်ပစ္စည်းအမျိုးအစားအလိုက် အောက်ဖော်ပြပါဇယားအတိုင်း သက်ဆိုင်ရာ (Competent Authority) များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

**မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အစားအသောက် အမျိုးအစားအုပ်စုအလိုက် တင်ပို့မည့်လုပ်ငန်းများ တရုတ်နိုင်ငံ၌ မှတ်ပုံတင်နိုင်ရေးနှင့်ပတ်သက်၍ ကုန်စည်အုပ်စုအလိုက် တာဝန်ယူဆောင်ရွက်မည့် မြန်မာနိုင်ငံမှ ကောက်ခံပေးမည့် ဌာနအမည်စာရင်းနှင့်** Contact Person **အမည်အစာရင်း**

| စဉ် | ကုန်ပစ္စည်းအမျိုးအစား | ထောက်ခံချက်ပေးမည့် ဌာန<br>e.g Food and Drug Administration | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | ဖုန်းနံပါတ် | E-mail |
|---|---|---|---|---|---|
| ၁ | Edible Oil | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | 095161891 | gurugyi@gmail.com |
| ၂ | Oilseeds | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၃ | Stuffed Pastry Products | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၄ | Edible grains | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၅ | Grains milling industrial products and Malt | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၆ | Fresh and dehydrated vegetables | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၇ | Dried beans | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၈ | Plant spices | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၉ | Nuts and seeds | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၁၀ | Dried Fruits | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၁၁ | Unroasted coffee and cocoa bean | စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒေါက်တာဝင်းသန်း (ဦးစီးအရာရှိ) | 09794399321 | winthan95@gmail.com |
| ၁၂ | Special Dietary Foods (Excluding milk- based infant formula) | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | 095161891 | gurugyi@gmail.com |
| ၁၃ | Functional foods | အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာပြည့်ဖြိုး ညွှန်ကြားရေးမှူး | 095161891 | gurugyi@gmail.com |
| ၁၄ | Bee Products | မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဦးမောင်တင့် ဒုတိယ ညွှန်ကြားရေးမှူး | 09794894144<br>092174326 | komgtint1971@gmail.com |
| ၁၅ | Aquatic Products including Edible and Farmed Products | Department of Fishery, Ministry of Agriculture, Livestock and Irrigation | ဦးညွန့်ဝင်း ညွှန်ကြားရေးမှူး<br>ဒေါက်တာစုမျိုးသွယ် ဒုတိယညွှန်ကြားရေးမှူး | 09781187927<br>095081624 | nyuntwin34@gmail.com<br>smyothwe@gmail.com |
| ၁၆ | Animal Products and Animal Feed | Livestock Breeding and Veterinary Department, Ministry of Agriculture, Livestock and Irrigation | ဒေါက်တာနှင်းလဲ့စိုး ဒုတိယညွှန်ကြားရေးမှူး | 09-797711961 | nilarhninlesoe@gmail.com |
| ၁၇ | Livestock Animals | Livestock Breeding and Veterinary Department, Ministry of Agriculture, Livestock and Irrigation | ဒေါက်တာဌေးဇော်ဦး ဒုတိယညွှန်ကြားရေးမှူး | 09-2045304 | drhtayzawoo@gmail.com |
| ၁၈ | တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစားအသောက်တင်ပို့သည့်လုပ်ငန်းများ မှတ်ပုံတင်မည့်ကိစ္စနှင့် ထောက်ခံချက်ပေးနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ (အတွင်းရေးမှူး) | မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ဒေါ်နှင်းစန္ဒာ ညွှန်ကြားရေးမှူး | 067-3-408605<br>0943034935<br>067-3-408618 | hninsandar05@gmail.com<br>myantrade.domestic@gmail.com |

**စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးရန်လိုအပ်သော ကုန်စည်အမျိုးအစား ၅၂ မျိုး စာရင်းအား အသေးစိတ်သိရှိလိုပါက https://mitc.myantrade.gov.mm တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အစားအသောက်တင်ပို့သည့်လုပ်ငန်းများ မှတ်ပုံတင်ခြင်းနှင့် ထောက်ခံချက်ပေးနိုင်ရေးလုပ်ငန်းအဖွဲ့**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ပေါင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ

**ပေါင် ဒီဇင်ဘာ ၁၅**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျခတ်ငူကျေးရွာအုပ်စုတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေကျပ် ၅၂ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သည့် ဂါလန် ၂၄၀၀ ဆံ့ အမြင့်ပေ ၃၀ ရေစင်၊ ရေစက်ရုံ၊ ရေတွင်းတူးခြင်း၊ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ဒီဇင်ဘာ ၁၃ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဦးစီးမှူးက အကျိုးပြုအိမ်ခြေ ၅၀ လူဦးရေ ၂၀၀ အတွက် လုံလောက်စွာပေးဝေနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ **(ယာပုံ)**



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားနှင့် ကာယပညာဦးစီးဌာန ဖူဆယ်ဘောလုံးကွင်း ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဦးစီးမှူးက မြက်ခင်းတုခင်းကျင်းနေမှု၊ မီးရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများကစားကွင်းအတွင်း အမြန်ကစားနိုင်ရေးအတွက် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝါရီရှုခန်းမ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ပါဝင်သော ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်စေရေး၊ မီနီဘတ်ဂျက်လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်စေရေး၊ ဌာနဆိုင်ရာများအနေဖြင့် ပြည်သူလူထုနှင့်ပူပေါင်းပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးမှုနှင့် ပန်းခင်းစီမံချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ မီနီဘတ်ဂျက်အတွင်း လုပ်ငန်းများစတင်ဆောင်ရွက်နေမှုအခြေအနေများနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန်၊ မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဘုရားအမှတ် ၆၂၉ ၊ ၆၂၈ ပတ်ဝန်းကျင်ခြံသန့်ရှင်းရေးပြုလုပ်

**ညောင်ဦး ဒီဇင်ဘာ ၁၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားအမှတ် ၆၂၉ နှင့် ဘုရားအမှတ် ၆၂၈ အတွင်း အပြင်တို့တွင် ညောင်ဦးမြို့နယ်ဖောင်ဖွဲ့ရေးရုံး ဝန်ထမ်းများနှင့် ပလင်းဆင်စခန်းရှိ ဆင်ထိန်းဝန်ထမ်းများ ယမန်နေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြောင်း သိရသည်။



ဘုရားအမှတ် ၆၂၉ ဘုရားအတွင်းရှိ ဆင်းတုတော်အား မျက်နှာတော် ရောင်တော်ဖွင့်ခြင်း၊ လိုဏ်အတွင်း ဖုန်မှုန့်၊သဲမှုန့်၊ ငှက်ချေးများရှင်းလင်းခြင်း၊ ဘုရားအမှတ် ၆၂၉ နှင့် ဘုရားအမှတ် ၆၂၈ အပြင် ပတ်ဝန်းကျင်ရှိ သစ်ပင်၊ ပေါင်းမြက်များ ရှင်းလင်းမီးရှို့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဆင်စခန်းတာဝန်ခံက ပြောသည်။

အဆိုပါ ဘုရားအမှတ် ၆၂၉ သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ အရာထမ်း၊ အမှုထမ်းများ ပြုပြင်လှူဒါန်းထားသည့်ဘုရားဖြစ်ပြီး အေဒီ ၁၂ ရာစု လက်ရာဖြစ်ကြောင်း၊ မပြုပြင်မီအချိန်က တိုက်မအရှေ့ဘက်နှင့် တောင်ဘက်နံရံမှာ အမြင့်ခုနစ်ပေခန့်ရှိပြီး မြောက်ဘက်နံရံမှာ မြေပြင်မှ အမြင့်ပေ ၂၀ ခန့်နှင့် အာရုံခံကောင်းစွာကျန်ရှိခဲ့ပြီး အထူးသဖြင့် အတွင်းဆင်းတုတော်ကြီးမှာ ဉာဏ်တော်ကိုးပေခန့်ရှိပြီးပလ္လင်တော်မှာ အင်္ဂတေဖြင့် ပြုလုပ်ထားသော ရောဝဏ်ဆင်ရုပ်တု၊ ခြင်္သေ့ရုပ်တုနှင့် ဦးခေါင်းနှစ်လုံးပါသော ဂန (GaNa) ရုပ်တုများ လက်ရာကောင်းမွန်စွာ ကျန်ရှိသေးသည့် ဘုရားဖြစ်ကြောင်း၊ ရှေးဟောင်းနည်းစနစ်၊ ရှေးဟောင်းသရွတ်စပ်နည်းများဖြင့် ရှေးလက်ရာမပျက် ပြန်လည်ပြုပြင်ထားသည့် ဘုရားဖြစ်ကြောင်း ဆင်စခန်းတာဝန်ခံ ဦးမျိုးမင်းကိုထံမှ သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**

## မတ်ပဲ သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၁၃၀၀၀၀ နှုန်းဖြင့် အဖွင့်ဈေးကောင်း

**မန္တလေး ဒီဇင်ဘာ ၁၅**
၂၀၂၂ ခုနှစ် ပဲရာသီအတွက် နယ်စုံဒေသမှ အစောဆုံးထွက်ရှိလာသည့် ပေါ်ဦးပေါ်ဖျား ဆောင်းမတ်ပဲများ မန္တလေးဈေးကွက်တွင် အဖွင့်ဈေး ကောင်းမွန်စွာဖြင့် စတင် ဝင်ရောက်လာကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ဆောင်းမတ်ပဲသီးနှံမှာ ဈေးကွက်အတွင်းသို့ ဒီဇင်ဘာ ဒုတိယပတ်မှ စတင်ဝင်ရောက်လာပြီး အထွက်နှုန်းနှင့် အရည်အသွေးပိုင်းများလည်း ကောင်းမွန်လျက်ရှိသည့်အပြင် ပြီးခဲ့သည့်နှစ် ကာလတူရာသီက အဖွင့်ဈေးမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ နှုန်းသာ ရှိခဲ့သော်လည်း ယခုနှစ်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ နှုန်းဖြင့် အဖွင့်ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ဆောင်းမတ်ပဲတွေက ဒီလ ဒုတိယပတ်ကစပြီး မန္တလေးဈေးကွက်ကို စတင်ဝင်ရောက်နေတာပါ။ ဒီနှစ်က စတင်ထွက်ရှိကတည်းက အဖွင့်ဈေးကောင်းရကြပါတယ်။ မိုးဦးက စိုက်ခဲ့တဲ့ ရေသွင်းမတ်ပဲတွေက ဈေးကွက်ထဲမှာ မရှိသလောက် ဖြစ်သွားပါပြီ။ ဆောင်းမတ်ပဲက ဒီနှစ်မှာ ပိုးမွှားလည်း ဖျက်ဆီးမှုမရှိဘူး။ ရာသီဥတုကလည်း မျှတတာနဲ့ ကြုံတွေ့ရလို့ မတ်ပဲအထွက်ကောင်းတယ်။ မတ်ပဲက အထက်ပိုင်းဒေသတွေမှာ သီးထပ်အနေနဲ့ စိုက်ပျိုးလို့ရတယ်။ အောက်ပိုင်းဒေသတွေမှာတော့ တစ်နှစ်ကို ဆောင်းသီးနှံအနေနဲ့ တစ်ရာသီ ပဲစိုက်တယ်။ ဒီနှစ်မတ်ပဲအထွက်က နှစ်ပတ်လောက်စောတယ်။ ပြီးခဲ့တဲ့နှစ်က ဒီဇင်ဘာလကုန်မှာ ထွက်တယ်။ မတ်ပဲကို အိမ်နီးချင်းနိုင်ငံဖြစ်တဲ့အိန္ဒိယက အဓိကထားဝယ်ယူပါတယ်။ မတ်ပဲက ပြည်ပပို့ကုန်ထဲမှာ ဝင်ငွေအများဆုံးရရှိတဲ့သီးနှံဖြစ်တယ်"ဟု ၎င်းက ပြောသည်။

လက်ရှိ မန္တလေးပဲဈေးကွက်သို့ ဆောင်းမတ်ပဲများ စတင်ဝင်ရောက်လာသည့် ဒေသများမှာ ကသာ၊ ထီးချိုင့်၊ မတ္တရာ၊ စဉ့်ကူးနယ်များမှ ဝင်ရောက်နေကြောင်း၊ ဆက်လက်ပြီး ဈေးကွက်အတွင်းသို့ မုံရွာ၊ ရွှေဘို၊ ပခုက္ကူ၊ မြင်းခြံဒေသများကလည်း မကြာမီကာလတွင် လှိုင်လှိုင်ထွက်ရှိလာမည်ဖြစ်ကြောင်း၊ မတ်ပဲကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ ဩဂုတ်လအတွင်း စတင်စိုက်ပျိုးကာ ဇန်နဝါရီလအတွင်း၌ လှိုင်လှိုင် ပေါ်ထွက်လေ့ရှိပြီး မြန်မာနိုင်ငံအောက်ပိုင်း ဒေသများဖြစ်သည့် ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီနှင့် မတ်လအတွင်း၌ လှိုင်လှိုင်ထွက်ပေါ်လေ့ရှိကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**ချောက် ဒီဇင်ဘာ ၁၅**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စွယ်ပေါ်ကုံးအုပ်စုအတွင်းမှ ဒေသခံပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ချောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်အရ ဒီဇင်ဘာ ၁၄ ရက်က ထန်းခြောက်ပင်ကျေးရွာ အသောကဓမ္မဗိမာန်၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။



မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ချောက်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်တင့်ဦးဆောင်သည့် ဝန်ထမ်းများက ပြည်သူများအား ပန်းခင်းစီမံချက်အကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးရာ အိမ်ထောင်စုလူဦးရေစာရင်း ၅၀ နှင့် နိုင်ငံသားစိစစ်ရေးကတ် ၁၀၀ ကို နေ့ချင်းပြီး ပြုလုပ်ပေးနိုင်ခဲ့ကြောင်းနှင့် မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်လိုပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် လာရောက်ပြုလုပ်နိုင်ကြောင်း မြို့နယ်လဝကဦးစီးမှူးထံမှ သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## ရသေ့တောင်မြို့၌ စေတီတောင်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ရသေ့တောင် ဒီဇင်ဘာ ၁၅**
ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ စေတီတောင်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို ဒီဇင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက် စွာကျင်းပမည်ဖြစ်ကြောင်း သိရ သည်။

အဆိုပါ စေတီတောင်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို ယခင်နှစ်များက ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု များပြားနေခြင်းကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ယခုအခါ ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုလျော့နည်းလာခြင်းကြောင့် စေတီတောင်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်အား ဓမ္မသဘင်တရားပွဲတော်အပြင် ပျော်ပွဲရွှင်ပွဲများအဖြစ် ရခိုင်ရိုးရာကျင်ကိုင်ပွဲ၊ အမျိုးသားဘောလုံးဂိုးကျဉ်းပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီးလွန်ဆွဲပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း စေတီတောင်ဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါ စေတီတောင်ဘုရားအား ရသေ့တောင်မြို့ အနောက်ဘက်မေယုမြစ်အနီးတွင်တည်ထားကိုးကွယ်လျက်ရှိပြီး သာသနာသက္ကရာဇ် ၂၂ ခုတွင် ရခိုင်ဘုရင် သူရိယစက္ကမင်းက ဗုဒ္ဓ၏ဦးထိပ်တော်ဓာတ်ကို ဌာပနာထည့်ပြီး ကျွဲတမော့ခန့် စေတီတစ်ဆူအား တည်ထားခဲ့သည်။ ယင်းစေတီကို ရခိုင်ဘုရင်မင်းဘာမင်းမြတ်သည် ခရစ်သက္ကရာဇ် ၁၅၃၂ ခု၊ ကောဇာသက္ကရာဇ် ၈၉၃ ခုတွင် ဗုဒ္ဓ၏လက်ရိုးတော်ဓာတ်ကို ဌာပနာပြီး ယခုလက်ရှိ ပုံစံအတိုင်းဉာဏ်တော် ၂၇ တောင်၊ လုံးပတ် ၅၄ တောင်စေတီတော်အား တည်ထားကာ နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၂ ရက်အထိ စေတီတောင်ဘုရားဗုဒ္ဓပူဇနီယပွဲတော်ကို ကျင်းပလျက်ရှိပြီး အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားကြောင်း သိရသည်။

**အောင်စံထွန်း(ပြန်/ဆက်)**

## ညောင်လေးပင်မြို့၌ တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချပေး

**ညောင်လေးပင် ဒီဇင်ဘာ ၁၅**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်း၂၀၂၁-၂၀၂၂ ခုနှစ် နွေစပါးနှင့် နေကြာသီးနှံစိုက်ပျိုးသည့် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက်က ညောင်လေးပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့နိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်က တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ ရောင်းချရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနေလင်း၊ အဖွဲ့ဝင်(၂) ဦးဇော်မင်းယု၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇော်ထူးအောင်တို့က ယူရီးယားဓာတ်မြေဩဇာအိတ်များကို တောင်သူများအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် ညောင်လေးပင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၈ အုပ်စုရှိ နေကြာ သီးညှပ်စိုက် ဧက ၈၀၀ အတွက် ရှစ်ဧကလျှင် တစ်အိတ်နှုန်း၊ ကျေးရွာအုပ်စု ၂၄ အုပ်စုရှိ နွေစပါး စိုက်ဧက ၆၅၆၅ ဧကအတွက် နှစ်ဧကလျှင် တစ်အိတ်နှုန်း၊ တစ်အိတ်လျှင် ငွေကျပ် ၃၂၅၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ကျုံပျော်မြို့နယ် ဒါးကချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**နေပြည်တော် ဒီဇင်ဘာ ၁၅**
ကျုံပျော်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရေလုပ်သားများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးထုတ်လုပ်မှုတိုးတက်စေရန်၊ ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်၊ သားစဉ်မြေးဆက် ငါးစားသုံးနိုင်စေရန်အတွက် သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို နိုဝင်ဘာလနောက်ဆုံးပတ်က ကျုံပျော်မြို့နယ် ဒါးကချောင်း ခဲဘောင်ကူးတို့ဆိပ်ရှိ သဘာဝရေပြင်အတွင်း ကျင်းပခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူများ၊ အင်းသားကြီးများနှင့် ရေလုပ်သားများ တက်ရောက်ခဲ့ကြပြီး ပုသိမ်ငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀၊ ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃၀၀၀၀၀ ကို ဒါးကချောင်းအတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးနှင့် ကလေးငယ်ကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

အမျိုးသမီးနှင့် ကလေးငယ်ကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် လိုင်ဇာမြို့ ဝေကြိုင်ကျေးရွာနေ မဆိုင်းမိုင်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မ. . . (၃၄ နှစ်) ကို မူဆယ်မြို့တွင် အလုပ်လုပ်ကိုင်ပါက ငွေကျပ်သိန်း ၃၀ ရမည်ဖြစ်ကြောင်းနှင့် ၎င်း၏သမီးဖြစ်သူ မ. . . (၄ နှစ်) အား မွေးစားရန် ပေးပါက ငွေကျပ်သိန်း ၅၀ ရမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်အမျိုးသားထံ ပို့ဆောင်ရောင်းစားခဲ့သဖြင့် လှိုင်သာယာမြို့မ ရဲစခန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၃ ရက်တွင် တရားခံ မဆိုင်းမိုင်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၁ ရက် ညနေ ၃ နာရီခွဲတွင် ရွာငံမြို့နယ် ရွာငံ-ဟံမြင့်မိုရ် သွားကားလမ်း၊ ယုန်တောင်ကျေးရွာအနီးတွင် ရွာငံမှ ဟံမြင့်မိုရ်ဘက်သို့ ဘိုဘိုဇော်မောင်းနှင်ပြီး ပိုင်ထက်အောင် လိုက်ပါလာသည့် FUSO ခြောက်ဘီး မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်အတွင်းမှ ဒေသကာလ တန်ဖိုးငွေကျပ်သိန်း ၃၀၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူ ၂၀ ဒသမ ၁၃ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်အရ ည ၈ နာရီတွင် ဘိန်းဖြူများသယ်ဆောင်ရာတွင် တာဝန်ခံ သယ်ဆောင်သူ ဝင်းနောင် (ခ) ဘိုဘို ကို AD VAN မော်တော်ယာဉ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိသော ဘိန်းဖြူများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**
**ရှမ်းပြည်နယ်**
**Safety, Smart and Happiness City လုပ်ငန်းအတွက်**
**Expression Of interest(EOI)ခေါ်ယူခြင်း**

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ ၂၀၂၁ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ခုနှစ် မတ်လအထိ(၆)လ ဘတ်ဂျက်တွင် ဆောင်ရွက်ရန် ရှမ်းပြည် နယ်၊ တောင်ကြီးမြို့၏ Safety, Smart and Happiness City လုပ်ငန်းဆောင်ရွက်နိုင်ရန် Expression Of interest(EOI) ခေါ်ယူခြင်း လုပ်ငန်းအတွက် ဆောင်ရွက်နိုင်သော ကုမ္ပဏီများ/အဖွဲ့အစည်းများအား ဖိတ်ခေါ်အပ်ပါသည်-

(က) နည်းပညာနှင့်ပတ်သက်၍ အတွေ့အကြုံရှိသော ကုမ္ပဏီများ/အဖွဲ့အစည်းများ
(ခ) မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အတွေ့အကြုံရှိသော ကုမ္ပဏီများ/အဖွဲ့အစည်းများ
(ဂ) ကာလတို၊ ကာလလတ်၊ အစီအမံရေးဆွဲဆောင်ရွက်နိုင်သည့် ကုမ္ပဏီများ/ အဖွဲ့အစည်းများ
(ဃ) Safety, Smart and Happiness Cityနှင့် ပတ်သက်၍ အတွေ့အကြုံရှိသော ကုမ္ပဏီများ/အဖွဲ့အစည်းများ

၂။ အထက်ဖော်ပြပါ အချက်အလက်များနှင့်ကိုက်ညီသော အဖွဲ့အစည်းများ၊ ကုမ္ပဏီများသည် (၁၆-၁၂-၂၀၂၁ ရက်မှ ၁၄-၁-၂၀၂၂) ရက် ညနေ ၄နာရီတွင် နောက်ဆုံးထား၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၈၁-၂၀၂၂၀၈သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့**






**ဖခင်အမည်မှန်**

ပြင်ဦးလွင်မြို့၊ လင်းလတ်ကြယ်စင်ဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်း အဋ္ဌမတန်းမှ မခိုင်ဇင်သော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဗိုလ်ဝင်း ၉/မလန(နိုင်) ၁၀၄၉၁၅ ဖြစ်ပါကြောင်း။

**ဦးဗိုလ်ဝင်း**

**ဖခင်အမည်မှန်**

ကျောက်တံခါးမြို့နယ်၊ အထက (မြို့ချောင်း) တက္ကသိုလ်ဝင်တန်း (A)မှ မောင်ဝေလင်းစိုး၏ ဖခင် မောင်ထွန်း၏ အမည်မှန်မှာ ဦးမြင့်ထွန်း ၇/ကတခ (နိုင်)၀၉၁၄၇၆ ဖြစ်ပါကြောင်း။

**ဦးမြင့်ထွန်း**

**အမည်မှန်**

အိမ်မဲမြို့နယ်၊ အထက(၂) Grade-2မှ (ဘ)ဦးဇေယျာဝင်း ၁၄/မမန (နိုင်)၁၅၄၉၇၆၏သား အမည်မှန်မှာ မောင်ခန့်ဖြိုးပိုင် ဖြစ်ပါကြောင်း။

**တစ်ဦးတည်းဖြစ်ကြောင်း**

စကုမြို့၊ အထက ဒသမတန်းမှ မမေခြူးစံ၏ ဖခင် ဦးသိန်း(ခ) ဦးမောင်သိန်း ၈/မဘန(နိုင်)၀၈၉၄၁၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသိန်း(ခ)ဦးမောင်သိန်း**

**ဖခင်အမည်မှန်**

ဝါးခယ်မမြို့နယ်၊ အထက(မောင်းဒီး) ဒသမတန်း အတွဲ(၂) မှ နမ့်ဖောင်ဖောင်ခလိန်၏ ဖခင်အမည်မှန်မှာ မန်းအေးစန်း ၁၄/ဝခမ(နိုင်) ၀၅၃၈၉၉ ဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ဝါးခယ်မမြို့၊ မြသိန်းတန်ရပ်ကွက်ရှိ မြေစာရင်းအကွက်အမှတ်(၉၄၁က) ဝါးခယ်မ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀ဒသမ၄၄၄) ဧကရှိ မြေအား ဦးမြင့်မော်-ဒေါ်နှင်းထက်ထက်ခိုင်အမည်ဖြင့် မြေငှားဂရန်လျှောက်ထားရာတွင် လိုအပ်သောမြေပေးမိန့် တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**(စွမ်းထက်၊ ပ/၅၅၇၆)**

**အမည်မှန်**

ရခိုင်ပြည်နယ်၊ မြေပုံမြို့သဲတန်းရပ်ကွက်နေ ဦးတိုးအောင်ချေ၏သား ဦးသန်းမြင့်ရွှေ၏ အမည်မှန်မှာ ဦးသန်းမြင့်ချေ ၁၁/မပတ(နိုင်) ၀၃၁၄၁၆ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

စစ်တွေမြို့၊ အထက(သင်ပုန်းတန်း) တက္ကသိုလ်ဝင်တန်းမှ မောင်ငြိမ်းချမ်းနိုင်နှင့် Grade-10မှ မောင်ချမ်းငြိမ်းနိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ညီ ၁၁/စတန(နိုင်) ၀၁၄၉၇၈ ဖြစ်ပါကြောင်း။

**ဦးမောင်ညီ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 63W/64790 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဇော် ၇/ကဝန(နိုင်)၁၄၄၂၀၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

**အမည်မှန်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ စံကိုယ်ပိုင်အထက်တန်းကျောင်းမှ ဒသမတန်းကျောင်းသူ မဆောင်းဝေရင်စိုး ၁၁/မအန(နိုင်)၀၇၄၂၇၅၏ အမည်မှန်မှာ မဆောင်းဝေရည်စိုးဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင်အမည်မှန်မှာ ဦးမောင်ဌေးအေး ၁၁/မအန(နိုင်) ၀၃၁၅၅၀ ဖြစ်ပါကြောင်း။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 65W/7805 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးနေလင်းအောင် ၇/ဝမန(နိုင်)၀၉၉၃၈၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် DD/3834 Toyota Probox NCP 58 Station Wagon ယာဉ်လက်ဝယ်ရှိသူ ဦးအေးမင်းဦး ၁၂/ဒပန(နိုင်)၀၅၅၅၁၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**

**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အသိအမှတ်ပြုလိုင်စင်ရကန်ထရိုက်တာ ဦးအောင်သက် (LC-၁၁၃၂) ၅/ကသန(နိုင်)၀၄၉၈၄၃ ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်နှင်းနှင်းယု ၁၂/ရကန(နိုင်)၀၁၄၀၉၇မှ ကန်ထရိုက်တာလိုင်စင်အာမခံကြေးသိန်း ၅၀၀ ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကော်မတီမှ ထုတ်ပေးထားသော ဦးအောင်သက် (LC-၁၁၃၂)၏ ကန်ထရိုက်တာ လိုင်စင်စာအုပ်နှင့် ခံဝန်ချုပ်စာအုပ်တို့အား ဤကော်မတီသို့ ပြန်လည်အပ်နှံနိုင်ခြင်းမရှိခြင်းကြောင့် ထုတ်ယူခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**


**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**

# ဝင်ငွေခွန်ကြေညာလွှာ / လစာနှစ်ချုပ်စာရင်း / နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ တင်သွင်းရန် နှိုးဆော်ခြင်း

၁။ **ဝင်ငွေနှစ်၊ ရောင်းရငွေ/ ရငွေ ရရှိသောနှစ်။** ကြေညာလွှာပြုစုတင်သွင်းရမည့် ဝင်ငွေနှစ်၊ ရောင်းရငွေ၊ ရငွေ ရရှိသောနှစ် (စာရင်းပြုစုရမည့်ကာလ) သတ်မှတ်ချက်မှာ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဖြစ်ပါသည်။

၂။ **ကြေညာလွှာလက်ခံမည့်ရုံးများ။** လက်ရှိအခွန်ထမ်းဖြစ်ပါက ဆိုင်ရာအခွန်စီမံခန့်ခွဲမှုကို ဆောင်ရွက်နေသောရုံးတွင် တင်သွင်းရန်ဖြစ်ပြီး၊ အခွန်ထမ်းသစ်ကုမ္ပဏီဖြစ်ပါက နိုင်ငံခြားကုမ္ပဏီကို အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၂)တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာကုမ္ပဏီဖြစ်ပါက အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၄)တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြန်မာကုမ္ပဏီဖြစ်ပါက အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)တွင်လည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ပြည်နယ်ရှိ မြန်မာကုမ္ပဏီဖြစ်ပါက ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း၊ တစ်ဦးချင်းအခွန်ထမ်းဖြစ်ပါက ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း တင်သွင်းရန်ဖြစ်ပါသည်။

၃။ **တင်သွင်းနိုင်သည့်နည်းလမ်း။** အောက်ပါနည်းလမ်း(၃)မျိုးဖြင့် တင်သွင်းနိုင်ပါသည် -

(က) **လူကိုယ်တိုင်ပေးပို့တင်သွင်းခြင်း။** လူကိုယ်တိုင်ပေးပို့ခြင်းဖြစ်ပါက လက်ခံဖြတ်ပိုင်းတွင် ဦးစီးဌာနက တံဆိပ်ရိုက်နှိပ်ဖော်ပြသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။

(ခ) **စာတိုက်မှ ပေးပို့တင်သွင်းခြင်း။** စာတိုက်မှပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့် စာတိုက်တံဆိပ်ပါရက်စွဲတွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။

(ဂ) **အီလက်ထရောနစ်နည်းဖြင့် ပေးပို့တင်သွင်းခြင်း။** အီလက်ထရောနစ်နည်းဖြင့် ပေးပို့ခြင်းဖြစ်ပါက ဦးစီးဌာနက အီလက်ထရောနစ်နည်းဖြင့် လက်ခံရရှိသည့်နေ့တွင် တင်သွင်းသည်ဟု မှတ်ယူမည် ဖြစ်ပါသည်။ ယင်းနေ့သည် အများပြည်သူရုံးပိတ်ရက်တွင် ကျရောက်လျှင် ယင်းနေ့နှင့်နောက်တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်တွင် လက်ခံရရှိသည်ဟု မှတ်ယူမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့်တင်သွင်းခြင်းဆိုသည်မှာ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် (e-filing Management System) ကို အသုံးပြု၍ ကြေညာလွှာတင်သွင်းခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ အီလက်ထရောနစ်နည်းဖြင့် အခွန်ကြေညာလွှာတင်သွင်းမှုစနစ် အသုံးပြုနိုင်ရန်အတွက် Account Registration ပြုလုပ်ပုံနှင့် စနစ်အသုံးပြု၍ ကြေညာလွှာတင်သွင်းပုံအဆင့်ဆင့်ဗွီဒီယိုဖိုင် (User Guide Video Files) များကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.ird.gov.mm > Media Menu (https://www.ird.gov.mm/my/content/video) တွင် လေ့လာနိုင်ပါသည်။

(မှတ်ချက်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးနှင့် ရန်ကုန်မြို့ရှိ အလယ် အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ၏အခွန်ထမ်းများအနေဖြင့်အီလက်ထရောနစ်နည်းဖြင့်သာ ကြေညာလွှာတင်သွင်း ကြရန်ဖြစ်ပါသည်။)

၄။ **ကြေညာလွှာဖြည့်စွက်ခြင်း။** အောက်ပါအတိုင်းလိုက်နာရန် လိုအပ်ပါသည် -

(က) ပြည်တွင်းအခွန်များဦးစီးဌာနမှ သတ်မှတ်ထားသည့် သက်ဆိုင်ရာပုံစံများကို အသုံးပြုရမည်ဖြစ်ပါသည်။

(ခ) အခွန်ထမ်းသည် အခွန်ကြေညာလွှာများ၏ မှန်ကန်တိကျမှုနှင့် ပြည့်စုံမှုကို တာဝန်ခံရမည်ဖြစ်ပါသဖြင့် သတ်မှတ်ကြေညာလွှာပုံစံများကို ပြည့်စုံစွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

(ဂ) ကြေညာလွှာပုံစံတွင် အခွန်ထမ်းကိုယ်တိုင် လက်မှတ်ရေးထိုးတင်သွင်းရမည် ဖြစ်ပါသည်။ အခွန်ကြေညာလွှာ သို့မဟုတ် အခွန်ကြေညာလွှာ၏ တစ်စိတ်တစ်ပိုင်းကို အခကြေးငွေရယူ၍ ပြင်ဆင်ပေးခြင်းဖြစ်ပါက ပြင်ဆင်ပေးသည့် ပုဂ္ဂိုလ်ကလည်း ကြေညာလွှာတွင် ပူးတွဲလက်မှတ်ရေးထိုးရန် လိုအပ်ပါသည်။

၅။ **တင်သွင်းရမည့်နောက်ဆုံးရက်။** ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့ (တနင်္လာနေ့) ဖြစ်ပါသည်။

(မှတ်ချက်။ သက်ဆိုင်ရာဥပဒေများအရ ကြေညာလွှာတင်သွင်းရမည့် နောက်ဆုံးနေ့ဖြစ်သော ၃၁-၁၂-၂၀၂၁ ရက်နေ့မှ ၂-၁-၂၀၂၂ ရက်နေ့အထိ (၃) ရက်သည် အများပြည်သူရုံးပိတ်ရက်များဖြစ်နေခြင်းကြောင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) အရ ၂-၁-၂၀၂၂ ရက်နေ့နှင့် တစ်ဆက်တည်းဖြစ်သော အများပြည်သူရုံးဖွင့်ရက်ဖြစ်သည့် ၃-၁-၂၀၂၂ ရက်နေ့ (တနင်္လာနေ့) ကို သတ်မှတ်ခြင်းဖြစ်ပါသည်။)

၆။ **ဒဏ်ကြေးငွေ။** အခွန်ကြေညာလွှာများကို အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက အောက်ပါ ဒဏ်ကြေးငွေနှစ်ရပ်အနက်မှ များရာဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည် -

(က) ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၅ ရာခိုင်နှုန်းအပြင် တင်သွင်းရန် သတ်မှတ် ထားသည့်နေ့မှ ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုပြုလုပ်သည့်အချိန်ကာလ အထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏ အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့်အခွန် ပမာဏ၏ ၁ ရာခိုင်နှုန်း၊

(ခ) ငွေကျပ်တစ်သိန်း။

၇။ **အခွန်ထမ်း၏ အခွင့်အရေး။** အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်ကာလအတွင်း ကြေညာလွှာကို အချိန်မီတင်သွင်းရန် အခက်အခဲရှိပါက အခွန်ကြေညာလွှာတင်သွင်းရမည့် သတ်မှတ်ရက်ကို တိုးမြှင့်ပေးရန် သက်ဆိုင်ရာအခွန်ရုံးသို့ ကြိုတင်လျှောက်ထားနိုင်ပါသည်။

၈။ **စုံစမ်းရန်။** မရှင်းလင်းသည့် အချက်များကို သက်ဆိုင်ရာရုံးများနှင့် ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပြီး အခြားလိုအပ်ချက်များရှိပါက အောက်ဖော်ပြပါ ဝန်ဆောင်မှုရုံးများကိုလည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည် -

(က) အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး
အမှတ်၊ ၅၉/၆၁ ၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်းနံပါတ်-၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂

(ခ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)
ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန
ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃

(ဂ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)
အမှတ် ၅၉/၆၁ ၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်းနံပါတ်-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂

(ဃ) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)
၆၅ လမ်း ၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာဇံမြို့နယ်
ဖုန်းနံပါတ်-၀၂-၄၀၃၀၁၉၂

**ပြည်တွင်းအခွန်များဦးစီးဌာန**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ခမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၃ခုနှစ် နတ်တော်လဆန်း ၁၁ရက်
## ၂၀၂၁ခုနှစ် ဒီဇင်ဘာလ ၁၄ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၁ခုနှစ်၊ ပုလဲအတွဲများနှင့်ကျောက်စိမ်းအတွဲများပြပွဲ(Mini Gems Emporium)ကို ဒီဇင်ဘာလ ၁၇ရက်မှ ၂၂ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံအတွင်းမှ ထွက်ရှိသော ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာ အချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၁ခုနှစ်၊ ပုလဲအတွဲများနှင့်ကျောက်စိမ်းအတွဲများပြပွဲ (Mini Gems Emporium)တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စက်မှုလယ်ယာဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ခုနှစ် မတ်လအထိ (၆)လ ဘတ်ဂျက်ကာလအတွက် စက်ပစ္စည်းကိရိယာများ၊ လယ်ယာသုံးစက်ကိရိယာများ၊ စက်ဆီ/ချောဆီများနှင့် ရုံးသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၁၂-၂၀၂၁ရက်မှ ၁၄-၁-၂၀၂၂ရက် ၁၂:၀၀နာရီထိ

၃။ **တင်ဒါပိတ်ရက်** - ၁၄-၁-၂၀၂၂ရက်၊ မွန်းတည့် ၁၂:၀၀နာရီ

၄။ တင်ဒါဖွင့်လှစ်မည့်ရက်ကို ထပ်မံကြေညာပါမည်။

၅။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို လူကိုယ်တိုင်သော်လည်းကောင်း၊ Online ဖြင့်သော်လည်းကောင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက စက်မှုလယ်ယာဦးစီးဌာန၊ ရုံးအမှတ်(၅၀)၊ နေပြည်တော်၊ ဖုန်း-၀၉-၂၆၀၀၉၉၈၅၈၊ ၀၉-၂၆၀၀၉၉၈၉၁၊ ၀၆၇-၃၄၁၁၂၄၂နှင့် Email: amdheadofficetender @gmail.com တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## တောင်းပန်လွှာ

Great Save Security Service Co.,Ltd ၏ ဝန်ထမ်းဖြစ်သော ဦးဝင်းညွှန့် ၁၄/ဘကလ(နိုင်)၀၇၈၇၀၇ သည် Great Save Security Service Co.,Ltd ၏ တာဝန်ကျ Location ဖြစ်သော Premium World Wide Co.,Ltd တွင် ၂၆-၁၀-၂၀၂၁ ရက်မှ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၅-၁၁-၂၀၂၁ရက် ၅နာရီခန့်တွင် တာဝန်ကျနေရာ Premium World Wide Co.,Ltd ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့် အပြုအမူ လုပ်ဆောင်ခဲ့မှုအပေါ် Premium World Wide Co.,Ltd နှင့် သက်ဆိုင်ရာ တာဝန်ရှိလူကြီးမင်းများကို Great Save Security Service Co.,Ltd ဘက်မှ အနူးအညွတ်တောင်းပန်အပ်ပါသည်။ နောက်နောင် ထိုကဲ့သို့ ဝန်ဆောင်မှုအားနည်းခြင်းများမဖြစ်ပွားအောင် အထူးကြီးကြပ် ဆောင်ရွက်သွားပါမည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၈ရပ်ကွက်၊ နှစ်(၆၀)တန်းစား မြေကွက်အမှတ် ၉၀၊ အလျားပေ (၄၀x၆၀)၊ ၀ ဒသမ ၀၅၅ဧကရှိ မြေကွက်ကို ဒေါ်လှဝင်း KTDA 009101ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မဖြိုးပပထွန်း ၁၂/သဃက(နိုင်)၁၈၁၃၄၉ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိမ်းထူး B.A., H.G.P. အထက်တန်းရှေ့နေ(စဉ်-၁၃၅၄၉)**
**အမှတ်(၈၁)၊ ရတနာမဉ္ဇူလမ်း၊ ဆ/ကရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ဖုန်း-၀၉-၇၉၉၂၁၆၅၁၉**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-တောင်)၊ မြေကွက်အမှတ်(၂၃၁၁-က)၊ (၂၃၁၁-ခ)၊ စည်ပင်အခေါ်အမှတ်(၂၃၁၁-က)၊ (၂၃၁၁-ခ)၊ ဓမ္မာရုံလမ်း၊ ၁၀/တောင်၊ ၁၂ ရပ်ကွက်ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက် (၂)ကွက်နှင့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော ဦးတင်ဝင်း ၁၂/သကတ(နိုင်)၀၆၇၄၉၈၊ ဒေါ်ဝင်းကြည် ၁၂/သကတ(နိုင်)၀၆၆၁၈၆နှင့် ဦးတိုးကြည် (တီကေအေ-၀၅၅၆၇၉)တို့ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးသိန်းစိုး ၈/မမန(နိုင်)၁၀၉၂၀၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်သဇင်မျိုး(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၉၄)**
**အမှတ်(၂/အေ၊ ၂၀၅)၊ ရတနာမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်း၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၂၁၁၆၀၂၀၊ ၀၉-၂၅၄၅၄၅၁၁၄**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီးမှ အောက်ဖော်ပြပါ ငှားရမ်းခြင်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

(က) **(၁)နှစ် သက်တမ်း ငှားရမ်းခြင်း**
(၁) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ နဂါဝင်းရှိ သိုလှောင်ရုံ အမှတ်(၂၅/၂၆)၊(၂)လုံးတွဲ သိုလှောင်ရုံ (၁) လုံး(၁၂၀' x၆၀'x ၁၅')(သွပ်၊ သွပ်၊ ကွန်)
(၂) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ နဂါဝင်းရှိ သိုလှောင်ရုံ အမှတ် (၂၃) သိုလှောင်ရုံ (၁)လုံး (၁၂၀'x ၃၀' x ၁၅')(သွပ်၊ သွပ်၊ ကွန်)

(ခ) **(၅)နှစ် သက်တမ်း ငှားရမ်းခြင်း**
ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မော်တော်ယာဉ်ဝင်းရှိ အဆောက်အအုံ(၁) လုံး(၁၁၄' x ၈၇' x ၁၇.၅')(သွပ်၊ အင်္ဂတေ၊အင်္ဂတေ)

| | | |
|---|---|---|
| (ဂ) | **တင်ဒါပုံစံရောင်းချမည့်ရက်** | - ၁၅-၁၂-၂၀၂၁ရက်မှ ၁၄-၁-၂၀၂၂ရက်အထိ (ရုံးချိန်အတွင်း) |
| (ဃ) | **တင်ဒါပုံစံရောင်းချရန် ပိတ်မည့်ရက်/အချိန်** | - ၁၄-၁-၂၀၂၂ရက်၊ ညနေ ၄နာရီ |
| (င) | **တင်ဒါ တင်သွင်းရမည့်နေရာ စာရင်းပေးသွင်းရမည့်နေရာ တင်ဒါပုံစံရောင်းချမည့်နေရာ တင်ဒါစည်းကမ်းချက်များ ရှင်းလင်းမည့်နေရာ** | - စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ စီမံရေးရာဌာနခွဲ၊ အမှတ်(၂၂၈/၂၄၀)၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့ |
| (စ) | **တင်ဒါယှဉ်ပြိုင်ရမည့်ရက်/အချိန်** | - ၂၀-၁-၂၀၂၂ရက်၊ ၁၃:၀၀နာရီ |
| (ဆ) | **တင်ဒါ စည်းကမ်းချက်များ ရှင်းလင်းမည့်ရက်၊ အချိန်** | - ၂၀-၁-၂၀၂၂ရက် နံနက် ၁၁ နာရီ |
| (ဇ) | **Deposit ပေးသွင်းနိုင်သည့်** | - တင်ဒါစည်းကမ်း သတ်မှတ်ချက်ပုံစံတွင် ဖော်ပြထားပြီးဖြစ်ပါသည်။ |

၂။ စားသုံးသူရေးရာဦးစီးဌာနမှ ငှားရမ်းမည့် သိုလှောင်ရုံများနှင့် အဆောက်အအုံတို့၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေး စိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင် ဖြစ်စေ၊ ဖုန်း-၀၁-၂၅၀၄၃၂ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးကိုဥပဒေ အမိန့်-၅၊
## နည်းဥပဒေ-၂၀
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၁ခုနှစ် တရားမကြီးမှုအမှတ်-၄၄

ဗိုလ်ကြီးကောင်းထက်ခိုင် **တရားလို** နှင့် ဒေါ်သင်းသန့်သန့်စိုး **တရားပြိုင်**

မိတ္ထီလာမြို့နယ်၊ ပေါက်ချောင်းကွက်သစ်ရပ်၊ (၁)လမ်းနေ တရားပြိုင် ဒေါ်သင်းသန့်သန့်စိုး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဗိုလ်ကြီးကောင်းထက်ခိုင်က လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဇန်နဝါရီ ၁၃ရက် (၁၃၈၃ခုနှစ် ပြာသိုလဆန်း ၁၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်း အထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇော်ဝင်းနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့၊ (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်နှင့်အမည် (၄/ရေတာရှည်ဈေးကွက်)၊ ဦးပိုင်အမှတ်(၅၀/ဃ)၊ မြေဧရိယာ ၀ ဒသမ ၀၂၆ ဧကရှိ အမည်ပေါက်ဦးအောင်လှကျော်၊ အစ်မ ဒေါ်သန်းသန်းအေး ဘိုးဘပိုင်ခြံမြေကွက်နှင့် အဆောက်အဦအား ဦးလှသိန်း(ခ) WED HTEIN CHWINနှင့် ညီမ ဒေါ်ရွက်ဝါ(ခ)ဒေါ်မို့မို့ဝေတို့မှ မြေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အမည်ပြောင်းရန် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားမူရင်းနှင့်တကွ ဤကြေညာစာပါသည့်ရက်မှ (၃၀)ရက်အတွင်း တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အမည်ပြောင်းခြင်းကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ (၁-က)စာရင်း၌ ဦးလှသိန်း(ခ)WED HTEIN CHWINပါ (၂)အမည်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးကြူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၁၁/၂၀၀၄)**
**အမှတ်(၂၅၂)၊ (၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ ရေတာရှည်မြို့**
**ဖုန်း-၀၉-၄၄၉၉၉၉၀၄၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၂၀)၊ မြေကွက်အမှတ်(၄၉၇)၊ အကျယ်အဝန်း ပေ(၄၀x၇၀)ရှိ ဒေါ်သန်းဝင်း(PQU-056746) အမည်ပေါက်ပါမစ်အား အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မေသဇင် ၁၂/ဒဂရ(နိုင်)၀၁၁၀၃၇ ထံမှ ကျွန်ုပ်ဒေါ်ဝေနှင်းလွင် ၈/ခမန(နိုင်) ၁၃၅၁၉၈ က ပါမစ်မူရင်းစာရွက်စာတမ်းဖြင့်တည်ရှိနေသော ဤမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါ သည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝေနှင်းလွင် ၈/ခမန(နိုင်)၁၃၅၁၉၈**
**ဖုန်း-၀၉-၉၆၉၁၄၈၁၄၈၊ ၀၉-၇၇၇၁၉၉၉၉၂**

## အရွယ်မရောက်သေးသူများအတွက် အုပ်ထိန်းသူအဖြစ် ခန့်ထားရန်လျှောက်ထားကြောင်း
## အကြောင်းကြားစာ
## အုပ်ထိန်းသူနှင့် အုပ်ထိန်းခံရသူတို့အက်ဥပဒေပုဒ်မ-၁၁
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်
## ၂၀၂၁ခုနှစ် တရားမအထွေထွေမှုအမှတ်-၇၈

ဦးသန့်ဇင်ဦး လျှောက်ထားသူ
အမှတ်-၃၁၊ ပိတောက်ပင်လမ်း၊
ဈေးကြီးအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

အမှတ်-၈၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ မယွန်းနဒီသန့်အား အထက်ပါလိပ်စာတွင်နေထိုင်သော ဦးသန့်ဇင်ဦးက အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မယွန်းနဒီသန့်၏ဖခင်အရင်းတော်စပ်သူဖြစ်သည်ဟူ၍ ၎င်းမယွန်းနဒီသန့်၏ ကိုယ်ခန္ဓာတို့ကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိစေရန်အလို့ငှာ ဤကြော်ငြာစာကိုထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၁ခုနှစ် ဒီဇင်ဘာ ၃၀ရက်၊ (၁၃၈၃ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက်)တွင် ဆိုင်ဆိုရန်ချိန်းဆိုလိုက်သည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စိုးလင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၁၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၃)၊ မြေကွက်အမှတ်(၆၂၇)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဦးမောင်မောင်ကြည် ၁၂/ရကန(နိုင်) ၀၁၁၂၁၀ အမည်ပေါက်ပါမစ်အား အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သီတာဝင်း ၁၂/ဥကမ(နိုင်)၁၇၀၈၀၅ထံမှ ကျွန်ုပ်ဦးကိုကိုလတ် ၇/ညလပ(နိုင်)၁၄၂၀၄၆က ပါမစ်မူရင်းစာရွက်စာတမ်းဖြင့် တည်ရှိနေသော ဤမြေကွက်အား ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကိုကိုလတ် ၇/ညလပ(နိုင်)၁၄၂၀၄၆**
**ဖုန်း-၀၉-၂၆၂၇၃၁၉၇၊ ၀၉-၇၇၇၁၉၉၉၂**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့၊ အမှတ်(၇)၊ ကျွဲလည်ပင်းရပ်ကွက်နေ ဒေါ်ခင်နွယ်ဦး၏သား မောင်ဖြိုးဝေဦးသည် မိခင်ဖြစ်သူ စိတ်ဆင်းရဲစေသော ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ခင်နွယ်ဦး**
**TZI-၁၁၆၁၇၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြည်မြို့နယ်၊ မော်ဇာအုပ်စု၊ ကျောင်းဆိုးကုန်းရွာနေ ဦးလှစန်း ၁၂/စခန(နိုင်)၀၁၅၁၆၉- ဒေါ်သန်းသန်းစိုး ၇/လပတ(နိုင်)၀၃၇၅၈၅ တို့၏သား မောင်နဒီယံ ၇/ပမန(နိုင်)၁၉၆၆၇၆ သည် မိဘစကားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးလှစန်း-ဒေါ်သန်းသန်းစိုး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/6667 Toyota Harrier ACU30, Station Wagon(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဖြိုးဟန် ၉/ခအဇ(ပြု)၀၀၀၃၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/3663 Daihatsu Hijet (S200P), Pick up(4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ထွန်း ၁၄/ပတန(နိုင်)၂၅၆၆၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/9646 Honda Acty, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းဦး ၉/ပသက(နိုင်)၀၈၉၄၁၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/09553 Honda PCX 150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုမေလင်း ၁၄/ပသန(နိုင်)၃၄၁၅၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး၊ပုသိမ်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၃)၊ ဦးပိုင်အမှတ်(၁၀)၊ လမ်း၆၀x၆၁လမ်းကြား၊ သာယာဝတီလမ်းနှင့်ပျူစောထီးလမ်းကြားရှိ ဒေါ်စိုးစိုး အမည်ပေါက်တောဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်စိုးစိုး (အပျိုကြီးဘဝ)(ညီမ)ဖြစ်သူ ဒေါ်အောင်မေစီတို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သော (မတ်တော်စပ်သူ/ခင်ပွန်း)ဖြစ်သူ ဦးမြင့်ဇော် ၉/မနတ(နိုင်)၀၇၃၇၄၇ ကတောဂရန်၊ သေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ရွာကြီး(အထက-ခွဲ)ကျောင်း ဒသမတန်းတွင် ပညာသင်ကြားနေသော မောင်ကောင်းထက်၏ ဖခင်အမည်မှန်မှာ ဦးတင်ကိုကို ၁၃/တကန(နိုင်)၂၀၃၇၈၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပြည်မြို့နယ်၊ အ.ထ.က မြောက်ခွေးရဲကျောင်း၊ ဒသမတန်းမှ မပန်းအိ၏ ဖခင် ဦးသန်း၏ အမည်မှန်မှာ ဦးမောင်သန်း ၇/ပမန(နိုင်)၁၂၆၁၂၄ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/7310 ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/1881 ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာရှိ DYEC ကိုယ်ပိုင်အထက်တန်းကျောင်းရှိ Grade-10(A)တွင် ပညာသင်ကြားနေသော မောင်ဇာနည်ထက်မင်း၏ ဖခင်အမည်မှန်မှာ ဦးသီဟကျော်(ခ)ဦးသန်းထက်ဦး ၉/တကန(နိုင်)၁၀၄၀၅၅ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3M/8241 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်5M/6809 Mitsubishi Canter Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူဒေါ်သက်သက်ဝေ ၈/မကန(နိုင်)၀၂၄၃၅၄က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်1E/7818 Toyota Liteace cm-85 P/U(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးနောင်နောင်ဝင်း ၉/အမဇ(နိုင်)၀၄၃၆၆၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## တစ်ဦးတည်းဖြစ်ကြောင်း

တမူးမြို့၊ အမက မြို့မ(၁၂/ခ) မူလတန်းကျောင်းအုပ် ဦးအောင်လွင်ထွန်းနှင့်ဦးကပ်ကီးမာ ၅/တမန(နိုင်)၀၁၄၆၀၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**သွေးသည် အသက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အခြေခံဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၃)ထပ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ဝယ်ယူနိုင်သည့်ရက်** - ၇-၁၂-၂၀၂၁ရက်မှ ၆-၁-၂၀၂၂ရက် ညနေ ၄:၃၀နာရီထိ

(ခ) **တင်ဒါစိစစ်ရွေးချယ်မည့် ရက်နှင့်အချိန်** - ၇-၁-၂၀၂၂ရက် (သောကြာနေ့) နံနက် ၁၀ နာရီ

(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - တွံတေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို တွံတေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ တွံတေးမြို့၊ ဖုန်း-၀၉-၄၃၀၃၆၆၇၇ သို့ ၇-၁၂-၂၀၂၁ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

### အများသိစေရန်ကြေညာချက်

၁။ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(လေးဒေါင့်ကန်)၊ မြေကွက်အမှတ်(၆၅၃/အေ) အမှတ်(၂၀၀)တွင် ၂ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦဆောက်လုပ်ရန် မြေရှင်ဒေါ်နီဝင်း၊ဒေါ်တင်တင်ညို၊ လိုင်စင်ရကန်ထရိုက်တာဒေါ်ငွေငွေရီ (LC-683) မှတ်ပုံတင်လက်မှတ်ရအင်ဂျင်နီယာ ဒေါ်စန်းစန်းတင့် (RSE-1635)တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့မှ (၁၃-၂-၂၀၂၀) ရက်စွဲပါ စာအမှတ်၊ ၆၆၂/၆၆၃/စည်ပင်-ယာ(အုံ) ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ ၂ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦအား ဆောက်လုပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန် မြေရှင်နှင့်လိုင်စင်ရကန်ထရိုက်တာတို့မှ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ တင်ပြလျှောက်ထားလာ၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက် အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်ကုန်း၊ ရန်ကြီးအောင်လမ်း၊ အမှတ် (၂၁)၊ ပန်းဝေသီခြံနေ ဦးထွန်းမောင် [၆/မအရ (နိုင်) ၀၃၅၄၆၁] နှင့် ဒေါ်ဆွေဆွေမုန်း [၆/မအရ (နိုင်) ၀၃၅၄၃၇] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးထွန်းမောင်နှင့် ဒေါ်ဆွေဆွေမုန်းတို့၏သမီးဖြစ်သူ မပိုးချယ်ရီထွန်း [၁၂/အစန (နိုင်) ၂၁၈၅၂၆] သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အိသိမ့်သိမ့်ကျော် (LL.B) (Q)
အထက်တန်းရှေ့နေ (စဉ်-၄၉၅၁၄)
အမှတ် (၁၈၄)၊ ၁/ရ (၄) လမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊
လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၇၈၉၄၀၄၉၉၅

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် (၁၉)၊ ခရေလမ်း၊ မြေတိုင်းရပ်ကွက် အမှတ် (၁၉/က)၊ မြေကွက်အမှတ် ၂၀၁(ခ)၊ မြေအကျယ် ပေ (၂၀x၆၀)ရှိ ဦးအောင်ငြိမ်းအမည်ဖြင့် ချထားပေးသော မြေကွက်နှင့်ဆက် နွယ်နေသည့်အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည်ဟု ဝန်ခံကတိပြုသူ ဒေါ်နိုင်နိုင်အေး ၇/တငန(နိုင်)၁၆၈၆၂၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ကြည်ပြာစိုး ၁၂/ဥကတ(နိုင်)၁၆၈၉၈၀၀က အပြီးအပိုင် ဝယ်ယူရန် သဘောတူညီ၍ စရန်ငွေပေးချေပြီးဖြစ်ပါသည်။

ထိုအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မူရင်းအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းအိဇာ LL.B.,D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၂၇)**
**အခန်း ၄၀၄၊ တိုက် ၂၃၊ အင်းဝအိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၁၅၁၂၀၈၀**

### အမွေပြတ်စွန့်လွှတ်ခြင်း

လယ်ဝေးမြို့နယ်၊ ကန်သာအုပ်စု၊ တံတားဦးရွာနေ ဒေါ်မြသိန်း၏မြေး မောင်သော်ဇင်ဦး(ခ)ဖိုးသား ၉/လဝန(နိုင်)၂၂၀၇၈၈ သည် အုပ်ထိန်းသူ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသောကြောင့် ယနေ့မှစ၍ မြေးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့် ပတ်သက်သော ကိစ္စများကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မြသိန်း ၉/လဝန(နိုင်)၀၉၉၃၉၇**

**ဖခင်အမည်မှန်**

ပျဉ်းမနားမြို့၊ သနပ်ပင်ဆိပ်အရှေ့ကျေးရွာနေ ဒသမတန်းမှ မငြိမ်းချမ်းဝေ၏ ဖခင်အမည်မှန်မှာ ဦးစိုးစိုးဝင်း ၅/ကသန(နိုင်)၀၀၁၁၇၉ ဖြစ်ပါကြောင်း။ **ဦးစိုးစိုးဝင်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၁-၂၀၂၂ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အခြေခံဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၃)ထပ် အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်-

(က) **တင်ဒါလျှောက်လွှာဝယ်ယူနိုင်သည့်ရက်** - ၈-၁၂-၂၀၂၁ရက်မှ ၇-၁-၂၀၂၂ရက် ညနေ ၄:၃၀နာရီထိ

(ခ) **တင်ဒါစိစစ်ရွေးချယ်မည့်ရက်နှင့်အချိန်** - ၈-၁-၂၀၂၂ရက် (စနေနေ့) နံနက် ၁၀နာရီ

(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အစည်းအဝေးခန်းမ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကွမ်းခြံကုန်းမြို့

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ ကွမ်းခြံကုန်းမြို့၊ ဖုန်း- ၀၉-၉၇၁၅၅၂၉၆၃၊ ၀၉-၇၆၆၉၉၅၉၉၆၊ ၀၉-၂၀၁၄၉၆၀တို့သို့ ၈-၁၂-၂၀၂၁ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
### ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၃၆

ဒေါ်အေးမြဖြူ **နှင့်** ဦးစိုင်းအေးချို
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ (၇)လမ်း၊ အမှတ် (၃၃၇)၊ ပထမထပ် (ခေါင်း ရင်းခန်း)နေ တရားပြိုင် ဦးစိုင်းအေးချို (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၈ရက် (၁၃၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မျိုးအေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး**

### ငြင်းချက်ထုတ်ရန် သမ္မန်စာ
### (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
### မော်လမြိုင်ခရိုင် တရားမရုံးတော်၌
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၁၆၅

| | | |
|---|---|---|
| ၁။ ဦးထင်အောင် | **နှင့်** | ၁။ ဒေါ်မြင့်မြင့်ခင် |
| ၂။ ဒေါ်မိုးမိုးအေး | | ၂။ ဦးမောင်ငွေ |
| ၃။ ဦးထင်ကျော် | | ၃။ ဦးအေးမင်းဝင်း |
| ၄။ ဒေါ်သင်းသင်းအေး(ကိုယ်တိုင်နှင့် | | ၄။ ဦးမျိုးဇော် |
| ၁၊ ၂၊ ၃ တရားလိုများ၏ အခွင့်ရ ကိုယ်စားလှယ်) | | ၅။ ဒေါ်ထားထားဝင်း |
| | | ၆။ ဦးဖေမောင်သန်း |
| **တရားလိုများ** | | **တရားပြိုင်များ** |

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ခြံကြီးမွန်စုလမ်းရပ်နေ ဦးအေးမင်းဝင်း ၁၀/မလမ(နိုင်)၁၇၆၂၇၇ (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၈ အရ တရားလိုပိုင်မြေတွင် ကျူးကျော်ဆောက်လုပ်နေထိုင်သူများအား ဖျက်သိမ်း၊ ဖယ်ရှားထွက်ခွာပေးစေပြီး မြေကိုလက်ရောက်ရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို၊ ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေ နှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလ ၁၄ရက် (၁၃၈၃ခုနှစ် ပြာသိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်၊ သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ခုနှစ် ဒီဇင်ဘာ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောဖြူဖြူလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မော်လမြိုင်ခရိုင်တရားရုံး**

## အများသိစေရန်ကြော်ငြာခြင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ တရနာကျေးရွာ၊ ဓမ္မစက်ကျောင်းလမ်းနေ ဒေါ်ခင်ပြည့်ဝန်းဦး(ဘ)ဦးတင်ဦး ၁၀/ကမရ(နိုင်)၁၂၂၇၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ဦးနာအောက်လမ်း၊ တိုက်ခန်းအမှတ်(B-၅)၊ မျက်နှာ၁၀(၁၈)ပေ၊ အရှည်(၃၆)ပေ မြေပေါ်ရှိ လူနေဆိုင်ခန်းနှစ်ထပ်တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်လျက်ရှိသော ဦးကျော်မြင့်(ဘ) ဦးကျော်အောင် ၁၀/မလမ(နိုင်)၁၈၄၅၁၁ထံမှ (၁၃-၁၂-၂၀၂၁)ရက်တွင် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| လွှဲအပ်သူ | လွှဲအပ်ချက်အရ- | |
|---|---|---|
| ဒေါ်ခင်ပြည့်ဝန်းဦး | ဒေါ်သီတာအေး(LL.B) | ဒေါ်နှင်းဝတ်ရည်ဦး(LL.B) |
| ၁၀/ကမရ(နိုင်)၁၂၂၇၃၄ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| | (စဉ်-၁၂၄၇၂)(၂၇-၄-၂၀၁၇) | (စဉ်-၅၀၇၅၀)(၂၆-၃-၂၀၁၉) |
| | တိုက်ခန်းအမှတ်(B/13)၊ | အမှတ်(၂)၊ အထက်လမ်းမကြီး၊ |
| | ဦးနာအောက်လမ်း၊ | ရွှေတောင်ရပ်၊ |
| | မြိုင်သာယာရပ်၊ | မော်လမြိုင်မြို့။ |
| | မော်လမြိုင်မြို့။ | |

## အများသိစေရန်ကြော်ငြာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ တောင်ဝိုင်းရပ်၊ အလက ကျောင်းလမ်း၊ အိမ်အမှတ်(၂၂)နေ ဦးသန်း(ဘ)ဦးအောင်ညွှန့် ၁၀/ကမရ(နိုင်)၀၃၉၂၇၆နှင့် ဒေါ်မဲ(ဘ) ဦးမောင်နဲ ၁၀/သဖရ(နိုင်)၁၅၈၀၂၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မော်လမြိုင်မြို့၊ ဈေးကြိုရပ်၊ အကွက်အမှတ်(၉၃)၊ ဦးပိုင်အမှတ်(၅၄/ဃ/၁)၊ မြေချိန်ဧရိယာ(၀ဒသမ၀၃၈)ဧက၊ ဘိုးဘွားပိုင်မြေ အမည်ပေါက်လျက်ရှိသော ဒေါ်ညိုညိုဝင်းထံ (၂၆-၄-၂၀၂၁)ရက်တွင် မော်လမြိုင်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် ၇၂/၂၀၂၁ဖြင့် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူတရားဝင်ပိုင်ဆိုင်ခဲ့ပါသည်။ ယင်းအိမ်ရာမြေကွက်အား ဒေါ်ညိုညိုဝင်းအမည်မှ ကျွန်ုပ်မိတ်ဆွေအမည်သို့ ပြောင်းလဲပေးပါရန် သက်ဆိုင်ရာရုံးဌာနတွင် လျှောက်ထားမည်ဖြစ်၍ ယင်းလျှောက်ထားမှုအား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသော်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေထံသော်လည်းကောင်း၊ ရုံးဌာနအသီးသီး သော်လည်းကောင်း ကြေညာသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မှုမရှိပါက သက်ဆိုင်ရာရုံး ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အမည်ပြောင်းလျှောက်ထားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်သူများ | လွှဲအပ်ချက်အရ- | |
|---|---|---|
| ဦးသန်း | ဒေါ်သီတာအေး(LL.B) | ဒေါ်နှင်းဝတ်ရည်ဦး(LL.B) |
| ၁၀/ကမရ(နိုင်)၀၃၉၂၇၆ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| ဒေါ်မဲ | (စဉ်-၁၂၄၇၂)(၂၇-၄-၂၀၁၇) | (စဉ်-၅၀၇၅၀)(၂၆-၃-၂၀၁၉) |
| ၁၀/သဖရ(နိုင်)၁၅၈၀၂၇ | တိုက်ခန်းအမှတ်(B/13)၊ | အမှတ်(၂)၊ |
| | ဦးနာအောက်လမ်း၊ | အထက်လမ်းမကြီး၊ |
| | မြိုင်သာယာရပ်၊ | ရွှေတောင်ရပ်၊ |
| | မော်လမြိုင်မြို့။ ` | မော်လမြိုင်မြို့။ |

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာတိုးချဲ့ရပ်ကွက်၊ ကွင်းအမှတ် (၅၉၈/က)၊ ဦးပိုင်အမှတ် (က/၆၂)၊ ဧရိယာ ၀ဒသမ၁၃၇ဧကရှိ မြေကို ဒေါ်မြင့်မြင့်ဝင်းအမည်ဖြင့် ထုတ်ထားပေးသော မြေငှားဂရန်ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန် ပြန်လည်ထုတ်ယူခွင့်ပြုပါရန် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ မြေခွန်ပြေစာမိတ္တူများ၊ ကာယကံရှင်၏ထွက်ဆို ချက်နှင့်အတူ တင်ပြလျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် GG/2428, SUZUKI ALTO HA25V H/B ယာဉ်လက်ဝယ်ရှိသူ ဦးလင်းလင်းထွန်း ၁၂/ရပသ(နိုင်)၁၀၈၄၈၅ က(ကမ-၃)ပျောက် ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး**
**(ဘားအံမြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/9368, Toyota ProboxNcP50(S/W) ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာထွေး ၁၂/သကတ(နိုင်)၀၉၈၈၀၇၄ က(ကမ-၃)ပျောက် ဆုံး၍မိတ္တူထုတ် ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

### ဖခင်အမည်မှန်

အထက(၁)စစ်တွေ၊ Grade (10)တွင် ပညာသင်ကြားနေသော မခင်လွင်ဝေ၏ဖခင် ဦးခင်အောင်ငွေး၏ အမည်မှန်မှာ ဦးငွေးအောင် ၁၁/စတန(နိုင်)၀၅၉၇၈၇ ဖြစ်ပါကြောင်း။

**ဦးငွေးအောင်**

### ဖခင်အမည်မှန်

စစ်တွေမြို့၊ အထက သင်ပုန်းတန်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်မြတ်သူရအောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းချေသာ ဖြစ်ပါကြောင်း။

**ဦးထွန်းချေသာ**

### ဖခင်အမည်မှန်

စစ်တွေမြို့၊ အထက သင်ပုန်းတန်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်နေဇော်ထွန်း၏ဖခင်အမည်မှန်မှာ ဦးသိန်းထွန်း ၁၁/စတန(နိုင်)၀၁၃၃၄၉ ဖြစ်ပါကြောင်း။

**ဦးသိန်းထွန်း**

### ဖခင်အမည်မှန်

ပုဏ္ဏားကျွန်းမြို့နယ်၊ အထက(ခွဲ) အောင်ဆိပ်ကျေးရွာနေ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြား နေသော မောင်အောင်မြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမောင်တင်အောင် ၁၁/ပဏတ(နိုင်)၀၂၀၄၃၁ ဖြစ်ပါကြောင်း။

**ဦးမောင်တင်အောင်**

### ပျောက်ဆုံးကြောင်း

ကျွန်မ မ မရောမိုင်းရာ ၁/မစန(နိုင်)၀၂၉၃၇၉၏ ပိတ်စိပ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၉၈၅၇၄၀၀**

### အမည်ပြောင်း

ဦးလွမ်းဟောင်း ၁/မကန(နိုင်)၁၀၄၁၄၂၏သား ဖားကန့်မြို့နယ်၊ အထက (ဆယ်ဇင်း) Grade-7မှ မောင်ကောင်းခန့်ကျော်အား မောင်ဆွမ်းလွတ်ဟောင်းခေါင်ဟု ပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၄) ဒသမတန်း(A1)မှ မောင်ဆိုင်းဆာလွှင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းကျော်ဟန် ၁၃/ကမန(နိုင်)၀၈၆၅၈၈ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီး ရပ်ကွက်၊ နယ်မြေ(၂)၊ အမှတ်(၆၉)နေ မဖူးပွင့်ဇော် ၁/မကန(နိုင်)၂၀၄၃၅၅၏ ဖခင်အမည်မှန်မှာဦးအောင်ဇော်ဝင်း ၁/မကန(နိုင်)၀၉၉၃၉၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၄) ဒသမတန်း(ဘောဂတွဲ)မှ မသဥ္ဇာအောင် ၁/မကန(နိုင်)၂၆၅၀၆၈ ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဝင်း ၁/မကန(နိုင်)၀၉၉၃၉၂ ဖြစ်ပါသည်။

### အမည်ပြောင်း

တောင်ကုတ်မြို့၊ အထက (၄) ဂူတာ တတိယတန်း (A)မှ (ဘ)ဦးအောင်ကျော်လင်း ၁၁/တကန(နိုင်)၀၅၈၄၅၂၏သမီး မထက်မြတ်မြတ်လင်းအား မဖုန်းမြတ်နွယ်ဟု ပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်

မောင်တောမြို့၊ မြို့မအရှေ့ရပ်ကွက်နေ အလကခွဲ(၁) အဌမတန်းတွင် ပညာသင်ယူနေသော မသန်းသန်းစိုး၏ဖခင်အမည်မှန်မှာ ဦးဗိုလ်သန်း ၁၁/မတန(နိုင်)၀၁၃၆၇၃ ဖြစ်ပါကြောင်း။

**ဦးဗိုလ်သန်း**

### အမည်ပြောင်း

ဘူးသီးတောင်မြို့၊ အမှတ် (၆) ရပ်ကွက်နေ ဦးဇော်ဝင်းထွန်း-ဒေါ်ဝိုင်းမချေ၏သမီး မခိုင်မြတ်နိုးသူအား မချစ်အိသွယ်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မချစ်အိသွယ်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5I/9374, Nissan Atlas AHR 69 Light Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းကျော်လှ ၁၃/မဆတ(နိုင်)၀၀၁၅၉၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)၊ မူဆယ်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၃၄၁၄၀ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးလတ် ၆/ထဝန(နိုင်)၁၁၃၁၄၂ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၃၃ယ/၇၅၂၆၄ Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးညဏ်သိန်း ၆/လလန(နိုင်)၀၅၇၅၉၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက် မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

### ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(ပနို) သတ္တမတန်းမှ မောင်လင်းထက်နိုင် ပထမတန်းမှ မသူသူလွင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးအောင်လွင် ၆/မအရ(နိုင်)၁၀၃၂၀၆ ဖြစ်ပါကြောင်း။ **ဦးအောင်လွင်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျန်းမာရေး ဝန်ထမ်းများအား အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေခြင်းအပေါ် ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူလူထုအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ခြင်းလုပ်ငန်းတစ်ရပ်အနေဖြင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကို မြို့ပေါ်ဒေသများတွင်သာမက ဝေးလံခက်ခဲသော ကျေးလက်များအထိ သွားရောက်ကာ ကာကွယ်ဆေးလွှမ်းခြုံမှု မြင့်မားစေပြီး ရောဂါဖြစ်ပွားမှုအား တားဆီးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးဝန်ထမ်းများသည် ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်စေရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်/ မြို့နယ်/ ကျေးရွာအထိ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၏ ပံ့ပိုးမှုဖြင့် (၁၄-၁၂-၂၀၂၁) ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ဦးဆောင်ပြီး ကွတ်ခိုင်မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ ဒေါက်တာဝင့်ဝင့်မြိုင်နှင့် သားဖွားဆရာမ (၃)ဦး၊ ယာဉ်မောင်း (၁) ဦးပါဝင်သော အဖွဲ့သည် ကွတ်ခိုင်မြို့နယ်၊ မုံးစီးကျေးရွာသို့ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် သွားရောက်ခဲ့ပါသည်။

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ကွတ်ခိုင်မြို့သို့ပြန်လာရာလမ်းတွင် အကြမ်းဖက်သမားများမှ ယုတ်မာရိုင်းစိုင်းစွာ လက်နက်များဖြင့် ပစ်ခတ်လုပ်ကြံမှုကြောင့် (၁၄-၁၂-၂၀၂၁) ရက်နေ့၊ ည ၇ နာရီခန့်တွင် ဒေါက်တာဝင့်ဝင့်မြိုင်သည် အသက်သေဆုံးခဲ့ရပါသည်။ *စာမျက်နှာ ၁၈ ကော်လံ ၁* ✪

## ကွတ်ခိုင်မြို့နယ် မုံးစီးကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးလိုက်လံထိုးနှံပေးပြီး ပြန်လည်ထွက်ခွာလာသည့် ကွတ်ခိုင်ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်ကြီးအား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က အကြောင်းမဲ့ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၁၅**

ကွတ်ခိုင်ပြည်သူ့ဆေးရုံမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ဝင့်ဝင့်မြိုင် ၅၀ နှစ် (ဘ) ဦးမောင်မောင်အား လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့တစ်ဖွဲ့က သေနတ်ဖြင့် အကြောင်းမဲ့ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ် ဒီဇင်ဘာ ၁၄ ရက် ညဦးပိုင်း၌ ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကွတ်ခိုင်မြို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစီး၅ ဦးနှင့် မြို့နယ်ဆရာဝန်ကြီးဒေါက်တာဒေါ်ဝင့်ဝင့်မြိုင် ဦးစီး ၅ ဦးတို့သည် ကွတ်ခိုင်မြို့နယ် မုံးစီးကျေးရွာ၌ ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီမှ စတင်၍ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ညနေ ၆ နာရီခန့်တွင် မော်တော်ယာဉ်နှစ်စီးဖြင့် ပြန်လည်ထွက်ခွာလာရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစီးအဖွဲ့သည် တာမိုးညဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ကာကွယ်ဆေးထိုးနှံမှုမှတ်တမ်း ခေတ္တဝင်ရောက်ယူနေစဉ် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်ဝင့်ဝင့်မြိုင်နှင့် ၅ ဦးပါအဖွဲ့သည် ကွတ်ခိုင်မြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။

ထိုသို့ ထွက်ခွာလာခဲ့စဉ် ည ၇ နာရီ ၁၅ မိနစ်ခန့် မော်ဟန်နှင့် နောင်ချိုကျေးရွာဟောင်းအကြား ရောက်ရှိစဉ် *စာမျက်နှာ ၁၂ ကော်လံ ၁* ❖



## ပဲခူး-ရန်ကုန် ခရီးစဉ်အား ကားသစ်ကြီးများဖြင့် ယာဉ်လိုင်းအသစ် စတင်ပြေးဆွဲ

**ပဲခူး ဒီဇင်ဘာ ၁၅**

Myanmar Trade Center ကုမ္ပဏီမှ DAEWOO ကားသစ်ကြီးများဖြင့် ပဲခူး-ရန်ကုန်၊ ရန်ကုန်-ပဲခူးခရီးစဉ်ကို ဒီဇင်ဘာ ၁၅ ရက်မှစတင်၍ ယာဉ်လိုင်းသစ် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ ယာဉ်လိုင်းသည် ပဲခူးမြို့ ကျွန်းသာယာအဝေးပြေးယာဉ်ရပ်နားဝင်းမှ ရန်ကုန်မြို့သို့ ပြည်လမ်းတစ်လျှောက် စော်ဘွားကြီးကုန်း ဒဂုံရောအဝေးပြေးယာဉ်ရပ်နားဝင်းအထိ *စာမျက်နှာ ၁၁ ကော်လံ ၁* ❄

## အိမ်ကွင်းမှာ လိဒ်စ်ကို အနိုင်ယူပြီး ယခုနှစ်ရာသီ ဂိုးအပြတ်ဆုံးနိုင်ပွဲ ဖော်ဆောင်နိုင်ခဲ့သည့် မန်စီးတီး

ပရီမီယာလိဂ်ပွဲစဉ် (၁၇) မှ ကြားပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် လိဒ်စ်အသင်းတို့ပွဲစဉ်ကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက အီတီဟက်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မန်စီးတီးအသင်းသည် ယခုအနိုင်ပွဲကြောင့် ပွဲစဉ် (၁၇) အပြီး ရမှတ် ၄၁ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။

*စာမျက်နှာ ၁၂ ကော်လံ ၅* ✳




မန်စီးတီးအသင်းနှင့် လိဒ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

### ယနေ့ သ တင်း အ ညွှန်း

**ဖလမ်းမြို့ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ ဒဏ်ရာရရှိခဲ့သူ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းဝင်း ကလေးမြို့ပြည်သူ့ဆေးရုံသို့ လွှဲပြောင်းစဉ် ယာဉ်ကိုပစ်ခတ်တားဆီးကာ ဦးစီးအရာရှိအား ဖမ်းဆီးခေါ်ဆောင်**

ပြည်တွင်းသတင်း စာ - ၁၃

**ဒီဇင်ဘာ ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂၉ ဦးတွေ့ရှိ**

ပြည်တွင်းသတင်း စာ - ၁၅